ရှေးဟောင်းမြင့်မြတ်ခန္ဓာမှစတင်၍
(ကျွင်းရှောင်ယောက်)

မူရင်း စာရေးသူ ; God j

ဘာသာပြန် ; နိုင်လင်းအောင်

အခန်း ( ၂၅၆ ) နှစ်ဖွဲ့ကြားမှ ထိပ်တိုက်ရင်ဆိုင်မှု၊ ကျွင်းရှောင်ယောက် ရောက်ရှိလာခြင်း၊ လူတစ်ဦးက မကျေနပ်မှုအားလုံးကို ဖြိုခွင်းနိုင်သည်။

ဤအတန်ငယ်ရင်းနှီးသော အသံကိုကြားတော့ ရှောင်မိုရှန်းက ရပ်သွားကာ လှည့်ကြည့်လိုက်သည်။

ရောက်လာသူက ကျိချင်းရီနှင့် လီတောက်ရွယ်သာ ဖြစ်ချေသည်။

ခဏကြာတော့ လေထုက အနည်းငယ်

အေးခဲသွားသည်။

အစွန်းနှစ်ဖက်တွင်… တစ်ဖက်က
လူသားအင်မော်တယ်ဂိုဏ်းမှ သူတော်စင်နှင့်
အသန်မာဆုံး ကောင်းကင်သားတော် ဖြစ်သည်။

တစ်ဖက်တွင်ကား နတ်ဆိုးအင်မော်တယ်ဂိုဏ်းမှ
သူတော်စင်နှင့် ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏
ရှေးဟောင်းလူထူးဆန်းပင် ဖြစ်ချေသည်။

ဤအခိုက်တွင် ပတ်ဝန်းကျင်မှ လေထုသည်ပင်
ပြောင်းလဲသွားပုံရသည်။

ဤနေရာကိုရောက်လာသည့်
တခြားပါရမီရှင်များလည်း မလှုပ်ရှားဝံ့တော့ပေ။

အကယ်၍ လူစွမ်းကောင်းဝိညာဉ်ယာဇ်ပလ္လင်ကို
တက်လှမ်းလိုပါက ကျိချင်းရီ၊ ရှောင်မိုရှန်းနှင့်
အခြားသူ ရှစ်ဆယ်ရာခိုင်နှုန်းခန့်၏
ပစ်မှတ်ထားခံရမည် ဖြစ်သည်။

ထို့ကြောင့် လူစွမ်းကောင်းဝိညာဉ်ယာဇ်ပလ္လင်၏
ပတ်ဝန်းကျင်မှာ ထူးဆန်းစွာပင်
တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

ထိုအခြေအနေမျိုးတွင် ရှောင်မိုရှန်းက တိတ်ဆိတ်မှုကို
ပထမဆုံးချိုးဖျက်လာသည်။

သူမက အပြစ်ကင်းစင်ဟန်ဖြင့် ချစ်စဖွယ်ပြုံးကာ
ပြောလိုက်သည်။

"ဒီတော့ အမချင်းရီကလည်း လိုက်လာတာပဲပေါ့"

"ကောင်းကင်နဲ့မြေပြင်မှာ ကံကောင်းခြင်းတွေနဲ့
ကြိုတင်သတ်မှတ်ထားသော ဆက်ဆံရေးရှိသူတွေပဲ
ဒါကို ရနိုင်ပါလိမ့်မယ်"

ကျိချင်းရီကတော့ ပုံမှန်အတိုင်း
ကျက်သရေရှိသောဟန်ပန်ဖြင့်ပင် ရှိသည်။

သူမ၏မျက်နှာကို ပုဝါဖြင့် ကွယ်ထားသော်လည်း
ထင်ပေါ်နေသော မျက်လုံးအစုံကတော့
ဝမ့်ချွမ်ကိုလှမ်းကြည့်ကာ လေးနက်မှုတို့
ဖြစ်ပေါ်လာသည်။

ဝမ့်ချွမ်၏ အရှိန်အဝါများက သူမကိုပင်
အနည်းငယ်ကြောက်သွားစေလေသည်။

ဝမ့်ချွမ်မှာ တံဆိပ်ကိုချိုးဖြတ်လာတာ

မကြာသေးသောကြောင့် မျက်မှောက်ခေတ်၏
လေထုနှင့် လိုက်လျောညီထွေမရှိဘဲ
အင်အားအပြည့်အဝ ပြန်မရသေးပေ။

မင်းသမီး လုံကျိုကဲ့သို့ပင် သူကိုယ်တိုင်လည်း
မျက်မှောက်ခေတ်၏လေထုနှင့်
အပြည့်အဝလိုက်လျောညီထွေဖြစ်အောင်
အချိန်အတိုင်းအတာတစ်ခုအထိ
လေ့ကျင့်ရန်လိုသည်။

သို့သော်လည်း ဝမ့်ချွမ်က အထွတ်အထိပ်ကို
မရောက်သေးလျှင်ပင် အစွမ်းထက်ဖိအားများက
ကျိချင်းရီကို စိတ်မသက်မသာ ဖြစ်နေစေသေးသည်။

"ဒါက..."

ကျိချင်းရီက ပြောလိုက်သည်။

"ဆမ်ဆာရာနတ်ဆိုးဂိုဏ်းက ဝမ့်ချွမ်"

ဝမ့်ချွမ်က လက်နှစ်ဖက်ကိုနောက်ပစ်ပြီး
ပြောလိုက်သည်။

"ဆမ်ဆာရာနတ်ဆိုးဂိုဏ်း..."

ကျိချင်းရီ၏ မျက်လုံးများက
ထူးဆန်းသောအရိပ်အမြွက်ကို လှစ်ဟလာသည်။

ဆမ်ဆာရာနတ်ဆိုးဂိုဏ်းကတော့
အချိန်မြစ်ကြီးထဲတွင် ကွယ်ပျောက်သွားတာ
ကြာမြင့်ခဲ့ချေပြီ။

သို့ရာတွင် ထိုအချိန်က ဝမ့်ချွမ်မှာ
အလွန်နာမည်ကြီးသည်။

နောက်ဆုံးတွင် ၎င်းက သူ့ခေတ်တွင် အတောက်ပဆုံးသော ပါရမီရှင်များထဲမှ တစ်ဦးဖြစ်ပြီး ဆမ်ဆာရာမြင့်မြတ်ခန္ဓာကို သယ်ဆောင်ထားခဲ့သည်။

ကျိချင်းရီ၏ နှလုံးသားထဲတွင် အနည်းငယ် လေးလံသွားသည်။

ရှောင်မိုရှန်းက ရှေးဟောင်းလူထူးဆန်းတစ်ဦးဖြင့် မဟာမိတ်ဖွဲ့ထားနိုင်မည် ထင်မထားခဲ့ပေ။

ဆန့်ကျင်ဘက်အနေဖြင့် လီတောက်ရွှယ်က အံ့သြဖွယ်ကောင်းသည့်ကံကောင်းခြင်းနှင့် ခွန်အားရှိလျှင်ပင် ဝမ့်ချွမ်နှင့်ယှဉ်လျှင်တော့ အနည်းငယ် အရွယ်ရောက်ရန် လိုသေးသည်။

ထိုအချိန်တွင် လီတောက်ရှယ်၏ မျက်လုံးများက ဝမ့်ချွမ်ထံသို့ ကျဆင်းလာသည်။

အကြောင်းမှာ ဝမ့်ချွမ်ထံမှ ကမ္ဘာ့မူလစွမ်းအားကို ခံစားလိုက်ရသောကြောင့်ပင် ဖြစ်သည်။

"မင်းမှာ ကမ္ဘာ့မူလ ရှိတာလား"

လီတောက်ရှယ်၏ မျက်လုံးများက

အရောင်လက်သွားသည်။

ဝမ့်ချွမ်ကလည်း လီတောက်ရှယ်ထံမှ ကမ္ဘာ့မူလကို ခံစားမိသောအခါ အနည်းငယ် မျက်ခုံးပင့်လိုက်၏။

ထို့ပြင် သူ့ထက် အရှိန်အဝါပိုကြီးသည်။

ယင်းက လီတောက်ရှယ်တွင် ကမ္ဘာ့မူလသုံးခု ရှိနေသော အဓိပ္ပာယ်ပင်။

ချက်ချင်းဆိုသလိုပင် သူတို့နှစ်ဦး၏ မျက်လုံးများမှ ထူးဆန်းသော အမူအရာများ ထွက်ပေါ်လာသည်။

နှစ်ယောက်စလုံးက တစ်ယောက်၏ ကမ္ဘာ့မူလကို တစ်ယောက် လိုချင်ကြပေသည်။

"ခစ်ခစ်ခစ်၊ အမချင်းရီ၊
ဒီလူစွမ်းကောင်းဝိညာဉ်ယာဇ်ပလ္လင်က
အရမ်းအန္တရာယ်များတယ်။ သတိမထားရင်
သေတောင် သေနိုင်တယ်လေ။ အမချင်းရီ
မတက်ပါနဲ့"

ရှောင်မိုရှန်းက ဖြူစင်သော အပြုံးဖြင့်

ပြောလိုက်သည်။

သူမသည် ကျိချင်းရီအတွက် တွေးပေးနေသည့်ပုံရ၏။

သို့သော်လည်း သူတကယ်ဆိုလိုသည်မှာ
ကျိချင်းရီအား
လူစွမ်းကောင်းဝိညာဉ်ယာဇ်ပလ္လင်ပေါ်သို့
မတက်စေလိုကြောင်း ထင်ရှားသည်။

လူသားအင်မော်တယ်ဂိုဏ်းနှင့်
နတ်ဆိုးအင်မော်တယ်ဂိုဏ်းကတော့ တစ်ဦးကိုတစ်ဦး
ဆန့်ကျင်နေကြပြီ။

သူမနှင့် ကျိချင်းရီကြားတွင် ပြိုင်ဆိုင်မှုများ ရှိသည်။

ထို့ကြောင့် ရှောင်မိုရှန်းဟာ ကျိချင်းရီ
ပိုသန်မာလာတာကို မမြင်လိုပါချေ။

"ညီမလေးမိုရှန်း၊ ဒါက ငါနင့်ကို ပြောချင်တဲ့အတိုင်းပဲ"
ကျိချင်းရီကလည်း သဘာဝအတိုင်း
နောက်ပြန်မဆုတ်နိုင်ပေ။

ကောင်းကင်နှင့်မြေပြင်ကြားတွင်
တိုက်ပွဲအငွေ့အသက်များ ဖြစ်လာပုံရသည်။

ထို့နောက် သူတို့လေးယောက်ဟာ တပြိုင်နက်တည်း
တိုက်ခိုက်လိုက်၏။

လီတောက်ရွှယ်၏ ပတ်ဝန်းကျင်တွင် ဖရိုဖရဲ
စွမ်းအင်များ ပေါက်ကွဲထွက်လာပြီး
လက်လှမ်းလိုက်ရုံဖြင့် ဟင်းလင်းပြင်က

ပြိုကွဲသွားရသည်။

ဝမ့်ချွမ်၏ခွန်အားကိုလည်း သူခံစားမိသည်၊
ထို့ကြောင့် ဤတစ်ကြိမ်တွင် သူက
ပေါ့လျော့မှုမရှိပေ။

ဤသည်က ရန်ချင်းယင်နှင့်တိုက်ပွဲမဟုတ်ပါ။

လီတောက်ရှယ်က အစွမ်းကုန်တိုက်ခိုက်သောအခါ
အလွန်ကြောက်စရာကောင်းသည်။

"ဘုရားရေ၊ ဒါက ဒဏ္ဍာရီလာ ဖရိုဖရဲခန္ဓာကိုယ်ပဲလား"
အနီးနားရှိ အခြားပါရမီရှင်များက
အော်ဟစ်လိုက်ကြသည်။

ဖရိုဖရဲခန္ဓာက အင်မော်တယ်နယ်မြေကြီး၌ပင် နှစ်တစ်ထောင်အတွင်း တစ်ကြိမ် မြင်ရခဲပေသည်။

ယင်းက အလွန် တုန်လှုပ်စရာကောင်းသည်။

"ဖရိုဖရဲခန္ဓာလား"

လီတောက်ရှယ်၏ တိုက်ခိုက်မှုကိုမြင်တော့ ဝမ့်ချွမ်၏မျက်နှာမှာလည်း အံ့အားသင့်မှုများ ဖြစ်ပေါ်လာသည်။

ဖရိုဖရဲချီက အမှန်ပင်ဖြစ်ပေသော်ငြား တစ်ခုခုမှားနေသည်ဟုလည်း သူခံစားရ၏။

သို့သော်လည်း ဝမ့်ချွမ်ဟာ သိပ်ပြီးမစဉ်းစားတော့ဘဲ တိုက်ခိုက်လိုက်တော့သည်။

လီတောက်ရှယ်က ဖရိုဖရဲခန္ဓာပိုင်ရှင်ဖြစ်လျှင်ပင်
သူကိုယ်တိုင်ကလည်း ဆမ်ဆာရာခန္ဓာနှင့်
ရှေးဟောင်းလူထူးဆန်း ဖြစ်သည်။

ဝမ့်ချွမ်ကလည်း ပြန်လည်ဝင်စားခြင်း စွမ်းအားကို
သယ်ဆောင်ထားသောလက်ဝါးရိုက်ချက်
ထုတ်ဖော်လိုက်သည်။

သူတို့နှစ်ယောက်တွင် တစ်ယောက်က
ဖရိုဖရဲစွမ်းအင်များ ထွက်ပေါ်နေပြီး
တစ်ယောက်ကတော့
ပြန်လည်ဝင်စားခြင်းစွမ်းအားများ ဖြာထွက်နေသည်။

၎င်းတို့က ထိပ်တိုက်တွေ့ကြသောအခါ
အဆုံးမဲ့လှိုင်းဂယက်များပင်

ဖြာထွက်လာခဲ့ရပေသည်။

ကျိချင်းရီနှင့် ရှောင်မိုရှန်းကလည်း
တိုက်ခိုက်လိုက်သည်။

ကျိချင်းရီက ကျောက်စိမ်းကဲ့သို့ လက်ဝါးတစ်ဖက်ကို
မြှောက်လိုက်သည်နှင့် နတ်ဘုရားစွမ်းရည်များ
ထွက်ပေါ်လာပြီး သူမ၏အနောက်မှာလည်း
နတ်အလင်းများ တောက်ပလာတော့သည်။

ရှောင်မိုရှန်းကတော့ စုန်းမလေးတစ်ဦးကဲ့သို့ပင်။

သူမ၏လက်ထဲတွင် နတ်ဆိုးအလင်းများ
ထွက်ပေါ်လာပြီး သတ္တဝါအားလုံးကို စွဲဆောင်သော
စုန်းမကဲ့သို့ အရှိန်အဝါများပင် ပြောင်းလဲသွားခဲ့သည်။

ယင်းက သူမ၏ ဖြူစင်လှပသော မျက်နှာနှင့်
ပေါင်းလိုက်သောအခါ တမူထူးသော ဆွဲဆောင်မှုများ
ဖြစ်လာခဲ့လေသည်။

နတ်ဆိုးအင်မော်တယ်တာအိုဂိုဏ်းတွင်
နတ်ဆိုးတာအိုကျမ်းများရှိသည်ဟု
ကောလာဟလများ ထွက်ပေါ်လျက် ရှိ၏။
ရှောင်မိုရှန်းကလည်း သဘာဝအတိုင်း ထူးခြားသော
နတ်ဆိုးစွမ်းရည်အမျိုးမျိုးကို အမွေဆက်ခံခဲ့ပေသည်။

သူတို့နှစ်ဦးက ကောင်းကင်တွင် ကနေသည့်
လိပ်ပြာလေးနှစ်ကောင်ကဲ့သို့
မျက်စိပသာဒဖြစ်လှသည်။

မိန်းကလေးနှစ်ယောက်နှင့် ယှဉ်ရင် လီတောက်ရွယ်နှင့်

ဝမ့်ချွမ်ကြားမှ တိုက်ပွဲကတော့ ပို၍ပြင်းထန်သည်။

လီတောက်ရွယ်က အဆုံးမဲ့ ဖရိုဖရဲစွမ်းအင်များ
ရစ်ပတ်ထားသော လက်သီးချက်ကို
ထုတ်ဖော်သည်နှင့် တောင်များကိုပင်
ဖြိုခွဲပစ်နိုင်သည်။

ဖရိုဖရဲချီက မိုးနှင့်မြေကြားရှိ အသန်မာဆုံး
စွမ်းအားများထဲမှ တစ်ခုဖြစ်ပြီး
အလွန်ကြောက်စရာကောင်းသည်။

သာမန်ပါရမီရှင်များဆိုလျှင် ဖရိုဖရဲချီဖြင့်
တိုက်ခိုက်ခြင်းခံရပါက တကိုယ်လုံး
တိုက်ရိုက်ပေါက်ကွဲသွားလိမ့်မည်။

ဝမ့်ချွမ်ကတော့ ကွဲပြားသည်။ သူက

ဆမ်ဆာရာမြင့်မြတ်ခန္ဓာကို ပိုင်ဆိုင်ထားပြီး
အဆုံးမဲ့စွမ်းအားတစ်မျိုးဖြစ်သည့်
ဆမ်ဆာရာစွမ်းအားကိုလည်း
ထိန်းချုပ်ထားနိုင်ပါသေးသည်။

သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုကလေထုကို
တုန်ခါစေသည်။

ထိုအချိန်တွင် ဝမ့်ချွမ်၏အနောက်မှာ
ပုံရိပ်ယောင်ကစားကွက်တစ်ခု ဖြစ်ပေါ်လာသည်။

"ဝုန်း"
ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ
လီတောက်ရှယ် နောက်သို့ ဆုတ်သွားရသည်။
သူ့ရင်ဘတ်မှာလည်း သွေးများ စို့ရွှဲသွား၏။

အစိကအချက်မှာ သူက ဝမ့်ချွမ်ထက် အနည်းငယ်
အားနည်းသည်။

ယင်းကို မြင်သာအောင်ပြောရလျှင်...
လီတောက်ရွှယ်က ကံကောင်းခြင်းတစ်ခုကြောင့်
ခဏတာ ချမ်းသာလာသော သူဌေးတစ်ဦးနှင့်တူသည်။

ဝမ့်ချွမ်ကတော့ အချိန်အတော်ကြာ စုဆောင်းထားပြီး
အခြေခံခိုင်မာခဲ့ပေသည်။

လီတောက်ရွှယ်က ဒေါသတကြီးဖြင့်
ထပ်မံလှုပ်ရှားချိန်တွင်...

အတန်ငယ်ဝေးသောနေရာမှ အသံတစ်ခု
ထွက်ပေါ်လာသည်။

"ဒီမှာ အရမ်းစည်ကားနေတာပဲ"

ဤအသံတွင် ထူးခြားသော မှော်အစွမ်းများရှိပုံရသည်၊ ထို့ကြောင့် ကျိချင်းရီ၊ လီတောက်ရွှယ်၊ ရှောင်မိုရှန်းနှင့် ဝမ့်ချွမ်တို့လည်း လှုပ်ရှားမှုများကို ရပ်တန့်ကာ လှည့်ကြည့်လိုက်ကြသည်။

အဝေးတွင် ပုံရိပ်လေးခု ထွက်လာခဲ့၏။

ယင်းက ကျွင်းရှောင်ယောက်တို့ လူစုပင် ဖြစ်သည်။

"အစ်ကိုရှောင်ယောက်"

ကျွင်းရှောင်ယောက်ကိုမြင်သောအခါ ကျိချင်းရီ၏ အမူအရာက အနည်းငယ်ပြောင်းလဲသွားသည်။ သို့သော်လည်း သူမ၏အမူအရာက

ပြန်လည်တည်ငြိမ်သွားကာ ပြောလိုက်သည်။

တစ်ဖက်တွင် ရှောင်မိုရှန်းက
ကျွင်းရှောင်ယောက်ကိုမြင်သောအခါ ပါးစပ်လေးပင်
ဟသွားသည်အထိ အနည်းငယ်
အံ့အားသင့်သွားသည်။

'တစ်စုံတစ်ခုကို ကြိမ်ဖန်တစ်ရာ ကြားရသည်ထက်
တစ်ကြိမ်မြင်ရခြင်းမှာ သာ၍ကောင်းသည်'
ဆိုရိုးစကားအတိုင်းပင်။

ကျွင်းရှောင်ယောက်ကို တကယ်မြင်မှသာလျှင်
အင်မော်တယ်ဟူသော စကားလုံးက သူ့ကိုဖော်ပြရန်
မလုံလောက်ကြောင်း သိလာရနိုင်သည်။

'အစ်ကိုရှောင်ယောက်ဆိုသူက အရမ်းချောတာပဲ၊ ငါ

သူ့ကို ချစ်တယ်'

ခဏတာ တုန်လှုပ်သွားပြီးနောက် ရှောင်မိုရှန်း သတိပြန်ဝင်လာကာ မျက်လုံးများမှာလည်း တလက်လက် တောက်ပလာသည်။

"မင်းက ကျွင်းရှောင်ယောက်လား"

လီတောက်ရွယ်က မျက်မှောင်ကြုတ်လိုက်သည်။

ယခင်က ကျွင်းရှောင်ယောက်ကို အမြဲမထီမဲ့မြင်ပြုခဲ့ဖူးသော်လည်း ယခုတော့ လက်တွေ့မြင်နေရချေပြီ။

ထိုအရိုန်အဝါမျိုး၊ ဖိအားမျိုးက လီတောက်ရွယ် နှလုံးသားထဲတွင် ဆိုးရွားသော ကြိုတင်သတိပေးချက်တစ်ခု ဖြစ်လာစေသည်။

ဝမ့်ချွမ်လည်း ကျွင်းရှောင်ယောက်ကို
ကြည့်လိုက်သည်။

သူဟာ ပထမဆုံးမြင်ဖူးခြင်းဖြစ်သော်လည်း
ရှောင်မိုရှန်း၏ နှုတ်ဖျားမှ
အကြိမ်ပေါင်းများစွာကြားခဲ့ဘူးပေသည်။

ကျွင်းရှောင်ယောက်က လီတောက်ရွှယ်နှင့်
ဝမ့်ချွမ်ကိုကြည့်ကာ တစ်ချက်ပြုံးပြီး
ပြောလိုက်သည်။

"ကျန်တဲ့ ကမ္ဘာ့မူလတွေက မင်းတို့ဆီမှာရှိနေတာပဲ၊
ကောင်းတယ်။ ငါလိုက်ရှာနေစရာ မလိုတော့ဘူးပေါ့"

ဒါကိုကြားတော့ လီတောက်ရွှယ်၏မျက်လုံးများမှာ
စူးရှလာသည်။

ဝမ့်ချွမ်၏ မျက်နှာအမူအရာကတော့ မပြောင်းလဲဘဲ ပြောသည်။

"ခေတ်ပြိုင် ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က မျှော်လင့်ထားသလိုပဲ၊ သူ့လေသံက မသေးပါဘူး၊ ဒါပေမယ့် ငါသိချင်တာက... မင်း ငါတို့ကို တိုက်ခိုက်ချင်တယ်ဆိုရင် ဘာလို့စောင့်မနေတာလဲ"

သူက လီတောက်ရှယ်နှင့် အပြင်းအထန် တိုက်ခိုက်နေသည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်သာ အချိန်အနည်းငယ်စောင့်လျှင် သက်သက်သာသာ အမြတ်ရလိမ့်မယ်။

ယင်းက ပိုမကောင်းဘူးလား။

ကျွင်းရှောင်ယောက်က ထိုစကားကိုကြားသောအခါ ရယ်မောပြီး ခေါင်းခါယမ်းလိုက်သည်။

"မင်းတို့ကိုကိုင်တွယ်ဖို့က ဒီအတိုင်းတွန်းထုတ်လိုက်ရုံပဲလေ၊ ဘာကြောင့် အချိန်ကုန်ခံရမလဲ"

ကျွင်းရှောင်ယောက် စကားကြောင့် ရောက်ရှိလာသူအားလုံး အံ့အားသင့်သွားသည်။

ဤသဘောထားကို ရူးသွပ်သည်ဟု ဖော်ပြ၍မရနိုင်တော့ပေ။

သူက ကောင်းကင်သားတော်၊ ရှေးဟောင်းလူထူးဆန်း၊ သို့မဟုတ် သူတော်စင်များကို မျက်လုံးထဲပင်

လုံး၀မထည့်ပေ။

ကျွင်းရှောင်ယောက် တစ်ယောက်တည်းက ပြဿနာအားလုံးကို ဖိနှိပ်နိုင်လောက်ပုံရသည်။

----------

အခန်း ( ၂၅၇ ) ဝမ့်ချွမ်နှင့် လီတောက်ရှယ်ကို တစ်ဦးတည်း တိုက်ခိုက်သော ကျွင်းရှောင်ယောက်၊ ပြန်လည်ဝင်စားခြင်းစွမ်းအား။

လီတောက်ရှယ်၊ ဝမ့်ချွမ်၊ ကျိချင်းရီနှင့် ရှောင်မိုရှုန်းတို့က မည်မျှသန်မာကြကြောင်း အနီးတဝိုက်ရှိ ပါရမီရှင်အားလုံး သိထားကြပြီးပြီ ဖြစ်သည်။

သူတို့အားလုံး သွားကြလျှင်ပင် ဤလေးယောက်၏ ပြိုင်ဘက်ဖြစ်ရန်မသေချာပေ။

ယခုမှု ကျွင်းရှောင်ယောက် ရောက်ရှိလာခြင်းနှင့် သူပြောလိုက်သောစကားများက အားလုံးကို တိတ်ဆိတ်သွားစေသည်။

ကျွင်းရှောင်ယောက်၏ ခွန်အားကို ကိုယ်တိုင် မြင်တွေ့ဖူးသော ကျိချင်းရီပင်လျှင် အနည်းငယ် မျက်မှောင်ကြုတ်သွား၏။

ကျွင်းရှောင်ယောက်၏ စကားက အနည်းငယ် လွန်လွန်းသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က တခြားသူများ

ယုံခြင်း၊ မယုံခြင်းကို ဂရုမစိုက်ပေ။

အကြောင်းမှာ ကျွင်းရှောင်ယောက်၏ အရေးကိစ္စများကို လုပ်ဆောင်ခြင်းနိယာမက အလွန်ရိုးရှင်းသောကြောင့်ဖြစ်သည်။

ငါလာတယ်၊ ငါမြင်တယ်၊ ငါနိုင်တယ်။

ယင်းက ရိုးရိုးလေးပင်။

"မင်းမှာလည်း ကမ္ဘာ့မူလရှိတာပဲ၊ ဒါက တစ်ခုထက်ပိုတယ်"

လီတောက်ရွယ်က ကျွင်းရှောင်ယောက်ကို လေးလေးနက်နက်ကြည့်သည်။

သူသည်လည်း ကျွင်းရှောင်ယောက်ထံမှ ကမ္ဘာ့မူလ အရှိန်အဝါကို သဘာဝအတိုင်း ခံစားရပေသည်။

ထို့ပြင် အရေအတွက်က သူ့ထက်တောင် ပိုများသည်။

ယင်းက လီတောက်ရှယ်၏ အလိုဆန္ဒများကို ဖုံးကွယ်မရ ဖြစ်စေခဲ့ပေသည်။

နောက်ဆုံးတွင် သူ၏ ပန်းတိုင်က ကမ္ဘာ့မူလဆယ်ခုစလုံးကို ရယူပြီး ကောင်းကင်ဘုရင် ဖြစ်လာရန် ဖြစ်သည်။

ဝမ့်ချွမ်၏ မျက်လုံးများကလည်း ကျွင်းရှောင်ယောက်ကို စိတ်ဝင်တစား ကြည့်နေသည်
။

သူက ကမ္ဘာ့မူလနှစ်ခုကိုသာ
ရယူထားနိုင်ပါသေးသည်။

မူလက သူသည် လီတောက်ရှယ်၏ ကမ္ဘာ့မူလများဖြင့်
ပိုပြည့်ဝလိုခဲ့သည်။

ယခုမူ ကျွင်းရှောင်ယောက်က အကြွယ်ဝဆုံးဖြစ်နေပြီး
သူတို့နှစ်ယောက်ပေါင်းသလောက်ထိ ကမ္ဘာ့မူလကို
ပိုင်ဆိုင်ထားခဲ့ပါသေးသည်။

"ငါ့ရဲ့ ကမ္ဘာ့မူလကို လိုချင်တာလား၊ ရန်ပန်နဲ့
ဖာဟိုင်အနောက်ကို လိုက်သွားချင်ကြပြီ ထင်တယ်"

ကျွင်းရှောင်ယောက် ပြုံးလိုက်သည်။

"ရန်ပန်နဲ့ ဖာဟိုင်၊ အစ်ကိုရှောင်ယောက်... သူတို့ ဘာဖြစ်သွားပြီလဲ"

ကျိုချင်းရီက မေးလိုက်သည်။

"သေပြီ၊ ငါ့ကိုသတ်လိုက်တာ"

ကျွင်းရှောင်ယောက်က တည်ငြိမ်စွာပင် ပြောသည်။

ထိုစကားကိုကြားပြီးနောက် ကျိုချင်းရီ တုန်လှုပ်သွားကာ အလွန် စိတ်မသက်မသာ ခံစားလိုက်ရသည်။

"အို ဘုရားရေ၊ အစ်ကိုလေးရှောင်ယောက်က တကယ်ပဲ ဗုဒ္ဓသားတော်နဲ့ ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့ မားကွစ်ကွမ်ကျွင်းကို သတ်လိုက်တာပဲလား"

ရှောင်မိုရှန်းလည်း သူမပါးစပ်ကို ဖုံးပြီး

အော်ဟစ်လိုက်မိသည်။

ဤနှစ်ယောက်က ကြောင်နှင့် ခွေးများမဟုတ်ဘဲ အင်မော်တယ်တာအိုမျိုးဆက်များမှ ပါရမီရှင်များ ဖြစ်သည်။

ကျွင်းရှောင်ယောက်က သူတို့ကိုသတ်ဝံ့လျှင်ပင် ယင်းက ရဲတင်းလွန်းလှသည်။

ကျွင်းရှောင်ယောက်က ဘာမျှမပြောတော့ဘဲ လီတောက်ရှယ်နှင့် ဝမ့်ချွမ်တို့ကို တပြိုင်နက်တည်း တိုက်ခိုက်တော့သည်။

သူက ၎င်းတို့နှစ်ဦး၏ ကမ္ဘာ့မူလများကိုရယူကာ လူစွမ်းကောင်းဝိဘာဉ်ယာဇ်ပလ္လင်ပေါ်သို့ တက်ရပေလိမ့်မည်။

ကျွင်းရှောင်ယောက်က သူတို့နှစ်ယောက်လုံးကို တပြိုင်နက်တည်း တိုက်ခိုက်လာတာမြင်တော့ လီတောက်ရှယ်နှင့် ဝမ့်ချွမ်မျက်နှာပေါ်တွင် အေးစက်စက် အငွေ့အသက်များ ဖြစ်ပေါ်လာသည်။

ဤမြင်ကွင်းကိုမြင်သောအခါ ကျိချင်းရီလည်း မျက်နှာအမူအရာ အနည်းငယ်ပြောင်းလဲသွား၏။

လီတောက်ရှယ်က လူသားအင်မော်တယ်ဂိုဏ်းအတွက် သူမ စုဆောင်းထားသော ပါရမီရှင်ဖြစ်သည်။ ၎င်းသာ ကျွင်းရှောင်ယောက်လက်ထဲတွင် သေဆုံးသွားပါက ဆုံးရှုံးမှုတစ်ခု ဖြစ်ရပေလိမ့်မည်။

ကျိချင်းရီ လှုပ်ရှားရန်ဟန်ပြင်လိုက်သောအခါ ကျန်းလော့လီက ဖျတ်ခနဲ ဝင်ရပ်လာသည်။

"ကျန်းမိသားစုရဲ့ ပါရမီရှင်"

ကျိချင်းရီက မျက်ခုံးပင့်လိုက်သည်။

"ကြာဖြူပြန်း၊ အစ်ကိုရှောင်ယောက်ကို မနှောင့်ယှက်နဲ့"

ကျန်းလော့လီက တိုက်ရိုက် တိုက်ခိုက်လိုက်သည်။

တစ်ဖက်တွင် ရှောင်မိုရှန်း၏ မျက်လုံးများက
အရောင်လက်ပြီး
လူစွမ်းကောင်းဝိညာဉ်ယာဇ်ပလ္လင်ဘက်ကို
လှည့်လိုက်သည်။

သို့ရာတွင် ပုံရိပ်နှစ်ခုက သူ့ကို
ပိတ်ဆို့ဟန့်တားလိုက်၏။

ယင်းက ရီယုနှင့် ရန်ချင်းယင် ဖြစ်သည်။

"အစ်ကိုလေးနဲ့ အမလေးတို့ ဘာလုပ်ကြတာလဲ"

ရှောင်မိုရှန်းက မျက်လုံးအဝိုင်းသားနှင့် အပြစ်ကင်းစွာ ပြောလိုက်သည်။

သို့သော်လည်း ရီယုက ဂရုမစိုက်ဘဲ ပြောသည်။

"သခင်လေး၊ လူစွမ်းကောင်းဝိညာဉ် ယဇ်ပလ္လင်ပေါ်ကို မတက်ခင် ဘယ်သူမှ ယဇ်ပလ္လင်အနီး ချဉ်းကပ်ခွင့်မရှိဘူး"

ရီယုက အပိုစကားများမပြောဘဲ ကျူးရှင်းဖျက်ဆီးခြင်းလေးကို တိုက်ရိုက်ထုတ်ကာ ရှောင်မိုရှန်းထံသို့ မြှားချက် ထုတ်ဖော်လိုက်သည်။

ရှောင်မိုရှန်းက ဖြူစင်ပြီး ချစ်စရာကောင်းသော်လည်း ရီယုက ဂရုမစိုက်ပေ။

သူ့အတွက် ကျွင်းရှောင်ယောက်၏ အကျိုးစီးပွားမှာ အရေးကြီးဆုံး ဖြစ်သည်။

ခဏချင်းပင် တိုက်ပွဲက ပြန်လည်စတင်ခဲ့ပြီး စွမ်းအင် အတက်အကျများကတော့ အရင်ကထက်ပင် ပိုပြင်းထန်လာတော့သည်။

ထို့ကြောင့် အခြားပါရမီရှင်များဟာ ပလ္လင်ပေါ်ကို တက်ရန်နေနေသာသာ အနားကိုပင်မတက်နိုင်ဘဲ အဝေးမှသာ ကြည့်ကြရသည်။

အပြင်းထန်ဆုံးတိုက်ပွဲကတော့ လီတောက်ရွှယ်၊ ဝမ့်ချွမ်နှင့် ကျွင်းရှောင်ယောက်၏ တိုက်ပွဲဖြစ်သည်။

ဤလူနှစ်ယောက်တွင် တစ်ယောက်က
ဖရိုဖရဲကမ္ဘာ့မူလရှိသည့် အသန်မာဆုံး
ကောင်းကင်သားတော်ဖြစ်ပြီး ကျန်တစ်ဦးကတော့
ရှေးဟောင်း ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏ စွမ်းအားဖြင့်
တိုက်ခိုက်သည်။

အင်မော်တယ်နယ်မြေကြီး၌ပင် ၎င်းတို့နှစ်ဦးက
ထိပ်တန်းပါရမီရှင်များ ဖြစ်နိုင်ပေလိမ့်မည်။

"ဖရိုဖရဲခန္ဓာကိုယ်လား"

လီတောက်ရွယ်၏ လက်သီးများမှ ဖရိုဖရဲ
စွမ်းအင်များ ဖြာထွက်နေသည်ကို မြင်ရသောအခါ
ကျွင်းရှောင်ယောက်၏မျက်လုံးများက
အံ့အားသင့်မှုများကို လှစ်ဟလာသည်။

အောက်ကမ္ဘာတွင် ဖရိုဖရဲခန္ဓာ ပေါ်လာကြောင်းကို သူလည်း ကြားခဲ့ဖူးပေသည်။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်က သံသယဖြစ်နေသည်။

အင်မော်တယ်နယ်မြေကြီး၌ပင် ဖရိုဖရဲခန္ဓာက အနှစ်တစ်သောင်းအတွင်း တွေ့ရခဲလှသည်။

ဤသို့သော အောက်ကမ္ဘာတွင် ဘယ်လိုလုပ်ပြီး ပေါ်လာနိုင်မည်နည်း။

အောက်ကမ္ဘာဆယ်ခုက ဖရိုဖရဲကာလတွင် ကံကောင်းခြင်းများကို စုစည်းထားခဲ့လျှင်ပင် ဖရိုဖရဲခန္ဓာကို မွေးဖွားစေရန်တော့ မလွယ်ပေ။

ယခုတော့ ဤ'ဖရိုဖရဲခန္ဓာ'ကို မြင်နေရပြီမို့ သံသယများ ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ယခုတော့ သူနားလည်သွားခဲ့ပြီ။

လီတောက်ရှယ်၏ ခန္ဓာကိုယ်အတွင်း၌ ဖရိုဖရဲစွမ်းအင်များ အစုလိုက် အပြုံလိုက် ရှိနေသည်ကို သူ ခံစားရနိုင်သည်။

အဆိုပါ ဖရိုဖရဲစွမ်းအင်အစုများက သူ၏ ဖရိုဖရဲစွမ်းအင် အရင်းအမြစ် တစ်ခုပင်။

'ဒါက ဖရိုဖရဲစွမ်းအားပါတဲ့ ကမ္ဘာ့မူလပဲလား'

ကျွင်းရှောင်ယောက်က သူ့စိတ်ထဲတွင်

တွေးလိုက်မိသည်။

ယင်းက တစ်ရာတွင် ကိုးဆယ်ရှိပေသည်။

"ဖရိုဖရဲဟောင်းလင်းပြင်တံဆိပ်တော်"

လီတောက်ရှယ်က သူ၏ အသန်မာဆုံးတိုက်ခိုက်မှုကို ထုတ်ဖော်လိုက်သည်။ သူ့ထံမှ ကြောက်မက်ဖွယ်ရာ စွမ်းအားများပါဝင်နေသော ဖရိုဖရဲတံဆိပ်တော်တစ်ခုလည်း ထွက်လာခဲ့၏။

တံဆိပ်ဖြတ်သန်းသွားရာ လမ်းတစ်လျှောက်ရှိ လေထုက ကွဲအက်သွားရသည်။

ဤတိုက်ခိုက်မှုက အမှန်ပင် သန်မာလှပေသည်။

ကျွင်းရှောင်ယောက်က မျက်ခုံးပင့်ကာ
နဂါးဆင်စွမ်းအားဖြင့်
လက်သီးချက်ထုတ်ဖော်လိုက်သည်။

ယခုဆိုလျှင် ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်ရှိ
ရောမဆင်မှုန်အများစုကို နဂါးဆင်မှုန်များအဖြစ်သို့
ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

သူ၏ လက်သီးထိုးချက်၊ ခြေကန်ချက်များက
နဂါးဆင်စွမ်းအားများ ပါဝင်ခဲ့ပေသည်။

နဂါးဆင်သည် အင်အားကြီးမားခြင်း၏
သင်္ကေတဖြစ်သည်။ လက်သီးတစ်ချက်က
ကမ္ဘာကြီးကို ဖြိုခွဲနိုင်ပြီး စကြာဝဠာကို
ပြောင်းပြန်လှန်၊ နေနှင့်လကို ဆုပ်ကိုင်ကာ
လက်တစ်ဖက်တည်းဖြင့်ပင် ကြယ်များကို

ချေမှုန်းနိုင်သည်။

"ဝုန်း"

ရွှေရောင်လက်သီးကြီးက ဖရိုဖရဲတံဆိပ်ပြားနှင့် တိုက်မိသွားခဲ့သည်။

"ဝုန်း"

လက်သီးကြီးက တံဆိပ်တော်ကိုချိုးဖြတ်ကာ လီတောက်ရွှယ်ထံသို့ ဆက်လက်တိုးဝင်သွား၏။

လီတောက်ရွှယ်က ဖရိုဖရဲစွမ်းအင်များနှင့် အတားအဆီးတစ်ခု ပြုခဲ့သော်ငြား်း အနောက်ကို လွင့်စဉ်သွားရပါသေးသည်။

၎င်းက မျိုးဆက်သစ်များကို

လုံးဝကျော်လွန်သွားသော ခုနစ်ဒသမသုံးဘီလီယံ
ဂျင်ခွန်အား ဖြစ်သည်။

လီတောက်ရှယ်လည်း သွေးများအန်ထွက်လာကာ
အလွန်ထိတ်လန့်သွားလေသည်။

သူ၏ အစွမ်းထက်သော တိုက်ခိုက်မှုကို
ကျွင်းရှောင်ယောက်က လက်သီးတစ်ချက်နှင့်
ဖြိုခွဲလိုက်သည်။

ယင်းက သူ့စိတ်ကူးကို များစွာကျော်လွန်သွားချေပြီ။

တစ်ဖက်မှာလည်း ဝမ့်ချွမ်၏မျက်လုံးများက
အရောင်တစ်ချက်လက်သွားသည်။

ရှေးဟောင်းလူထူးဆန်းဟူသော သူ၏ မာနက
ကျွင်းရှောင်ယောက်ကို ရင်ဆိုင်ရန် အခြားသူနှင့်
ပူးပေါင်းရတာမျိုး မလိုချင်ပေ။

သို့သော်လည်း
ကောင်းကင်ကိုဖြိုခွဲပစ်နိုင်လောက်အောင်
ကြောက်မက်ဖွယ်ကောင်းသော အင်အားကြီးကို
ခံစားရပြီးနောက် ဝမ့်ချွမ်၏ မျက်နှာက အနည်းငယ်
လေးနက်လာသည်။

သူက ရှေးဟောင်းလူထူးဆန်းဖြစ်လျှင်ပင်
မမိုက်မဲပေ။

ယခုအချိန်က ရှုံးသွပ်ရမည့်အချိန်မဟုတ်ပေ။

ထို့ကြောင့် ဝမ့်ချွမ်ဟာ

ပြန်လည်ဝင်စားခြင်းစွမ်းအားကို ပေါက်ကွဲစေပြီး တိုက်ရိုက် တိုက်ခိုက်လိုက်သည်။

'အိုး၊ ပြန်လည်ဝင်စားခြင်း စွမ်းအားလား'
ကျွင်းရှောင်ယောက် အနည်းငယ် အံ့သြသွား၏။

သူကိုယ်တိုင်က ပြန်လည်ဝင်စားခြင်း စွမ်းအားနှင့် အစိမ်းသက်သက်မဟုတ်ပေ။

သူသည် ပြန်လည်ဝင်စားခြင်း အင်မော်တယ်မျိုးစေ့ကို သယ်ဆောင်ထားကာ လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာလက်သီးသိုင်းကို တတ်မြောက်ထားသည်။ သူ့ရင်ဘတ်ရှိ အနှိုင်းမဲ့အရိုးတွင်လည်း ဆမ်ဆာရာ နတ်ဘုရားစွမ်းရည်တစ်မျိုး ရှိနေပါသေးသည်။

ထို့ကြောင့် ဤစွမ်းအားမျိုးနှင့် ရင်းနှီးပြီးသားပင်

ဖြစ်သည်။

'ဒါက ဆမ်ဆာရာမြင့်မြတ်ခန္ဓာပဲ'
ဝမ့်ချွမ်၏ အသွင်အပြင်ကို စစ်ဆေးပြီးနောက်
ကျွင်းရှောင်ယောက် သဘောပေါက်သွားသည်။

၎င်းသည် တာအိုခန္ဓာ သုံးထောင်အနက်
ထိပ်တန်းငါးစာရင်းတွင် ပါဝင်ခဲ့သော အစွမ်းထက်
တာအိုခန္ဓာတစ်ခုလည်း ဖြစ်ပေသည်။

တစ်ချိန်က ဆမ်ဆာရာမြင့်မြတ်ခန္ဓာနှင့်
မဟာကေရာဇ်ဖြစ်လာခဲ့သော
တန်ခိုးရှင်များပင်ရှိသည်ဟု ကောလဟာလများ
ရှိသည်။

၎င်းက လက်ကိုအနည်းငယ်ဝှေ့ယမ်းရုံဖြင့်

ကမ္ဘာကြီးကို အဆုံးမဲ့ ပြန်လည်ဝင်စားအဖြစ်သို့ ဆွဲချနိုင်ပြီး သန်းရာချီသော သက်ရှိများကို တခဏအတွင်း ချေမှုန်းပစ်နိုင်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ဟာ မကြောက်ရွံ့သည့်အပြင်ကျေနပ်မှုများပင် ရှိလာသည်။

အကြောင်းမှာ အနှိုင်းမဲ့အရိုးကို ပြီးပြည့်စုံသော ဆမ်ဆာရာနတ်ဘုရားစွမ်းရည်အဖြစ် ပြောင်းလဲနိုင်သည်ဟု သူခံစားနေရသောကြောင့်ပင်။ ယခုတော့ ဤဝမ့်ချွမ်သည် အခွင့်အရေးတစ်ခု ဖြစ်နိုင်သည်။

----------

အခန်း (၂၅၈) အနှိုင်းမဲ့အရိုး အသွင်ပြောင်းခြင်း၊ ဒုတိယမြောက် နတ်ဘုရားစွမ်းရည်...
ဆမ်ဆာရာတာအိုချုပ်ပြား။

ယခင်ကလည်း ကျွင်းရှောင်ယောက်ဟာ ချင်ဟောက်၏ မူလဝိညာဉ်အရိုးကို ဝါးမျိုခဲ့ဖူးသည်။

သို့ရာတွင် သူ့အနှိုင်းမဲ့အရိုး၏ ဒုတိယမြောက် နတ်ဘုရားစွမ်းရည်က မပြောင်းလဲသေးဘဲ အခွင့်အလမ်းတစ်ခု လိုသေးသည်။

ယခုတော့ ထိုအခွင့်အရေး ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ ရင်ဘတ်မှ အနှိုင်းမဲ့အရိုးသည် အဖြူအနက် နိမိတ်အလင်းများ တောက်ပလာသည်။

ဤအဖြူအနက်အလင်းကို မြင်ရသောအခါ ဝမ့်ချွမ်
အံ့သြသွား၏။

'အနှိုင်းမဲ့အရိုး နတ်ဘုရားစွမ်းရည်'

ဝမ့်ချွမ်၏ နှလုံးသားက
ပြင်းထန်စွာတုန်လှုပ်သွားခဲ့သည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာ တစ်ခုတည်းကပင်
အားလုံးကို ထိတ်လန့်စေလောက်အောင်ပင်။

ယခုတော့ အနှိုင်းမဲ့အရိုးနှင့် ဤနတ်ဘုရားစွမ်းရည်ပါ
ထွက်ပေါ်လာခဲ့ပြီ ဖြစ်သည်။

ရှောင်မိုရှန်းက ကျွင်းရှောင်ယောက်

မည်မျှသန်မာကြောင်းကို အမြဲ ပြောနေသည်မှာ
အံ့သြစရာမဟုတ်တော့ပေ။

ထိုအချိန်တွင် ဝမ့်ချွမ် လွန်စွာသဘောမကျသော်လည်း
လက်ခံနေရပြီ ဖြစ်သည်။

သူ့ကို ပို၍ပင်အံ့သြစေတာက
ကျွင်းရှောင်ယောက်၏အနှိုင်းမဲ့အရိုးဟာ
ပြန်လည်ဝင်စားခြင်းစွမ်းအားကို
ပိုင်ဆိုင်ထားနိုင်ခဲ့ခြင်းပင်။

သို့သော်လည်း ကံကောင်းထောက်မစွာဖြင့်
ဝမ့်ချွမ်တွင် ဆမ်ဆာရာမြင့်မြတ်ခန္ဓာရှိသောကြောင့်
၎င်းပြန်လည်ဝင်စားခြင်းစွမ်းအားကို
သိပ်ကြောက်နေစရာ မလိုပါ။

ထို့နောက် ဝမ့်ချွမ်လည်း
ပြန်လည်ဝင်စားခြင်းစွမ်းအားဖြင့်
စတင်တိုက်ခိုက်လိုက်သည်။

ဤသို့ဖြင့် နှစ်ယောက်သား ချက်ခြင်း
တိုက်ခိုက်လိုက်ကြသည်။

ဝမ့်ချွမ်၏နယ်ပယ်က ကျွင်းရှောင်ယောက်ထက်
များစွာမြင့်မားကာ နီဗားနားနယ်ပယ်တွင် ရှိသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ကို မဖိနှိပ်နိုင်ပေ။

ကျွင်းရှောင်ယောက်ကဲ့သို့
ပါရမီရှင်တစ်ဦးအတွက်တော့
အဆင့်ကျော်တိုက်ခိုက်ခြင်းသည် ထမင်းစား၊
ရေသောက်သကဲ့သို့ရိုးရှင်းသည်။

သူတို့နှစ်ဦးကြား တိုက်ပွဲတွင် ကျွင်းရှောင်ယောက်က ဝှက်ဖဲအမျိုးမျိုးကို အသုံးမပြုဘဲ ဝမ့်ချွမ်၏ ပြန်ဝင်စားခြင်း စွမ်းအားနှင့် ရင်းနှီးရန်ကြိုးစားနေသည်။

သူက ဝမ့်ချွမ်ထံမှ လှုံ့ဆော်မှုဖြင့် အနှိုင်းမဲ့အရိုးကို လုံးဝပြောင်းလဲပစ်ချင်မိပေသည်။

ဝမ့်ချွမ်ကလည်း ယင်းကိုရိပ်မိကာ ကျွင်းရှောင်ယောက်ကို အေးစက်စက်ဖြင့် ပြောလိုက်သည်။

"မင်းငါ့ကို ဓားသွေးကျောက်အဖြစ် သုံးချင်နေတာလား"

ကျွင်းရှောင်ယောက်က ပြုံးပြီး ဘာမျှ မပြောပေ။

ဝမ့်ချွမ်က သူ့ရည်ရွယ်ချက်ကို သိနေလျှင်ပင် သူ့ကို တားဆီးနိုင်မှာလား။

ဝမ့်ချွမ်၏ မျက်နှာက အေးစက်သွားသည်။

အခြားသူအတွက် ချနင်းကျောက်ဖြစ်ရခြင်းကို သူ လုံးဝ သည်းမခံနိုင်ပါချေ။

ထို့ကြောင့် ဝမ့်ချွမ်ဟာ သူ၏ဝှက်ဖဲကို ထုတ်ဖော်လိုက်သည်။

သူ့နောက်တွင် မရေမတွက်နိုင်သည့် ကစားကွက်လှည့်ဘီးကြီးတစ်ခု ပေါ်လာသည်။

တခဏချင်းမှာပဲ မိုးနှင့်မြေက ဖရိုဖရဲဖြစ်ကာ အဆုံးမဲ့ ပြန်လည်ဝင်စားခြင်းစွမ်းအားများ ပြန့်နှံ့သွား၏။

ဤမြင်ကွင်းကိုမြင်လိုက်ရတော့ လီတောက်ရှယ် မျက်လုံးထဲတွင် ကြောက်ရွံ့မှုများ လှစ်ဟလာသည်။

ယခုလေးတင် ဤတိုက်ခိုက်မှုကြောင့် သူဒဏ်ရာရခဲ့ပါသေးသည်။

ယခုမူ ဝမ့်ချွမ်က ပုံရိပ်ကိုထုတ်ဖော်ရုံသာမကဘဲ နတ်လက်နက်ကိုလည်း ထုတ်ဖော်လိုက်သည်။

သူ့အနောက်တွင် ကစားကွက်လှည့်ဘီးကြီး ထွက်ပေါ်လာသည်။

ဤဘီးလှည့်လိုက်သည်နှင့် ကမ္ဘာကြီးကို ချေမှုန်းပစ်နိုင်ပုံရ၏။

၎င်းပေါ်တွင်ကား လမ်းခြောက်သွယ်ကို ထွင်းထုထားသည်။

"ဒါက..."

ကျွင်းရှောင်ယောက်က မျက်လုံးကိုမှေးစင်းကာ ကြည့်လိုက်သည်။

ဤလှည့်ဘီးက ကေရာဇ်လက်နက်၏ အငွေ့အသက်များ ရှိနေလေသည်။

ဝမ့်ချွမ် ထုတ်ဖော်လိုက်သော နတ်ရတနာက ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏ ကေရာဇ်လက်နက်၊ လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာချပ်ပြား၏

ပုံစံငယ် ဖြစ်သည်။

ဤလမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာချပ်ပြား ပုံစံငယ်သည် တကယ့်ချပ်ပြားနှင့် နှိုင်းယှဉ်မရနိုင်သော်လည်း အဓိပမိရတနာတစ်ခု ဖြစ်နေပါသေးသည်။

ယခင်က ဝမ့်ချွမ်သည် ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏ အသန်မာဆုံး ပါရမီရှင်ဖြစ်သောကြောင့် ဤလက်နက်ကို ဆုချီးမြှင့်ခံခဲ့ရခြင်း ဖြစ်သည်။

ဝမ့်ချွမ်က လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာချပ်ပြားပုံစံငယ်ကို ထုတ်ယူလိုက်သောအခါ ကျားကို အတောင်တပ်ပေးလိုက်သကဲ့သို့ ပို၍ပင် အစွမ်းထက်လာတော့သည်။

ဤအရှိန်အဝါက ကျိုချင်းရီ၊ ရှောင်မိုရှန်း၊
ကျန်းလော့လီ၊ ရီယုနှင့် အခြားသူများကိုပင်
ထိခိုက်စေခဲ့သည်။

သူတို့အားလုံး ပြန်လည်ဝင်စားခြင်းလမ်းကြီးထဲသို့
ဆွဲငင်ခံရသည့်နှယ် အန္တရာယ်တစ်ခုကို
ခံစားခဲ့ရသည်။

"သန်မာလွန်းတယ်"

လီတောက်ရွှယ်၏မျက်နှာက
အနည်းငယ်အကြည့်ရဆိုးနေပြီး
သူ့မျက်လုံးများမှာလည်း ကြောက်ရွံ့မှုကို
လှစ်ဟလာသည်။

သတင်းအချက်အလက်၊ စသည်ဖြင့် နေရာများစွာတွင်

သူက ကျွင်းရှောင်ယောက်တို့ထက် နိမ့်ကျသည်။
သူက ကံကောင်း၍ ချမ်းသာလာသူမျှသာ
ဖြစ်ချေသည်။

"အစ်ကိုရှောင်ယောက်"

ကျန်းလော့လီလည်း လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာချပ်ပြား ပုံစံငယ်၏စွမ်းအားကြောင့်
စိုးရိမ်မှုများ လှစ်ဟလာသည်။ သို့သော်လည်း
ကျွင်းရှောင်ယောက်၏ အတားအဆီးအားလုံးကို
ဖြတ်ကျော်နိုင်ပုံရသော
အနေအထားကိုမြင်ရသောအခါ
ပြန်လည်တည်ငြိမ်လာလေသည်။

ဤကမ္ဘာကြီးတွင် ကျွင်းရှောင်ယောက်ကို
အနိုင်ယူနိုင်သော ခေတ်ပြိုင်ပါရမီရှင်များ မရှိနိုင်ပေ။

ရှေးဟောင်း လူထူးဆန်းများပင် မရပါချေ။

ဝမ့်ချွမ်က သူ့ကို ဖိနှိပ်ရန် လမ်းကြောင်းခြောက်သွယ်ဆမ်ဆာရာချပ်ပြား ပုံစံငယ်ကို ထုတ်ဖော်လာကြောင်း မြင်ရသောအခါ ကျွင်းရှောင်ယောက် တစ်ချက်ပြုံးလိုက်သည်။

ဝမ့်ချွမ်က တကယ်ကို လူတော်လေးတစ်ယောက်ပင်။

သူ၏ လှုပ်ရှားမှုက ကျွင်းရှောင်ယောက်ကို ပို၍ပင် အထောက်အကူ ဖြစ်စေခဲ့သည်။ ယခုတော့ ပြန်လည်ဝင်စားခြင်းစွမ်းအား၏ တကယ့်စွမ်းအားကို ကောင်းစွာခံစားရချေပြီ။

ထို့ကြောင့် ကျွင်းရှောင်ယောက်က ပန်ပွမ်ဓားသုံးချောင်းကို မထုတ်ဖော်သေးပေ။

ထို့ကြောင့် ကျွင်းရှောင်ယောက်က
သူတော်စင်ဘုရင်လက်အိတ်ကို ထုတ်ယူပြီး
ညာလက်ပေါ်တွင် ဝတ်လိုက်သည်။

သူက ရွှေရောင်အလင်းများဖြင့်
နဂါးဆင်စွမ်းအားကိုထုတ်ဖော်ကာ မိုင်ထောင်ချီပြီး
ပျံ့လွင့်သွားစေခဲ့သည်။

ယင်းက လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာချပ်ပြား ပုံစံငယ်နှင့် တိုက်မိသောအခါ
ကမ္ဘာကြီးကို လှုပ်ခတ်သွားစေသော
အံ့အားသင့်ဖွယ်ရာ စွမ်းအင်အတက်အကျများကို
ဖြစ်လာခဲ့၏။

ကျွင်းရှောင်ယောက်က

ပြန်လည်ဝင်စားခြင်းစွမ်းအားကို ခံစားရင်း ဝမ့်ချွမ်၏ ထိုးစစ်ကို ပိတ်ဆို့ခဲ့သည်။

ထိုအခါ ကျွင်းရှောင်ယောက်၏ မျက်လုံးများက ပို၍ တောက်လာသည်။

သူ့ရင်ဘတ်မှလည်း တောက်ပသောအလင်းတစ်ခု စတင် ရစ်ပတ်လာခဲ့၏။ ပြန်လည်ဝင်စားခြင်း၏ စစ်မှန်သော အဓိပ္ပါယ်ကလည်း စိမ့်ဝင်လာတော့သည်။

"ကျွင်းရှောင်ယောက်၊ မင်း ရှုံးနေတာပဲ"

ကျွင်းရှောင်ယောက်က သူ့ကို ဓားသွေးကျောက်အဖြစ် အသုံးပြုနေဆဲဖြစ်သောကြောင့် ဝမ့်ချွမ် ပို၍အေးစက်လာသည်။

သူက လမ်းကြောင်းခြောက်သွယ်

ဆမ်ဆာရာချပ်ပြားအသေးကို ထိန်းချုပ်ပြီး
အလွန်အစွမ်းထက်သော တိုက်ခိုက်မှုများကို
ထုတ်ဖော်လိုက်သည်။

"ပြန်လည်ဝင်စားခြင်း လမ်းခြောက်သွယ်၊
ကောင်းကင်နဲ့မြေကြီးပျက်စီးလိမ့်မယ်"

လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာချပ်ပြား၏
စွမ်းအားက ကောင်းကင်ကို ဖုံးလွှမ်းကာ
ကျွင်းရှောင်ယောက်ကို ဖိနှိပ်လိုက်သည်။

ဝမ့်ချွမ်က အလွန်အားကောင်းသည်ဟုပင် ဆိုရမည်။

ရှေးဟောင်းလူထူးဆန်းတစ်ယောက်အနေဖြင့်
သူ၏ခွန်အားမှာ ဘိုးဘွားနဂါးသိုက်ရှိ
မင်းသမီးလုံကျိထက် များစွာအားမနည်းပေ။

ယခုချိန်တွင် သူ၏အရှိန်အဝါက ခေတ်ပြိုင်ကမ္ဘာ၏
အရှိန်အဝါနှင့် လုံးဝ ပေါင်းစပ်ထားခြင်း
မရှိသောကြောင့် ခွန်အားအပြည့်အဝတော့
မထုတ်နိုင်သေးပါ။

သို့တိုင် ယင်းကပင် လူများကို
ထိတ်လန့်စေသေးသည်။

လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာချပ်ပြားမှ
စွမ်းအားကိုခံစားရသောအခါ
ကျွင်းရှောင်ယောက်၏မျက်နှာက
ပို၍တည်ငြိမ်လာသည်။

သူက လက်ကြောင်းခြောက်သွယ် ဆမ်ရာရာ
လက်သီးသိုင်းဖြင့် လက်သီးတစ်ချက်ကို
ထုတ်ဖော်လိုက်၏။

လက်သီးချက်က
အလွန်တုန်လှုပ်ချောက်ချားဖွယ်ကောင်းပြီး
ကမ္ဘာကြီးကို ပေါက်ကွဲစေသည်။

ခုနစ်ဒဿမသုံး ဘီလီယံဂျင်ခွန်အားကလည်း
ပါဝင်နေရာ ဤစွမ်းအားက တကယ်ကို
သာမန်မဟုတ်ပေ။

"ဝုန်း"
ပြင်းထန်သော တုန်ခါမှုနှင့်အတူ၊ ကောင်းကင်ယံရှိ
ကျွန်းငယ်တစ်ကျွန်း၏အရွယ်အစားရှိသော
လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာချပ်ပြားအသေးမှာ
တိုက်ရိုက်ပေါက်ကွဲသွားခဲ့သည်။

ယင်းက ဝမ့်ချမ်၏ရင်ဘက်မှ သွေးနှင့်ချီကို
ဗလောင်ဆူပြီး အလွန် အံ့ဩသွားစေသည်။

ပြန်လည်ဝင်စားခြင်း စွမ်းအားပါရှိသော
ထိုလက်သီးသိုင်းမှာ အလွန်ကြောက်စရာကောင်း၏။

ကျွင်းရှောင်ယောက်၏ ရင်ဘတ်တွင် မီးတောက်တစ်ခု
ထွက်ပေါ်လာသည်။

သူက ဆမ်ဆာရာအင်မော်တယ်မျိုးစေ့ကို
ထပ်မံထုတ်ယူလိုက်လေသည်။

ဆမ်ဆာရာအင်မော်တယ်မျိုးစေ့ကို
ကျွင်းရှောင်ယောက်က သူ့ရင်ဘက်ရှိ
အနှိုင်းမဲ့အရိုးတွင် ပေါင်းစပ်ထားခဲ့ခြင်း ဖြစ်သည်။

ထို့နောက်တော့ ကျွင်းရှောင်ယောက်၏ရင်ဘတ်မှ
အဖြူအနက်အလင်းများဟာ တစ်ခုနှင့်တစ်ခု
ရောယှက်ပြီး ကစားပွဲလှည့်ဘီးအဖြစ်သို့
ပြောင်းလဲသွားတော့သည်။

ကျွင်းရှောင်ယောက်၏ အနှိုင်းမဲ့အရိုးမှ
ဒုတိယမြောက် နတ်ဘုရားစွမ်းရည်၊
ဆမ်ဆာရာတာအိုချပ်ပြားသည် နောက်ဆုံးမှာတော့
လုံးဝပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

ယခုအခါ ကျွင်းရှောင်ယောက်၏ အနှိုင်းမဲ့အရိုးက
နတ်ဘုရားစွမ်းရည် လေးမျိုးရှိလေသည်။

ကောင်းကင်နတ်ဘုရားစွမ်းရည်တွင် မပြည့်စုံသော
ကောင်းကင်အလင်းစွမ်းအားနှင့် ပြီးပြည့်စုံသော

ကောင်းကင်လက်ဝါး ရှိသည်။

ပြန်လည်ဝင်စားခြင်းစွမ်းအားမှာတော့ မပြည့်ဆုံသော ဆမ်ဆာရာနီဗားနားနှင့် ပြီးပြည့်စုံသော ဆမ်ဆာရာတာအိုချပ်ပြား ရှိ၏။

"ဝမ့်ချွမ်၊ ပထမအနေနဲ့ ဒီနတ်ဘုရားသားတော်က မင်းကို ကျေးဇူးတင်ရမယ် ထင်တယ်။
နောက်တစ်ခုကတော့ ဒီနတ်ဘုရားသားတော် လာပြီ"
ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ ပြုံးလိုက်သည်။

သူပြောသည့်ဆုလာဘ်က သဘာဝအတိုင်း တကယ့်ဆုလာဘ်မဟုတ်ပေ။

ယခုအခါ သူ၏ အနှိုင်းမဲ့အရိုးက အောင်မြင်စွာ အသွင်ပြောင်းခဲ့ပြီးဖြစ်သောကြောင့် သဘာဝအားဖြင့်

ဝမ့်ချွမ်နှင့် အချိန်ဖြုန်းရန် မလိုတော့ပါချေ။

သူက သားနို့စ်သူတော်စင်ဘုရင်လက်အိတ်ကိုဝတ်ပြီး
လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီးသိုင်းကို ထုတ်ဖော်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူ့ရင်ဘတ်ရှိ အနှိုင်းမဲ့အရိုးက
ဆမ်ဆာရာတာအိုချပ်ပြားကို ထုတ်ဖော်ခဲ့၏။

သူ့မျက်ခုံးနှစ်ခုကြားမှလည်း ရွှေရောင်အလင်းနှင့်
မူလတာအိုအုပ်ချုပ်သူစားက
ပေါက်ကွဲထွက်ပေါ်လာတော့သည်။

ကျွင်းရှောင်ယောက်က ဝမ့်ချွမ်ကိုဖိနှိပ်ကာ
ကမ္ဘာ့မူလကိုသိမ်းယူရန် ကြိုးစားလိုက်သည်။

----------

အခန်း ( ၂၅၉ ) ကမ္ဘာ့မှုလဆယ်ခုစလုံးကို ရရှိပြီ၊
ကောင်းကင်နှင့်မြေပြင်ပင် လက်ခံနိုင်မည့်
တည်ရှိမှုမျိုး မဟုတ်နိုင်တော့ပါ။

ကျွင်းရှောင်ယောက်က အမှန်တကယ်
တိုက်ခိုက်လာလျှင် ထိုစွမ်းအားက
စိတ်ကူးကြည့်ရန်ပင် မလွယ်တော့ပါ။

ရှေးဟောင်းလူထူးဆန်းများပင် တုန်လှုပ်ရမည်။

ဥပမာအားဖြင့် လက်ရှိဝမ့်ချွမ်သည်
ကျွင်းရှောင်ယောက်၏ ကြီးမားသောအင်အားကို

ခံစားလာရပြီ ဖြစ်သည်။

နတ်ဘုရားစွမ်းရည်မျိုးစုံနှင့် ရင်ဆိုင်ရခြင်းက
သူ့မျက်နှာအမူအရာကို  ပြောင်းလဲစေပေသည်။

သူက လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာချပ်ပြား
အသေးဖြင့် လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီးချက်ကို ခုခံလိုက်သည်။

 သို့သော်လည်း အနှိုင်းမဲ့အရိုး၏ နတ်ဘုရားစွမ်းရည်၊
ဆမ်ဆာရာတာအိုချပ်ပြားက ထပ်မံဖိနှိပ်လာသည်။

ထိုစွမ်းအားသည်ကလည်း လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာလက်သီးသိုင်းထက် များစွာအားမနည်းပေ။

"ဝုန်း ဝုန်း ဝုန်း"

ပြင်းထန်သော ပေါက်ကွဲသံထွက်ပေါ်လာပြီး ဝမ့်ချွမ်
တုန်လှုပ်သွားကာ နောက်ပြန်ဆုတ်သွားခဲ့ရသည်။

သူ၏ ခွန်အားက အထွတ်အထိပ်သို့
ပြန်မရောက်သေးရာ ကျွင်းရှောင်ယောက်၏
အပြည့်အဝ ဖိနှိပ်မှုကို လုံးလုံး တွန်းလှန်ရန်မှာ
သဘာဝအားဖြင့် ခက်ခဲသည်။

ထိုအချိန်တွင် ရွှေရောင်အမိန့်ချိန်းက
ကောင်းကင်မှထွက်ပေါ်လာပြီး
မူလတာအိုချုပ်သူဓားဖြစ်သော
ရွှေရောင်ဓားမြှောင်လေးတစ်လက်အဖြစ်သို့
ပြောင်းလဲသွားသည်။

ဓားက ဝမ့်ချွမ်ဦးခေါင်းကို ထိုးဖောက်တော့မည့်နှယ်

လျင်မြန်စွာ ပြေးထွက်သွား၏။

ဝမ့်ချွမ်လည်း ပြန်လည်ဝင်စားခြင်းစွမ်းအားများကို
စုစည်းပြီး ရေဝဲကြီးများအဖြစ်နှင့်
မူလတာအိုအုပ်ချုပ်သူများကို ဟန့်တားလိုက်သည်။

ကျွင်းရှောင်ယောက်၏ နောက်ကျောတွင်
နတ်ဆိုးတောင်ပံများ ထွက်ပေါ်လာသည်။ သူက
အတောင်ကိုခတ်ကာ မျက်စိတစ်မှိတ်အတွင်း
ဝမ့်ချွမ်ထံသို့ တိုးဝင်သွား၏။

သူက လေထဲကို ဖမ်းဆုပ်လိုက်သောအခါ
အမှောင်နတ်ဘုရားလှံ ထွက်ပေါ်လာပြီး ဝမ့်ချွမ်အား
ထိုးစိုက်လိုက်တော့သည်။

ဝမ့်ချွမ်က သူ့လက်ကို မြှောက်လိုက်ရာ

ပြန်လည်ဝင်စားခြင်း စွမ်းအားများ တိုးလာပြန်သည်။

၎င်းက ဆမ်ဆာရာ မဟာမုဒြာဟုခေါ်သော သူ၏
နတ်ဘုရားစွမ်းရည်များထဲမှ တစ်ခုဖြစ်သည်။

"ဝုန်း"
အမှောင်နတ်ဘုရားလှံက ဆမ်ဆာရာမဟာမုဒြာကို
ထိုးစိုက်မိသောအခါ တိုက်ရိုက် ပြိုကျသွားသည်။

ကျွင်းရှောင်ယောက်က
ဝါးမျိုခြင်းဖင်းဂေါ့ကျမ်းကိုသုံးကာ
ဝါးမျိုခြင်းရေဝဲကြီးများဖြင့် ဆမ်ဆာရာ မဟာမုဒြာကို
တိုက်ရိုက် ဝါးမျိုလိုက်၏။

ထို့နောက် ဝမ့်ချွမ်ကို ကန်ထုတ်လိုက်လေသည်။

ဝမ့်ချွမ်လည်း သူ့လက်နှစ်ဖက်ကိုဆန့်ထုတ်ပြီး ခုခံလိုက်သည်။

"ဝုန်း"

သို့သော်လည်း ဤတစ်ခါတော့ လွင့်စဉ်သွားကာ နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာတော့သည်။

"မင်းက ငါ့လက်ထဲမှာ လှည့်ကွက်တွေ အများကြီး လုပ်နိုင်တာပဲ၊ ဒီလောက်ကတင် မင်း ဂုဏ်ယူဖို့ လုံလောက်ပြီ"

ကျွင်းရှောင်ယောက်၏ မျက်နှာအမူအရာက အပြောင်းအလဲမရှိဘဲ ထပ်မံတိုက်ခိုက်လိုက်သည်။

ဝမ့်ချွမ်လည်း တဖြည်းဖြည်း

နောက်ဆုတ်လာရတော့သည်။

ဆက်တိုက် တိုက်ခိုက်ပြီးနောက် ဝမ့်ချွမ်
သွေးအန်လာပြီး ဆံပင်များပင် ဖရိုဖရဲဖြစ်သွားသည်။

ကျွင်းရှောင်ယောက်က သူ့လက်ကို မြှောက်ပြီး
ဖမ်းဆုပ်လိုက်သည်နှင့် ဝါးမျိုးခြင်းဖင်းဂေါ့ကျမ်း၏
စုပ်ယူအားက ဝမ့်ချွမ်ထံမှ ကမ္ဘာ့မူလများကို
ဆွဲထုတ်သွားတော့သည်။

ခဏချင်းမှာပင် ကမ္ဘာ့မူလ နှစ်စုစလုံးကို
ထုတ်ယူခံလိုက်ရသည်။

"မဟုတ်ဘူး"
ဝမ့်ချွမ်မျက်နှာက မည်းမှောင်သွားသည်။

သူသည်ကာ သူ့ခေတ်တွင် ပြိုင်ဘက်အားလုံးကို
ရှုံးနိမ့်ခြင်းမရှိဘဲ ဖယ်ရှားနိုင်ခဲ့သည်။

မည်မျှသန်မာသော ပါရမီရှင်ပင် ဖြစ်လင့်ကစား၊
အလွန်ဆုံး သူနှင့် သာတူညီမျှသာ ရှိနေပေလိမ့်မည်။

ဝမ့်ချွမ်ဘဝတွင် တခါမျှ
ဤမျှဒုက္ခမရောက်ဖူးဘူးဟုပင် ပြောနိုင်သည်။

ဤအခြေအနေက သူ့ခွန်အား အထွတ်အထိပ်သို့
ပြန်မရောက်သေးတာကလည်း တစ်ကြောင်းပင်။

သို့သော်လည်း သူ့ခွန်အားက အထွတ်အထိပ်သို့
ပြန်ရောက်လျှင်ပင် ကျွင်းရှောင်ယောက်ကို

ဖိနှိပ်နိုင်မည်မဟုတ်ကြောင်း ခံစားနေရပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်က ဤကမ္ဘာ့မူလနှစ်စုကို
ဖမ်းယူရန် ဟန်ပြင်လိုက်ချိန်...

ဖရိုဖရဲလက်ဝါးပုံရိပ်ကြီး ထွက်ပေါ်လာသည်။

"ငတုံး"
ကျွင်းရှောင်ယောက်က လက်သီးဖြင့်
လှည့်ထိုးလိုက်ရာ လက်ဝါးပုံရိပ်ကြီး လွင့်စဉ်သွား၏။

 လီတောက်ရွယ်က စူးရှသောမျက်လုံးများဖြင့်
ကမ္ဘာ့မူလနှစ်ခုကို ကြည့်နေသည်။

သူက အသန်မာဆုံး ကောင်းကင်သားတော်

ဖြစ်ချေသည်။

သူ့အတွက်တော့ ကမ္ဘာ့မူလဟာ အခြားအရာများထက်
ပိုအရေးကြီးသည်။

ကမ္ဘာ့မူလဆယ်ခုစလုံးကို ရယူနိုင်လျှင်
ကောင်းကင်ဘုရင်အဖြစ်သို့ ပြောင်းလဲသွားလိမ့်မည်။

ထိုအချိန်တွင် သူနှင့် နှိုင်းယှဉ်နိုင်သော ပါရမီရှင်
မရှိနိုင်တော့ပါ။

ထို့ကြောင့် ဤကမ္ဘာ့မူလနှစ်ခုကို
ထပ်မံမြင်တွေ့ပြီးနောက် လီတောက်ရှယ်ဟာ
မနေနိုင်တော့ဘဲ ထပ်မံတိုက်ခိုက်လုယက်ရန်
ကြိုးစားလိုက်ခြင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများက
အေးစက်နေပြီး လက်ကို မြှောက်လိုက်သောအခါ
နဂါးစွမ်းအားများ ထွက်ပေါ်လာသည်။ ထိုအခါ
အစစ်အမှန်နဂါးပုံရိပ်ကြီးတစ်ခု ပြေးထွက်လာကာ
လီတောက်ရှယ်ထံသို့ ပြေးဝင်သွား၏။

ယင်းကိုမြင်တော့ လီတောက်ရှယ်က
ဖရိုဖရဲစွမ်းအားဖြင့် လက်သီးချက်ကို
ထုတ်ဖော်လိုက်သည်။ ဖရိုဖရဲစွမ်းအားမျှင်တစ်ခုစီက
အလွန်ကြောက်စရာကောင်းပြီး တောင်ကြီးများကိုပင်
ဖြိုဖျက်နိုင်စွမ်း ရှိပေသည်။

"ဝုန်း"
နှစ်ဖက် ထိပ်တိုက်တွေ့ဆုံသောအခါ ပေါက်ကွဲသံကြီး
ထွက်ပေါ်လာသည်။

ယင်းက လီတောက်ရွယ်ကို ပြင်းပြင်းထန်ထန်
ပြန်ဆုတ်သွားစေသည်။

ရှေးဟောင်းလူထူးဆန်းပင်လျှင်
ကျွင်းရှောင်ယောက်၏ထိုးစစ်ကို မတားဆီးနိုင်ပါက
အားနည်းသော နောက်ခံရှိသည့် လီတောက်ရွယ်အဖို့
ပြောနေစရာပင် မလိုတော့ပေ။

သူက ကံကောင်းပြီး
ထူးကဲသောအရည်အချင်းရှိလျှင်ပင်... ယင်းက
ရင်ဆိုင်နေသောသူအပေါ်တွင် မူတည်သည်။

ကျွင်းရှောင်ယောက်ကဲ့သို့ ပါရမီရှင်မျိုးရှေ့မှာတော့
လီတောက်ရွယ်ဟာ လုံးဝ အရေးမသာပေ။

"မင်းက ကိုယ်တိုင် တံခါးဝကို ရောက်လာမှတော့ ငါမငြင်းတော့ဘူး"

ကျွင်းရှောင်ယောက်က ဝါးမျိုးခြင်းဖင်းဂေါ့ကျမ်းဖြင့် လီတောက်ရွယ်၏ ခန္ဓာကိုယ်ထဲမှ ကမ္ဘာ့မူလကို ထုတ်ယူလိုက်သည်။

"မဟုတ်ဘူး၊ နတ်သမီးချင်းရီ၊ ငါ့ကိုကူညီပါဦး"

လီတောက်ရွယ်ဟာ ကြောက်မက်ဖွယ် စုပ်ယူအားကို ခံစားရပြီးနောက် အလွန်တုန်လှုပ်သွားသည်။

နောက်ဆုံးတော့ သူ့မျက်နှာမှာ ကြောက်ရွံ့စိတ်များ ဖြစ်လာခဲ့ချေပြီ။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်က အရာအားလုံးကို လွှမ်းမိုးထားသည့် နတ်ဘုရင်နှင့် တူသည်။

မည်သူမျှ သူ့ကိုမတားဆီးနိုင်ပေ။

တစ်ဖက်တွင် ဘဝပျက်နေသော
လီတောက်ရှယ်ကိုမြင်ပြီးနောက် ကျိချင်းရီ
ရင်မောသွားသည်။

ကောင်းကင်သားတော်များကို စုဆောင်းရန်က
လွယ်ကူသောကိစ္စမဟုတ်ပေ။

ထို့ပြင် ၎င်းက အသန်မာဆုံးတစ်ယောက် ဖြစ်သည်။

ကျိချင်းရီလည်း အကူအညီမဲ့သွားလေသည်။

ထို့ပြင် ကျန်းလော့လီကလည်း သူမကို အဆက်မပြတ်

တားဆီးနေသောကြောင့် အကူအညီမပေးနိုင်တော့ပေ။

ထို့ကြောင့် ကျိချင်းရီလည်း သက်ပြင်းချကာ ပြောလိုက်သည်။

"အစ်ကိုရှောင်ယောက်၊ နင် ကရုဏာပြနိုင်မလား"

ထိုစကားကိုကြားတော့ ရှောင်မိုရှန်းပင် အလွန်အံ့သြသွားတယ်။

သူမတို့ဟာ ပြိုင်ဘက်ဟောင်းများဖြစ်၍ တစ်ဖက်လူ ဘယ်လောက်အေးစက်ပြီး မာနကြီးကြောင်း ကောင်းစွာသိသည်။

သူမက မည်သည့်ပါရမီရှင်နှင့် ရင်ဆိုင်ရသည်ဖြစ်စေ အားနည်းမှုကို မပြသခဲ့ပေ။

သို့တိုင် ကျွင်းရှောင်ယောက်ရှေ့မှာတော့ ကျိချင်းရီဟာ
သူ့ရုပ်တည်ချက်ကို နှိမ့်ချခဲ့ရပြီ ဖြစ်သည်။

ထိုစကားကိုကြားသော်လည်း ကျွင်းရှောင်ယောက်၏
မျက်နှာအမူအရာကတော့ မပြောင်းလဲပေ။

အခြားအမျိုးသား ပါရမီရှင်များဆိုလျှင်တော့
ကျိချင်းရီ၏ တောင်းဆိုမှုကိုကြားလျှင်
စိတ်နှလုံးပျော့ပျောင်းပြီး ကရုဏာပြမပေလိမ့်မည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ကတော့
မတူတော့ပါ။

ကမ္ဘာ့မူလ ဆယ်ခုစလုံးကို သူရယူရမည်။

ကမ္ဘာ့မူလများကို ထည့်မတွက်လျှင်ပင်
အနီးလီတောက်ရှယ်က ရန်ချင်းယင်၏
အမှောင်မင်မော်တယ်မျိုးစေ့ကို လုယက်သွားခဲ့သူ
ဖြစ်သည်။

ထိုသူကိုမသတ်ရလျှင် နှစ်သစ်ကူးအတွက်
သိမ်းထားရမည်လော။

ထို့ကြောင့် ကျွင်းရှောင်ယောက်က
ကျိချင်းရီတောင်းဆိုမှုကို လျစ်လျူရှုကာ
ဘာမျှမပြောတော့ပေ။

သူက ရွှေရောင်နတ်ဆင်ခွန်အားကိုထုတ်ဖော်ကာ
ဖိအားပေးလိုက်၏။

"ဖူး"

လီတောက်ရှယ်၏ အရိုးများအားလုံး ကွဲကြေသွားပြီး သွေးများလည်း အန်ထွက်လာတော့သည်။

"ကျွင်း...ရှောင်...ယောက်"

လီတောက်ရှယ်က အော်ဟစ်လိုက်ပြီး အတွင်းအင်္ဂါများ ရောနှောနေပါဝင်သော သွေးများ အန်ထွက်လာသည်။

ကျွင်းရှောင်ယောက်က ကရုဏာမပြဘဲ သူ့လက်ကို မြှောက်ကာ ဖမ်းဆုပ်ပါလိုက်သည်။

သူက ကမ္ဘာ့မူလ သုံးခုစလုံးကို ဖမ်းယူခဲ့ပေသည်။

"မဟုတ်ဘူး"

လီတောက်ရှယ်က နီရဲနေသောမျက်လုံးများဖြင့် ဟိန်းဟောက်လိုက်သည်။

သူ၏ တစ်ခုတည်းသော အားကိုးရာမှာ ကမ္ဘာ့မူလ စွမ်းအားဖြစ်သည်။

ကမ္ဘာ့မူလမရှိပါက သူဟာ ဘာကောင်မျှမဟုတ်ပေ၊ ဖရိုဖရဲစွမ်းအားကလည်း သူ့အပိုင်မဟုတ်ပေ။

ပြင်းထန်သောဖိအားများက လီတောက်ရှယ်၏ အတွင်းအင်္ဂါများကို ပါးပါးလှီးထားသော အသားများအဖြစ်သို့ တိုက်ရိုက် ပြောင်းလဲသွားစေသည်။

ယခုတော့ အောက်ကမ္ဘာ၏ အသန်မာဆုံး ကောင်းကင်သားတော် လီတောက်ရှယ်လည်း

သေဆုံးသွားခဲ့ရချေပြီ။

ကျွင်းရှောင်ယောက်၏ အသတ်ခံလိုက်ရသော
လီတောက်ရှယ်ကိုကြည့်ကာ ပါရမီရှင်အားလုံး
တိတ်ဆိတ်သွားသည်။

ချေမှုန်းခြင်းဟု ခေါ်ဆိုနိုင်သော
ဤသတ်ဖြတ်မှုမျိုးသည် လူတိုင်းကို
ထိတ်လန့်တုန်လှုပ်စေခဲ့သည်။

ကျိချင်းရီလည်း ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်လေသည်။

သေဆုံးသွားပြီဖြစ်သော လီတောက်ရှယ်အတွက်
ကျွင်းရှောင်ယောက်နှင့်
သူသေကိုယ်သေတိုက်ခိုက်ရန်က လက်တွေ့မကျပေ။

ကျွင်းရှောင်ယောက်က လက်ကိုဝှေ့ယမ်းလိုက်ရာ လီတောက်ရှယ်၏ ကမ္ဘာ့မူလသုံးခုစလုံး ထွက်ပေါ်လာသည်။

ထို့ပြင် အမှောင်အင်မော်တယ် မျိုးစေ့လည်း ထွက်ပေါ်လာ၍ ရန်ချင်းယင်ကို ပစ်ပေးလိုက်လေသည်။

"နောက်ဆုံးတော့ အားလုံးစုပြီးသွားပြီ"

အောက်ကမ္ဘာဆယ်ခု၏ ကမ္ဘာ့မူလအားလုံး နောက်ဆုံးတွင် ကျွင်းရှောင်ယောက်၏လက်ထဲသို့ ကျရောက်သွားရပြီ ဖြစ်သည်။

ယခင်က လီတောက်ရှယ်ဟာ ကမ္ဘာ့မူလအားလုံးကို စုဆောင်းပြီး ကောင်းကင်ဘုရင်ဖြစ်လာရန်

ဆန္ဒရှိခဲ့သည်။

ယခုမူ ကမ္ဘာ့မူလအားလုံးက
ကျွင်းရှောင်ယောက်၏လက်ထဲတွင်
လုံးလုံးလျားလျားရှိနေခဲ့ပေပြီ။

ကျွင်းရှောင်ယောက်၏ အရည်အချင်းနှင့်
ကမ္ဘာ့မူလဆယ်ခု၏စွမ်းအားကို
ပေါင်းလိုက်မည်ဆိုလျှင်...
ကောင်းကင်ကိုဆန့်ကျင်နိုင်သော
ကံကောင်းခြင်းအားလုံးက ကျွင်းရှောင်ယောက်ထံ
ကျရောက်လာလိမ့်မည်။

ထိုအခါ ကျွင်းရှောင်ယောက်က ဘယ်လိုတည်ရှိမှုမျိုး
ဖြစ်လာတော့မည်နည်း။

ကောင်းကင်နှင့်မြေပြင်ပင် လက်မခံလိုသော
ကောင်းကင်ဆန့်ကျင်သည့် တည်ရှိမှုမျိုး
ဖြစ်လာမည်ကို ကြောက်ရသည်။

----------

အခန်း ( ၂၆၀ ) အချိန်က ကောင်းကင်ဂုဏ်ဆောင်
ပါရမီရှင်များ၏ ဦးခေါင်းထက်မှ ဓားနှင့်တူသည်၊
ပါရမီရှင်တို့ သက်ပြင်းချကြရခြင်း။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်ရှိ
ကမ္ဘာ့မူလများက အလိုအလျောက်
ထွက်ပေါ်လာသည်။

ကမ္ဘာ့မူလဆယ်ခုသည် ကျွင်းရှောင်ယောက်အနီး၌

လှည့်ပတ်နေ၏။

ကျွင်းရှောင်ယောက်က ယခုအခါ
အင်မော်တယ်ကေရာဇ်ကဲ့သို့…
စကြဝတေးမင်းကဲ့သို့ပင်…

ယခုအချိန်တွင် ကျွင်းရှောင်ယောက်က
မိုးနှင့်မြေကြားရှိ တစ်ပါးတည်းသော နတ်ဘုရား
ဖြစ်ပုံရသည်။

ဤမြင်ကွင်းက လူတိုင်း၏ မျက်လုံးအကြည်များကို
လေးနက်လာစေခဲ့ပေသည်။

အောက်ကမ္ဘာမှ ပါရမီရှင်မဆိုထားဘိ၊ ကျိချင်းရီ၊
ရှောင်မိုရှန်းနှင့် အခြား အင်မော်တယ်နယ်မြေကြီးမှ
ပါရမီရှင်များပင်လျှင် နေရာတွင်

အေးခဲသွားကြသည်။

အကြောင်းကတော့ ယခုအချိန်တွင်
ကျွင်းရှောင်ယောက်၏ စွမ်းအားများက
သီးခြားဖြစ်တည်မှုဆန်လွန်းသောကြောင့်ပင်
ဖြစ်သည်။

ဝမ့်ချွမ်၏ မျက်လုံးများကတော့ လေးနက်နေဆဲပင်။

သူ့မျက်လုံးတွင် မယုံကြည်နိုင်မှုများလည်း
ဖြစ်နေသည်။

တကယ်တော့ ယင်းက သာမန်ပင်။

သူသည် နှစ်ပေါင်းများစွာ ချိတ်ပိတ်နေခဲ့ပြီးနောက်

ပြန်လည်ထွက်ပေါ်လာချိန်တွင်
မျိုးဆက်သစ်အားလုံးကို အနိုင်ယူနိုင်မည်ဟု
ထင်ထားခဲ့မိသည်။

သို့သော်လည်း ထွက်ပေါ်လာပြီးမကြာမီပင်
အရိုက်ခံလိုက်ရ၏။ ရုတ်တရက်ဆန်လွန်းသော
ဤအပြောင်းအလဲမျိုးမှာ မည်သူ့ကိုမဆို ကြီးစွာသော
အကျိုးသက်ရောက်မှုဖြစ်စေပြီး တာအိုနှလုံးသားကို
တည်ငြိမ်စေရန် ခက်ခဲသည်။

ကျွင်းရှောင်ယောက်က ဝမ့်ချွမ်၊ ကျိချင်းရီနှင့်
ရှောင်မိုရှန်းကို ကြည့်လိုက်သည်။

ဝမ့်ချွမ်၏ မျက်နှာက
သတိထားသောအမူအရာများဖြစ်နေပြီး
သူ့မျက်လုံးများကလည်း လေးနက်နေသည်။

ကျိုချင်းရီကတော့ သက်ပြင်းတစ်ချက်ချပြီး ကျန်းလော့လီကို ထပ်မံမတိုက်တော့ခြင်းဖြင့် သူမ၏သဘောထားကို ထုတ်ပြလိုက်လေသည်။

ရှောင်မိုရှန်းကလည်း ရပ်လိုက်ပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်က သူမထင်ထားသည်ထက် ပိုအားကောင်းပြီး ပြတ်သားလွန်းပေသည်။

"အစ်ကိုရှောင်ယောက်၊ သူက နင့်ကိုသိပ်စော်ကားတာမဟုတ်လို့ ငါ့ကိုတော့ မတိုက်ခိုက်ပါနဲ့နော်။ ငါက ငယ်သေးပြီး အားနည်းတယ်၊ အဲဒါကြောင့် ပြင်းထန်တဲ့ နှိပ်စက်မှုကို မခံနိုင်ဘူး"

ရှောင်မိုရှန်းက သနားစဖွယ်ဟန်ပန်ဖြင့်

မျက်တောင်တဖျတ်ဖျတ်ခတ်ရင်း ပြောလိုက်သည်။

ထိုအခါ ကျန်းလော့လီက ရှောင်မိုရှန်းကို စိုက်ကြည့်လိုက်၏။

ဤအသံက ဘာကြောင့် အနည်းငယ်လွဲမှားသကဲ့သို့ ဖြစ်နေလေသနည်း။

ကျန်းလော့လီက စိုက်ကြည့်လာတာကိုမြင်တော့ ရှောင်မိုရှန်းကလည်း အနည်းငယ်ပြုံးပြီး ပြန်လည်စိုက်ကြည့်လိုက်လေသည်။

လော်လီလေးနှစ်ယောက်က တစ်ဦးကိုတစ်ဦး စိုက်ကြည့်လိုက်ကြသည်။

ကျွင်းရှောင်ယောက်က ရှောင်မိုရှန်းကို ဂရုမစိုက်ဘဲ ဝမ့်ချွမ်ကိုသာ ကြည့်လိုက်သည်။

သူ့အပေါ် ရန်လိုသည့် တစ်ဦးတည်းသော ပုဂ္ဂိုလ်မှာ အနှီဝမ့်ချွမ်ပင် ဖြစ်သည်။

ဝမ့်ချွမ်ဟာ မသိစိတ်မှတုံ့ပြန်မှုဖြင့် နောက်သို့ ခြေလှမ်းနှစ်လှမ်း ဆုတ်သွားခဲ့မိသည်။ သူ့အမူအရာကလည်း အလွန်သတိထားနေရကာ အေးစက်သွား၏။

သူက ကျွင်းရှောင်ယောက်၏ ကမ္ဘာ့မူလဆယ်ခုကို ရယူလိုသော်လည်း ၎င်းမှာ လက်တွေ့မကျကြောင်းကိုလည်း သူသိသည်။

သူ၏ အထွတ်အထိပ်အခြေအနေသို့

ပြန်ရောက်လျှင်ပင် ကျွင်းရှောင်ယောက်ကို
နှိပ်ကွပ်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စ မဟုတ်ပေ။

ကျွင်းရှောင်ယောက်၏ မျက်လုံးက
အရောင်လက်သွားကာ ဝမ့်ချွမ်ကို သေချာကြည့်ပြီး
တွေးလိုက်သည်။

ဤအခိုက်တွင် ကမ္ဘာ့မူလဆယ်ခု တပြိုင်နက်တည်း
ပေါ်ထွန်းလာသောကြောင့် ဖြစ်ပုံရသည်၊ အဝေးမှ
လူစွမ်းကောင်း ဝိညာဉ်ယဇ်ပလ္လင်ကလည်း
ပြောင်းလဲမှုများ စတင်လာလေသည်။

"လူစွမ်းကောင်း ဝိညာဉ်ယဇ်ပလ္လင်
ပြောင်းလဲသွားခဲ့ပြီ"
ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

ထို့နောက် လူစွမ်းကောင်း ဝိညာဉ်ယဇ်ပလ္လင်ကို
တိုက်ရိုက် ပြေးသွားခဲ့လေသည်။

လူစွမ်းကောင်း ဝိညာဉ်ယဇ်ပလ္လင်က
အရေးကြီးဆုံးအရာ ဖြစ်သည်။
ဆန့်ကျင်ဘက်အားဖြင့် ဝမ့်ချွမ်ကို ကိုင်တွယ်ရန်က
အရေးမကြီးပါ။ မည်သို့ဆိုစေ သူက
မည်သည့်လှိုင်းကိုမျှ ပြုလုပ်နိုင်မည် မဟုတ်တော့ပေ။

ကျွင်းရှောင်ယောက်အတွက် လူစွမ်းကောင်း
ဝိညာဉ်ယဇ်ပလ္လင်သို့ ဝင်ရောက်ရန် အခွင့်အရေးက
အဓိကကျသည်။

ကျွင်းရှောင်ယောက်က လူစွမ်းကောင်း
ဝိညာဉ်ယဇ်ပလ္လင်သို့
ပြေးသွားသည်ကိုမြင်လိုက်ရသောအခါ ရှီယု၊

ရန်ချင်းယင်နှင့် ကျန်းလော့လီတို့လည်း နောက်မှ
အနီးကပ်လိုက်သွားခဲ့ကြသည်။

ထိုမြင်ကွင်းကြောင့် ကျိချင်းရီက
ခဏတုံ့ဆိုင်းသွားသော်လည်း ချက်ချင်း
ပြေးလိုက်သွားလေသည်။

ရှောင်မိုရှန်းကလည်း ဝမ့်ချွမ်ကို
တစ်ချက်ကြည့်ပြီးနောက် လူစွမ်းကောင်း
ဝိညာဉ်ယင်ဇ်ပလ္လင်ကို လှည့်ကြည့်လိုက်သည်။

ဝမ့်ချွမ်က အနည်းငယ် ချီတုံချတုံဖြစ်နေသော်လည်း
အောက်ကမ္ဘာ၌ အိပ်စက်နေသည်မှာ
ဤအခွင့်အရေးအတွက်ပင် မဟုတ်ပါလား။

ထို့ကြောင့် သူလက်မလျှော့နိုင်ပေ။

ချက်ချင်းပင် ဝမ့်ချွမ်လည်း ဦးတည်ပြေးသွားခဲ့သည်။

ထို့နောက် ပတ်ဝန်းကျင်မှ ပါရမီရှင်များလည်း
လူစွမ်းကောင်း ဝိညာဉ်ယင်ဇ်ပလ္လင်ဆီသို့
ပြေးဝင်သွားခဲ့ကြသည်။

ကျွင်းရှောင်ယောက်က ဤလူစွမ်းကောင်း
ဝိညာဉ်ယင်ဇ်ပလ္လင်အနီးသို့ မရောက်သေးပေ။

ဤယင်ဇ်ပလ္လင်က မည်မျှ ရှေးကျပြီး
ခမ်းနားလိုက်သနည်း။

၎င်းမှာ ရှေးဟောင်းအရှိန်အဝါများ ပြည့်နှက်နေသော
ကြီးကျယ်ခမ်းနားသည့်

ရှေးဟောင်းတောင်ကြီးတစ်ခုကဲ့သို့ပင်...

ထို့ထက် ထိတ်လန့်စရာအကောင်းဆုံးကတော့ ယဇ်ပလ္လင်ပေါ်မှ အဆုံးမဲ့  အဖြူရောင်အရိုးစုများ ဖြစ်သည်။

နှစ်ပေါင်းများစွာကြာပြီးသည့်တိုင် ထိုအရိုးများက သံတုံးသံခဲကဲ့သို့ မာကျောနေဆဲပင်။

အချို့အရိုးများသည် ကျောက်စိမ်းကဲ့သို့ ရှိကြပြီး အချို့မှာလည်း ရွှေကဲ့သို့ တောက်ပကြသည်။

ဤအရိုးစုများကိုကြည့်လျှင် ၎င်းတို့အသက်မရှင်မီက အလွန်ကြံ့ခိုင်သော ခန္ဓာရှင်များဖြစ်ကြောင်း သိနိုင်သည်။

သို့သော်လည်း သူတို့အားလုံးက လူစွမ်းကောင်း ဝိညာဉ်ယဇ်ပလ္လင်ပေါ်တွင် ကျဆုံးခဲ့ရပြီ ဖြစ်သည်။

ဤနေရာက အခွင့်အလမ်းနှင့် သေမင်းတမန် အန္တရာယ်များရှိသော နေရာတစ်ခုဖြစ်ကြောင်း သိမြင်ကြနိုင်သည်။

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကိုနောက်ပစ်ပြီး ပြောလိုက်သည်။

"အချိန်က ကောင်းကင်ဂုဏ်ဆောင် ပါရမီရှင်တွေရဲ့ ဦးခေါင်းထက်က ဓားနဲ့တူတယ်၊ ငါသာ တာအိုကိုသက်သေပြပြီး ဧကရာဇ်ဖြစ်မလာနိုင်ရင် တစ်ရက်မှာ အရိုးဆွေးသွားရလိမ့်မယ်"

ဤလူစွမ်းကောင်း ဝိညာဉ်ယဇ်ပလ္လင်က

သာမန်ဟာသတစ်ခုမျှသာ ဖြစ်သည်။

ဤနေရာနှင့် ယှဉ်လျှင် ကေရာဇ်လမ်းမှ ယှဉ်ပြိုင်မှုက ယခုထက်ပို၍ ရက်စက်လွန်းလှသည်။

ယင်းက အလောင်းခင်းသောလမ်းမှ လျှောက်လှမ်းရမည်ဖြစ်ပြီး တကယ်ထက်မြက်သော ပါရမီရှင်များသာ လမ်းဆုံးသို့တိုင် ရောက်နိုင်သည်။

ကျွင်းရှောင်ယောက်လည်း တုံ့ဆိုင်းမနေဘဲ လူစွမ်းကောင်း ဝိညာဉ်ယဇ်ပလ္လင်ပေါ်သို့ တိုက်ရိုက်တက်သွားလိုက်သည်။

ပထမခြေလှမ်းကို လှမ်းလိုက်သည်နှင့် မရေမတွက်နိုင်သော ရှေးဟောင်းရုပ်တုများ ပေါ်လာသကဲ့သို့ ယဇ်ပလ္လင်ကြီးတစ်ခုလုံးမှ

အရှိန်အဟုန်ဖြင့်  မြင်ကွင်းမျိုးစုံ
ပေါ်လွင်လာခဲ့ရသည်။

ဤနေရာတွင်ရှိသော အရှိန်အဝါများက
အလွန်ထူးခြားပြီး လူတို့၏စိတ်ကို
အနှောင့်အယှက်ပေးသော အသံများ
ထွက်ပေါ်လာသည်။

ကျွင်းရှောင်ယောက်ကတော့ ဘာမျှမဖြစ်ဘဲ
လူစွမ်းကောင်း ဝိညာဉ်ယဇ်ပလ္လင်ပေါ်သို့
ခြေချလိုက်လေသည်။

သူက ခြေချလိုက်သောအခါ ကျန်းလော့လီ၊ ရီယုနှင့်
ရန်ချင်းယင်တို့လည်း ခြေချလိုက်၏။

ကျွင်းရှောင်ယောက်က တစ်လှမ်းချင်း

တက်သွားလိုက်ချိန်မှာတော့ ဤမျှမခက်ခဲဘူးဟု ထင်ရသည်။

သို့သော်လည်း ကျန်းလော့လီ၊ ရီယုနှင့် အခြားသူများ အားလုံး ကိုယ်တိုင်တက်မိသောအခါမှ မျက်နှာအမူအရာ ပြောင်းသွားခဲ့ရသည်။

ယခုတော့ ကြောက်မက်ဖွယ်ကောင်းသော ဖိအားများကြောင့် အားလုံးမှာ မြေပြင်ပေါ်သို့ ဒူးထောက်လုနီးပါး ဖြစ်ကုန်ကြတော့သည်။

တစ်ချိန်တည်းမှာပင် ရှေးခေတ်မှ ကျဆုံးကုန်သည့် မရေမတွက်နိုင်သော သရဲတစ္ဆေများ ထွက်ပေါ်လာသည်။ ၎င်းတို့၏ အော်သံများက အသိစိတ်ကို ထိုးဖောက်နှောင့်ယှက်သောကြောင့် လုံးလုံးလျားလျား စိတ်တည်ငြိမ်စေရန် ခက်ခဲသည်။

'ကြောက်စရာကောင်းလှချေလား'

ကျန်းလော့လီ၏ မျက်နှာပင်

အနည်းငယ်ဖြူဖျော့သွားခဲ့သည်။

သူမက မူလဝိညာဉ်တာအိုခန္ဓာကို အလျင်အမြန်

အသက်သွင်းလိုက်သောအခါမှ အနည်းငယ်

သက်သာရာရသွားခဲ့လေသည်။

သို့သော်လည်း ဤသည်ကပင်

ကျွင်းရှောင်ယောက်၏အနေအထားကို

ပို၍သိသာစေသည်။

ကျွင်းရှောင်ယောက်က ယဇ်ပလ္လင်ပေါ်သို့

ခြေစလှမ်းခဲ့ချိန်မှစ၍ မနှေးလွန်း၊ မမြန်လွန်းသော

ပုံမှန်ခြေလှမ်းများဖြင့် လှမ်းတက်သွားခဲ့ခြင်း

ဖြစ်သည်။

"ဒီလောက်တောင်ပဲလား"

ဤမြင်ကွင်းကိုမြင်သောအခါ ရှောင်မိုရှန်းလည်း ရေရွတ်လိုက်မိသည်။

သူမက ဤအခြေအနေကိုမယုံသောကြောင့် ယင်ဇ်ပလ္လင်ပေါ်ကို တက်လိုက်သည်။

သို့သော်လည်း ခြေတစ်လှမ်းနှင့်ပင် အပြစ်ကင်းစင်ပြီး ချစ်စရာကောင်းသော ရှောင်မိုရှန်း၏ မျက်နှာလေးက အမူအရာ ပြောင်းလဲသွားရသည်။

ရှောင်မိုရှန်း၏ စွမ်းဆောင်မှုကိုမြင်သောအခါ ကျိချင်းရီနှင့် ဝမ့်ချွမ်က ကြိုတင်စွမ်းဆောင်မှုများ

ပြုလာကြသည်။

သို့သော်လည်း ခြေလှမ်းလိုက်ပြီးသောအခါ
မျက်နှာအမူအရာ ပြောင်းသွားကြရပြန်သည်။

ယခုထိ လူစွမ်းကောင်း ဝိညာဉ်ယဇ်ပလ္လင်ပေါ်သို့
တက်ရုံမျှသာရှိသေးသည်။  ဖိအားများက
ဤမျှကြောက်စရာကောင်းနေပြီ ဖြစ်သည်။

သို့ဆိုလျှင် နောက်ပိုင်းအခြေအနေများက မည်မျှ
ပြင်းထန်မလဲဆိုတာ စိတ်ကူးကြည့်ရန်ပင်
ခက်ခဲသည်။

ကျိုချင်းရီလည်း မျက်ခုံးများ ပူးကပ်သွားကာ
တည်ငြိမ်စွာ လျှောက်လှမ်းနေသော
ကျွင်းရှောင်ယောက်ကို လှမ်းကြည့်လိုက်မိသည်။

တခါတရံတွင် လူများကြားမှ ကွာဟမှုက
အမှန်တကယ် သိသာလွန်းလှသည်။

'ကျွင်းရှောင်ယောက်၊ ဒီကမ္ဘာပေါ်မှာ ဘယ်သူကများ
နင့်ကို အနိုင်ယူပြီး  လှူပ်ရှားစေနိုင်မှာလဲ'
ကျိချင်းရီက သက်ပြင်းချလိုက်သည်။

ကျွင်းရှောင်ယောက်ကဲ့သို့ ပါရမီရှင်တစ်မျိုးနှင့်
ခေတ်တစ်ခုတည်းတွင် နေထိုင်ရခြင်းမှာ
ကံကောင်းခြင်း နှင့် ဝမ်းနည်းခြင်းတို့အား နှစ်မျိုးနှစ်ဖုံ
ခံစားရစေသည်။

ကံကောင်းခြင်းက ဤခေတ်၏ အတော်ဆုံးသော
သက်ရှိပါရမီရှင် ဒဏ္ဍာရီတစ်ဦး မွေးဖွားလာခြင်းကို
သက်သေပြနိုင်သည်။

ဝမ်းနည်းစရာကတော့ ၎င်းတို့မှာ လမင်းဘေးမှ မထင်မရှား ကြယ်ပွင့်များကဲ့သို့ ဤဒဏ္ဍာရီ၏ အရိပ်အောက်တွင် ရှိနေကြရခြင်းသာ ဖြစ်တော့သည်။

----------

အခန်း ( ၂၆၁ ) လက်မှတ်ထိုးဝင်ခြင်း၊ ကြယ်ခုနစ်ပွင့်ဆုလာဘ်... ထိုရှီကေရာဇ်မီးလျှံ။

လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်တွင် လှေကားထစ် တစ်ထောင်ရှိသည်။

လှေကားတစ်ထစ် ပိုတက်လိုက်တိုင်း ဖိအားပိုတိုးလာကာ အမျိုးမျိုးသော

အနှောင့်အယှက်များလည်း ပိုရှိလာတတ်၏။

ယခုဆိုလျှင် ကျွင်းရှောင်ယောက်သာလျှင် ရပ်နားခြင်းမရှိဘဲ အဆက်မပြတ် အရှိန်ဖြင့် ရှေ့ကို ဆက်သွားနိုင်သည်။

ကျိချင်းရီ၊ ဝမ့်ချွမ်၊ ရှောင်မိုရှန်း၊ ကျန်းလော့လီ၊ ရီယု၊ ရန်ချင်းယင်နှင့်  အခြားသူများလည်း တစ်ဆင့်ချင်း တက်လာခဲ့လေသည်။

၎င်းတို့အပြင် အခြားပါရမီရှင်များကလည်း ဤအခွင့်အရေးကို လက်လွှတ်မခံကြပေ။

သို့သော်လည်း ကျိချင်းရီ၊ ဝမ့်ချွမ်၊ ကျန်းလော့လီ၊ ရန်ချင်းယင်တို့ကဲ့သို့ အင်မော်တယ်မျိုးဆက်များ သို့မဟုတ် ရှေးဟောင်းလူထူးဆန်း သို့တည်းမဟုတ်

မင်းမျိုးနွယ်မိသားစုများမှ
ပါရမီရှင်များနှင့်ယှဉ်လျှင်...

ကျန်ပါရမီရှင်များက သိသိသာသာ
အားနည်းကြသည်။

၎င်းတို့အနေဖြင့်
လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်ပေါ်သို့ ခြေချရန်ပင်
မနည်းကြိုးစားရလေသည်။

ထိုအထဲတွင် စိတ်ခံစားချက်များကို မထိန်းနိုင်ဘဲ
ရူးသွပ်နေသလို ငိုရင်းမှ ရယ်မောနေသော
ပါရမီရှင်များလည်း ရှိသည်။

ယင်းက ယဇ်ပလ္လင်ရှိ တစ္ဆေသရဲ
အော်သံများကြောင့်ဖြစ်ပြီး ထိုအသံများမှာ

လူတို့၏စိတ်ကို ရူးသွပ်ဖောက်ပြားစေနိုင်သည်။

ဤအသံများကို ခုခံနိုင်သည်က များစွာမရှိပေ။

စိတ်စွမ်းအားခိုင်မာသော
ပါရမီရှင်အနည်းငယ်မှလွဲလျှင် အများစုက
ဆက်လက်မထိန်းနိုင်တော့ဘဲ ရူးသွပ်သွားကြသည်

"ဟားဟားဟား၊ ငါက ရှေးခေတ်နဲ့ အခုခေတ်မှာ
ပြိုင်ဖက်ကင်းတဲ့ နံပါတ်တစ်ပဲ။ ငါ့ကို
တိုက်ခိုက်နိုင်တဲ့သူ မရှိဘူးကွ"
ပါရမီရှင်တစ်ဦးက အားပါးတရ ရယ်မောလိုက်သည်။

သို့သော်လည်း နောက်အခိုက်တွင် သူ၏ဦးခေါင်းက
ဖရဲသီးတစ်လုံးကွဲသို့ တိုက်ရိုက်ပေါက်ကွဲသွားပြီး
မြင်ကွင်းကလည်း အလွန်ပင် ခြောက်ခြားဖွယ်ရာ

ဖြစ်တော့သည်။

"ငါရပြီကွ၊ အင်မော်တယ်အမွေကို ငါရလာခဲ့ပြီ"

နောက်ပါရမီရှင်တစ်ဦးကလည်း နီရဲနေသော မျက်လုံးများဖြင့် ဝမ်းသာအားရဖြစ်ကာ အော်ဟစ်လိုက်၏။

သို့သော်လည်း သူ့တစ်ကိုယ်လုံး လျှော့ရိုက်ခံရသကဲ့သို့ အကြောဆွဲကာ မြေပြင်ပေါ်သို့ လဲကျသွားတော့သည်။

လူတော်တော်များများအတွက် အခြေအနေများမှာ ထူးဆန်းပြီး ကြောက်စရာကောင်းလှသည်။

အချို့ပါရမီရှင်များကလည်း မျက်နှာများ ဖြူဖျော့လာကာ နှလုံးသားထဲမှ ကြောက်ရွံ့မှုကို

မထိန်းနိုင်တော့ဘဲ ယဇ်ပလ္လင်မှ ဆုတ်ခွာရန် ကြိုးစားလိုက်ကြသည်။

သို့သော်လည်း ထိတ်လန့်စရာကောင်းအောင် ပြန်မဆုတ်နိုင်ကြတော့ပေ။

ထိုအချိန်တွင် ယဇ်ပလ္လင်ထိပ်ပိုင်းမှ ရှေးကျပြီး အိုမင်းသော အသံတစ်ခု ထွက်ပေါ်လာသည်။

"လေးညို့က ပစ်လွှတ်လိုက်တဲ့မြှားမှာ နောက်ပြန်လှည့်စရာမရှိဘူး၊ တာအိုကို သက်သေပြမဲ့လမ်းမှာလည်း နောက်ပြန်လှည့်စရာမရှိဘူး..."

ထိုအသံကိုကြားပြီးနောက် ပါရမီရှင်အများစု အလွန်ဝမ်းနည်းသွားသလို ခံစားလိုက်ရသည်။

လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်သာ
အလွန်ထူးခြားနေကြောင်း သိထားပါက
ဤမျှလွယ်ကူစွာ ခြေချနိုင်မည်မဟုတ်ပေ။

သို့သော်လည်း ယခုအချိန်မှတော့ အံကြိတ်ပြီး
အရှေ့ဆက်ရုံမှတပါး အခြား
ရွေးချယ်စရာမရှိတော့ပါ။

အရှေ့မတက်နိုင်လျှင်ပင် တစ်နေရာတည်းမှာထိုင်ပြီး
အမြတ်တစ်ခုခုရရန် မျှော်လင့်ထားနိုင်သည်။

အဆိုပါ ပါရမီရှင်များလည်း ရှေ့ဆုံးမှ
ကျွင်းရှောင်ယောက်ကိုသာ မနာလိုစွာဖြင့်
ကြည့်နေကြတော့သည်။

ကျွင်းရှောင်ယောက်က သူတို့၏ စိတ်ကူးနိုင်စွမ်းကို
လုံးဝကျော်လွန်သွားခဲ့ပြီ ဖြစ်သည်။

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ
ဝမ့်ချွမ်စိတ်ထဲတွင်လည်း
မကျေမနပ်ဖြစ်သွားခဲ့လေသည်။

ရှေးဟောင်းလူထူးဆန်းအနေဖြင့် သူ့တွင်လည်း
ကိုယ်ပိုင်မာနများ သဘာဝအတိုင်း ရှိသည်။

ငါတို့က တိုက်ပွဲမှာ အနိုင်မရနိုင်သလို
ယင်ဇပလ္လင်မှာလည်း ယှဉ်လို့မရဘူးလား။

ဝမ့်ချွမ်က ဆမ်ဆာရာတာအိုခန္ဓာစွမ်းအားကို
ထုတ်ဖော်လိုက်သည်။ တစ်ချိန်တည်းမှာပင်
လမ်းကြောင်းခြောက်သွယ်

ဆမ်ဆာရာချပ်ပြားအသေးက သူ့အနောက်တွင် ထွက်ပေါ်လာခဲ့၏။

ထိုအခါ သူ၏အရှိန်အဝါက ချက်ချင်းပြောင်းလဲသွားပြီး သတ္တိဗျတ္တိနှင့် ပြည့်စုံကာ လုံ့လဝီရိယရှိသော အစစ်အမှန်နဂါးကဲ့သို့ သန်မာလာတော့သည်။

ဝမ့်ချွမ်၏ အပြုအမူများက အခြားသူများ၏ အာရုံကို ဆွဲဆောင်ခဲ့ပေသည်။

ကျိုချင်းရီက ခေါင်းခါယမ်းလိုက်သည်။

သူ့အမြင်တွင် ဝမ့်ချွမ်၏ လုပ်ရပ်များက စိတ်အားထက်သန်စွာ တိုက်ခိုက်နေခြင်းမျှသာဖြစ်ပြီး ယခုအချိန်ကား

သူရဲကောင်းလုပ်ရမည့်အချိန်မဟုတ်ပေ။

ထိုအရာကိုမြင်တော့ ရီယုနှင့်
ရန်ချင်းယင်၏နှုတ်ခမ်းများက
လျှောင်ပြောင်သရော်ဟန်ဖြင့် တွန့်ကွေးသွားသည်။

သူတို့အမြင်တွင် ကျွင်းရှောင်ယောက်က
ပြိုင်ဘက်ကင်းသော တည်ရှိမှုတစ်ခုပင်။

ဤဝမ့်ချွမ်က အနည်းငယ် နုံအပုံရှိသည်။

သို့သော်လည်း ထိုအချိန်တွင် ကျွင်းရှောင်ယောက်၏
ခြေလှမ်းများက ရုတ်တရက် ရပ်သွားသည်။

ဤအရာက လူများစွာ၏ မျက်လုံးများတွင်

ထူးဆန်းသောအရိပ်အရောင်များဖြင့်
ပြည့်နှက်သွားစေခဲ့ပေသည်။

ကျွင်းရှောင်ယောက်က
အခြားသူများကိုကျော်ဖြတ်ကာ နံပါတ်တစ် နေရာကို
အမြဲထိန်းသိမ်းထားခဲ့သည်။

ယခုမူကား သူက ရုတ်တရက် ရပ်တန့်သွားရာ
အားလုံး နားမလည်နိုင်အောင် ဖြစ်သွားတော့သည်။

'နောက်ဆုံးတော့ မထိန်းနိုင်တော့ဘူးပေါ့'
ဝမ့်ချွမ်၏ မျက်လုံးများက
အရောင်တစ်ချက်လက်သွားသည်။

သူ့အမြင်တွင် ကျွင်းရှောင်ယောက်၏
ယခင်လှုပ်ရှားမှုများက ခက်ခက်ခဲခဲ ဟန်ရေးပြခဲ့ခြင်း

ဖြစ်သည်။

ယခုတော့ သူ့အကန့်အသတ်ကို ရောက်သွားခဲ့ချေပြီ။

အခြားသူများက အံ့အားသင့်ခြင်း၊ စိတ်ရှုပ်ခြင်း
သို့မဟုတ် စိုးရိမ်ပူပန်နေကြချိန်တွင်...

ကျွင်းရှောင်ယောက်၏ မျက်လုံးများက
ပျော်ရွှင်ဝမ်းမြောက်မှုတို့ ဖြစ်ပေါ်နေသည်။

သူရပ်လိုက်ရသည့် အကြောင်းရင်းမှာ ဝမ့်ချွမ်
တွေးထားသည့်အတိုင်းမဟုတ်ပဲ ဘာမျှလည်း
မခက်ခဲခဲ့ပေ။

အကြောင်းမှာ သူ့စိတ်ထဲတွင် စနစ်အသံ

ထွက်လာခဲ့သောကြောင့်ပင် ဖြစ်သည်။

"ပိုင်ရှင်၊ လက်မှတ်ထိုးဝင်ရမဲ့နေရာ...
လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်ကို ရောက်ပါပြီ၊
လက်မှတ်ထိုးဝင်ချင်ပါသလား"

"ဝင်မယ်"

ကျွင်းရှောင်ယောက်ပ တိတ်တဆိတ်ပြောလိုက်သည်။

ဤလူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်တွင်
လက်မှတ်ထိုးဝင်ခြင်းဖြင့် မည်သည့်အရာကို
ရရှိနိုင်မလဲ သူမသိနိုင်ပေ။

"ဒင်၊ ဂုဏ်ယူပါတယ် ပိုင်ရှင်၊
ကြယ်ခုနစ်ပွင့်ဆုလာဘ်... ထိုရှီကေရာဇ်မီးလျှံကို

ရရှိခဲ့ပါပြီ"

စနစ်စကားသံအဆုံးတွင်...

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်တွင်း၌ မီးတောက်များ ရုတ်တရက် ပေါ်လာသည်။

ဤမီးတောက်သည် ရောင်စုံရှိသည်။ ၎င်းသည် မရေမတွက်နိုင်သော နတ်မီးတောက်များကို တညီတညွတ်တည်း ပေါင်းစည်းထားသကဲ့သို့ ကောင်းကင်နှင့်မြေပြင်ကိုပင် လောင်ကျွမ်းစေနိုင်ပုံရသော ကြောက်မက်ဖွယ် အငွေ့အသက်များ ထွက်ပေါ်နေလေသည်။

'ထိုရှို ကေရာဇ်မီးလျှံလား'

ကျွင်းရှောင်ယောက် ပထမတော့ အံ့သြသွားသည်။

ထို့နောက် အလွန် ဝမ်းသာသွား၏။

ကျင့်ကြံသူများအတွက် မီးမျိုးစေ့၏ အရေးပါမှုသည် အင်မော်တယ်မျိုးစေ့များထက် မနိမ့်ကျပေ။

အကြောင်းမှာ နီဗားနားနယ်ပယ်၌ အရေးကြီးဆုံးက ကိုယ်ပိုင်နိဗ္ဗာန်ကို ရှာဖွေရန်နှင့် နတ်နန်းတော်အတွင်းရှိ အစစ်အမှန်ဝိညာဉ်ကို ရှေးဦးဝိညာဉ်အဖြစ်သို့ ပြောင်းလဲရန် ဖြစ်သည်။

ဤသည်မှာ ရုပ်ခန္ဓာမှ စိတ်ဝိညာဉ်အဆင့်သို့ ကြီးမားသော ပြောင်းလဲခြင်းမျိုးဖြစ်ပြီး ကျင့်ကြံခြင်းအတွက်လည်း အရေးကြီးသော အဆင့်တစ်ခုဖြစ်သည်။

ထို့အတူ မီးတောက်၏ အရေးပါပုံကိုလည်း

ယေဘုယျအားဖြင့် သိမြင်နိုင်ပေမည်။

မီးအားကောင်းလေ ကျင့်ကြံသူအား နိမ့်ဗာန်အဖြစ်သို့
အသွင်ပြောင်းပြီး ပြာမှ
ပြန်လည်မွေးဖွားနိုင်လေလေဖြစ်သည်။

ရီယုကိုယ်တိုင်လည်း ထိုအတွက် ရှားပါးသော
ရွှမ်ယွမ်နတ်မီးတောက်ကို ရရှိခဲ့ပြီး ဖြစ်ချေသည်။
ယင်းက အလွန်အဆင့်မြင့်သော မီးဖြစ်သည်။

သို့သော်လည်း ရွှမ်ယွမ်နတ်မီးတောက်သည် သူ့ရှေ့ရှိ
ထိုရှီရှေးကေရာဇ် မီးတောက်သည် လုံးဝမယှဉ်နိုင်ပါ။

အကြောင်းမှုကား ၎င်းက နတ်မီးတောက်ဖြစ်ပြီး
ဤအရာကား ကေရာဇ်မီးတောက်
ဖြစ်နေသောကြောင့်ပင်တည်း။

ဤထိုရှီရှေးကေရာဇ်မီးတောက်က ကျင့်ကြံသူများအတွက် အဆုံးစွန်နိဗ္ဗာန်ကို ရောက်စေနိုင်သည့် မီးအားလုံးကိုစုစည်းပြီးမှ ဖြစ်ပေါ်လာသော အပြင်းထန်ဆုံး ကေရာဇ်မီးပင် ဖြစ်သည်။

ဟုတ်ပေသည်၊ ထိုအတွက် နီဗားနားဒုက္ခကလည်း ပို၍ပြင်းထန်လာမှာ အသေချာပင်။

"ကောင်းပါ့ကွာ၊ အိပ်ငိုက်နေချိန်မှာ ခေါင်းအုံးတစ်လုံး လာပေးလိုက်သလိုပဲ။ မူလက လူစွမ်းကောင်းဝိဉာဉ်ယဇ်ပလ္လင်ပေါ်မှာ တာအိုပေါင်းစည်းခြင်းနယ်ပယ်ကိုပဲ ဖြတ်ကျော်ချင်ခဲ့တာ၊ အခုတော့ နိဗားနားနယ်ပယ်ကိုတောင်

တိုက်ရိုက်ဖြတ်သွားနိုင်လောက်ပြီ"
ကျွင်းရှောင်ယောက် ကျေနပ်စွာဖြင့်
ရေရွတ်လိုက်မိသည်။

ကျွင်းမိသားစုတွင်ပင် ထိုရှီရှေးကောရာဇ်မီးထက်
ပိုမိုမြင့်မားသော မီးတောက်မရှိဟု ခန့်မှန်းရသည်။

ဤမီးတောက်က ကျွင်းရှောင်ယောက်၏
နိဗ္ဗာနအတွက် အသင့်တော်ဆုံးသာ ဖြစ်တော့သည်။

"အစ်ကိုရှောင်ယောက်၊ ရှင် အဆင်ပြေရဲ့လား"
ကျွင်းရှောင်ယောက်က မလှုပ်မယှက်ရပ်နေတာကို
မြင်သောအခါ... သူ့အပေါ် ယုံကြည်မှုကြီးမားသော
ကျန်းလော့လီပင်လျှင်
အနည်းငယ်မသက်မသာခံစားလိုက်ရသည်။

ကျွင်းရှောင်ယောက်လည်း အသိစိတ်ပြန်ဝင်လာပြီး
နောက်ဆုံးမှာတော့ လှုပ်ရှားသွားလေသည်။

သို့သော်လည်း ဤတစ်ခါတော့ သူတစ်ယောက်တည်း
မတက်ဘဲ လက်ကိုမြှောက်ပြီး ဝှေ့ယမ်းလိုက်သည်။

သူက ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ အရှိန်အဝါများဖြင့်
လူစွမ်းကောင်းဝိညာဉ်ယင်ဇ်ပလ္လင်၏ ကြောက်မက်ဖွယ်
ဖိအားများကို တွန်းလှန်ခဲ့လေသည်။

ကျွင်းရှောင်ယောက်က အရှိန်အဝါများကို
ဖြန့်ထုတ်လိုက်သောအခါ ကျန်းလော့လီ၊ ရီယုနှင့်
ရန်ချင်းယင်တို့အပေါ်မှ
ဖိအားများထက်ဝက်ကျော်နီးပါး
လျော့ကျသွားသည်ကို တွေ့လိုက်ကြရသည်။

“ဒါ...”

ကျန်းလော့လီ၏မျက်နှာက ပထမတော့ အေးခဲသွားသည်။ ထို့နောက်တော့ သူမ၏ အံ့သြနေသောမျက်လုံးများတွင် မကြုံစဖူး အလင်းရောင်များ ထွန်းတောက်လာတော့သည်။

ထိုအခါ သူမ၏ အမြန်နှုန်းက တိုးတက်လာပြီး ရှောင်မိုရှန်းနှင့် အခြားသူများကြားမှ ကွာဟချက်ကို ချက်ချင်းထုတ်ဖော်နိုင်လာခဲ့သည်။

ရီယုနှင့် ရန်ချင်းယင်လည်း ဝမ်းသာနေသောမျက်နှာဖြင့် ကျွင်းရှောင်ယောက်ကို ဦးညွတ်လိုက်လေသည်။

"ကျေးဇူးတင်ပါတယ် သခင်လေး"

ပြောဆိုပြီးနောက် သူတို့၏အရှိန်ကလည်း
သိသိသာသာ တိုးတက်လာခဲ့သည်။

ဤမြင်ကွင်းကိုမြင်တော့ ဝမ်းချမ်း
တုန်တုန်ယင်ယင်ဖြစ်သွား၏။

ကျွင်းရှောင်ယောက်က ကိုယ်တိုင်သွားရုံတင်မကဘဲ
အခြားသူများကိုပင် ခေါ်ဆောင်သွားနိုင်သည်။

ဤအတွက် အကြောင်းပြချက် ရှိသလား။

ရှောင်မိုရှန်းလည်း မျက်နှာရှုံ့မဲ့သွားသည်။

ယခုလေးတင် ကျန်းလော့လီက သူမနှင့်
အဆင့်တူနေဆဲဖြစ်သော်လည်း ယခုအခါ သူမကို

အဝေးကြီးတွင် ချန်ထားခဲ့ချေပြီ။

ကွာဟချက်က ကြီးမားလွန်းရာ ရှောင်မိုရှန်းကို လက်မခံနိုင် ဖြစ်စေသည်။

နတ်ဆိုးအင်မော်တယ်ဂိုဏ်းမှ သူတော်စင်တစ်ယောက်အနေဖြင့် သူမ၏ အဆင့်အတန်းနှင့် ခွန်အားသည် ကျန်းလော့လီထက် အားမနည်းပါ။

ထို့ကြောင့် ယခုကဲ့သို့ ကွာဟချက်ကြီးမားခြင်းမှာ လက်မခံနိုင်စရာဖြစ်သည်။

ယင်းကိုတွေးပြီးနောက် ရှောင်မိုရှန်းက ပြောလိုက်သည်။

"အစ်ကိုရှောင်ယောက်၊ နင်နဲ့အတူ

တစ်ယောက်လောက် ခေါ်မသွားချင်ဘူးလား"

ကျွင်းရှောင်ယောက်ကတော့ ဤနတ်ဆိုးမလေးကို တိုက်ရိုက် လျစ်လျူရှုထားသည်။

သူမ၏ အပြစ်ကင်းစင်ပြီး ချစ်စရာကောင်းသော မျက်နှာလေးကိုကြည့်ကာ သာယာနေ၍မရပေ၊ နတ်ဆိုးအင်မော်တယ်ဂိုဏ်း၏ သူတော်စင်တစ်ဦးအနေဖြင့် သူမသည် လူများစွာကို လှည့်စားခဲ့ဖူးသည်။

ကျွင်းရှောင်ယောက်က လျစ်လျူရှုထားတာကိုမြင်သောအခါ ရှောင်မိုရှန်းက အံ့အားသင့်ဖွယ်စကားကို ထပ်မံပြောလာသည်။

"အစ်ကိုရှောင်ယောက်၊ သူများများကို

လျစ်လျူမရှုပါနဲ့၊ ငါရသရွေ့ ဘယ်ပုံစံမဆို အဆင်ပြေတယ်"

----------

အခန်း ( ၂၆၂ ) ကျွင်းရှောင်ယောက်၏ ရည်မှန်းချက်၊ လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်ထိပ်သို့တက်ကာ မကြုံစဖူး လမ်းကြောင်းတစ်ခုကို ဖွင့်လှစ်မည်။

ရှောင်မိုရှန်း၏ စကားကိုကြားတော့ ယောက်ျားသားတို့ နဖူးပေါ်မှ ချွေးအေးများ စီးကျလာသည်။

ဤနတ်ဆိုးသူတော်စင်ဂိုဏ်း၏ သူတော်စင်က အမှန်ပင် ပြောရဲဆိုရဲရှိသည်။

သို့သော်လည်း ရှောင်မိုရှန်း၏စရိုက်က ဤကဲ့သို့ပင်။
သူမက အပြစ်ကင်းစင်စွာ လှပသော်လည်း
ဆွဲဆောင်မှုတစ်မျိုးရှိသည်။

သူမက လမ်းလျှောက်ရာတွင် အမှားအယွင်းမရှိပေ၊
သူမက ကျန်းလော့လီနှင့် လုံးဝခြားနားသော
အမျိုးအစားဖြစ်သည်။

ကျန်းလော့လီက
အပြစ်ကင်းစင်စွာနေထိုင်ခြင်း၏အဓိပ္ပါယ်ကို
နားမလည်သော်လည်း နေတတ်ထိုင်တတ်သည်။

သို့သော်လည်း ရှောင်မိုရှန်း၏ ချစ်စရာကောင်းပြီး
အပြစ်ကင်းစင်သော မျက်နှာနှင့်
ပေါင်းစပ်လိုက်သောအခါ ဤစကားက

အတည်မပေါက်နိုင်ကြောင်း သိပေသည်။

သူမက မနေနိုင်တော့ဘဲ ဝင်ပြောလိုက်သည်။

"နင် နတ်ဆိုးမ၊ အစ်ကိုရှောင်ယောက်ကို ဘာတွေလျှောက်ပြောနေတာလဲ"

"ကျန်းလော့လီ၊ နင် နားမလည်သလို ဟန်ဆောင်နေတာလား"

ရှောင်မိုရှန်းက ရယ်မောလိုက်၏။

"နင်... ဟမ့်၊ အစ်ကိုရှောင်ယောက်ကို တစ်ခုခုလုပ်ဖို့ စဉ်းတောင်မစဉ်းစားနဲ့"

ကျန်းလော့လီ၏ ပါးပြင်များက နီမြန်းလာသည်။

ရှောင်မိုရှန်း၏ အထူး'အသိပညာ'များမှာ

သူမလိုက်မီနိုင်သောအရာ မဟုတ်တော့ပေ။

"မဟုတ်ဘူး၊ မဟုတ်သေးဘူး၊ နင်နဲ့
အစ်ကိုရှောင်ယောက်က အရမ်းရင်းနှီးတယ်၊ နင်နဲ့
အစ်ကိုရှောင်ယောက်က တကယ်ကို
ဘာမှမဆိုင်သေးဘူး မဟုတ်လား"

ရှောင်မိုရှန်းက အံ့ဩဟန်ဆောင်ပြီး ယင်နှင့်ယန်၏
ထူးခြားသောစကားကို ပြောလိုက်သည်။

"နင်..."

ကျန်းလော့လီက ဤအကြောင်းများကို
နားမလည်လျှင်ပင် တစ်ဖက်လူ ဘာကိုဆိုလိုမှန်းတော့
နားလည်နိုင်သေးသည်။

သူ့မျက်နှာက ပန်းသီးတစ်လုံးကဲ့သို့
ချက်ချင်းနီရဲသွားသော်လည်း

ဘာမျှထပ်မပြောတော့ပါ။

ကျွင်းရှောင်ယောက်ပင် မျက်နှာအမူအရာ ပြောင်းသွားရသည်၊ ဤနတ်ဆိုးမလေးက အမှန်ပင် သူ့ထက်ပိုပြီး ပြောတတ်ဆိုတတ်သည်။

သို့သော်လည်း သူ့ခန္ဓာကိုကြည့်တော့ ကျန်းလော့လီနှင့် မတိမ်းမယိမ်းပင်။

"စိတ်မကောင်းပါဘူး၊ ငါစိတ်မဝင်စားဘူး"
ကျွင်းရှောင်ယောက်က ကျန်းလော့လီ၊ အခြားသူများနှင့်အတူ ဆက်တက်သွားခဲ့သည်။

"အစ်ကိုရှောင်ယောက်၊ နင့်ရဲ့ ရှေးဟောင်းမြင့်မြတ်ခန္ဓာက အင်အားအပြည့်ရှိတယ်ဆိုတာ လူတိုင်းသိပါတယ်။

ကျန်းလော့လီတစ်ယောက်တည်းက နင့်ကို
ကျေနပ်နိုင်မှာ မဟုတ်ဘူး၊ ငါက နင့်ကို
ကောင်းကောင်း ဝန်ဆောင်မှုပေးနိုင်ပါတယ်"

ကျန်းလော့လီက
ကျွင်းရှောင်ယောက်အထင်ကြီးစေရန်
လှည့်ဖြားပြောဆိုလိုက်သည်။

ကျွင်းရှောင်ယောက်လည်း ဆွံ့အသွားပြီး
ဘာပြောရမည်မှန်း မသိတော့ပေ။

သူ၏ ရှေးဟောင်းမြင့်မြတ်ခန္ဓာက
အားကောင်းကြောင်းဝန်ခံရမည်ဖြစ်ပြီး
ကျောက်ကပ်နတ်ရတနာ၏ အင်အားကလည်း
ကြောက်စရာပင်။

သို့ရာတွင် သူက ဒီလိုလူစားမျိုးလား။

ဟုတ်လား၊ ဟုတ်လား။

ကျွင်းရှောင်ယောက်က ထပ်မံ လျစ်လျူရှုလိုက်သည်။

တဖြည်းဖြည်း ဝေးကွာသွားသော ကျွင်းရှောင်ယောက်ကိုကြည့်ကာ ရှောင်မိုရှန်းက ခြေဆောင့်လိုက်လေသည်။

"သူတစ်ပါးကို အားကိုးတာထက် ကိုယ့်ကိုကိုယ် အားကိုးတာက ပိုကောင်းပါတယ်"

ကျိချင်းရီက တောက်ပသော မျက်လုံးများဖြင့်ပြောဆိုကာ တိတ်တဆိတ် ဆက်တက်လိုက်သည်။

"ဟုတ်ပါတယ် ကြာဖြူပန်းလေးရယ်၊ နင်က
သန့်စင်ဆုံးပါပဲ"
ရှောင်မိုရှန်းက ရွှဲ့စောင်းကာ ပြောလိုက်သည်။

ကျိချင်းရီလည်း ခေါင်းခါယမ်းပြီး
လျစ်လျူရှုလိုက်၏။

သူမက ပြိုင်ဘက်၏စရိုက်ကို
ကောင်းစွာသိထားသောကြောင့်
ငြင်းခုံရန်မကြိုးစားခဲ့ပေ။

ဝမ့်ချွမ်၏နှလုံးသားမှာလည်း လှုပ်ခတ်နေပြီး
တည်ငြိမ်ရန် ခက်ခဲရသည်။ ကျွင်းရှောင်ယောက်၏
စွမ်းဆောင်မှုက ရှေးဟောင်းလူထူးဆန်းအပေါ်
အမြင်ကို ပြန်လည်ဆန်းသစ်စေခဲ့ပေသည်။

ကျွင်းရှောင်ယောက်က သူ့ခေတ်တွင်ရှိရင်လည်း
အတောက်ပဆုံး ပါရမီရှင်တစ်ယောက်ဖြစ်မှာ
သေချာသည်။

သို့သော်လည်း ဝမ့်ချွမ်က ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏
ရှေးဟောင်းလူထူးဆန်းဖြစ်ကာ
သူ၏စိတ်ဓာတ်ခိုင်မာမှုက လီတောက်ရွှယ်ထက်
သာလွန်သည်။

မကြာမီ သူ၏စိတ်အခြေအနေကို ပြုပြင်ပြောင်းလဲပြီး
တိတ်တဆိတ် ဆက်တက်လိုက်တော့သည်။

အချိန်အတော်ကြာသည်အထိ
လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင် တစ်ခုလုံးက
အနှောင့်အယှက်မရှိခဲ့ပါ။

ယခုဆိုလျှင် ယဇ်ပလ္လင်အထက်ပိုင်းတွင် ခံနိုင်ရည်ရှိသူများက အလွန်နည်းပါးလာခဲ့ပြီ ဖြစ်သည်။

ထိုပါရမီရှင်များဟာ ရှုးသွပ်စွာသေဆုံးသွားသည် သို့မဟုတ် ရှေ့မတိုးနိုင်ဘဲ ရပ်သူ ရပ်ကုန်သည်။

တစ်ဖက်မှာတော့ ကျွင်းရှောင်ယောက်က ရှေ့ဆက်သွားနေဆဲပင်။

သူတင်မကဘဲ ကျန်းလော့လီ၊ ရီယုနှင့် ရန်ချင်းယင်တို့ကိုလည်း ဆက်လက် ခေါ်သွားနေသည်။

ယင်းက လူလေးယောက်၏ဖိအားကို တစ်ယောက်တည်း ခံယူထားသကဲ့သို့ပင် ဖြစ်သည်။

သူတို့နောက်မှာတော့ ကျိုချင်းရီ၊ ဝမ့်ချွမ်၊ ရှောင်မိုရှန်းနှင့် အခြားသူများ ပါဝင်ကြလေသည်။

နောက်ဆုံးတွင်ကား အံကြိတ်ပြီး ဆက်သွားနေသော ပါရမီရှင်တချို့ရှိသည်။

လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်က အပေါ်ရောက်လေ ဖိအားကလည်း ပိုအားကောင်းလေလေပင်။

ထို့ပြင် တာအိုကာရံညီမှုကလည်း အားကောင်းသည်ထက် ပိုအားကောင်းလာသည်။

နောက်ဆုံးတွင် ရန်ချင်းယင်က လှေကားရှစ်ရာထိ တက်လာပြီးနောက် ပထမဆုံး စကားဟခဲ့သည်။

"သခင်လေး၊ ချင်ယင် မရတော့ဘူး"
ယခုအခါ ရန်ချင်းယင်၏မျက်နှာက
အလွန်ဖြူဖျော့နေပေပြီ။

ယင်းက သူမ၏ ကန့်သတ်ချက်သို့
ရောက်ရှိသွားကြောင်း ထင်ရှားသည်။

ရန်ချင်းယင်က ဝါးမျိုခြင်းဖင်းဂေါ့ကျမ်း၏
ဆက်ခံသူဖြစ်ပြီး အင်မော်တယ်နယ်မြေကြီးမှ
ပါရမီရှင်တို့ကို ဝါးမျိုခံသော်လည်း
အောက်ကမ္ဘာမှပါရမီရှင် ဖြစ်နေဆဲပင်။ သူမ၏
တိုးတက်ချိန်ကလည်း အလွန်နည်းပါးပြီး
အချိန်သိပ်မလုံလောက်သေးပါ။

တကယ်တော့ သူမ၏ ကိုယ်ပိုင်ခွန်အားအရ

အထပ်ခြောက်ရာသို့ ရောက်လာလျှင်ပင် အလွန်ကောင်းနေပြီ ဖြစ်သည်။

ယခုတောင် ကျွင်းရှောင်ယောက်၏ အကာအကွယ်ကြောင့် အထပ်ရှစ်ရာသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

"ကောင်းပြီလေ၊ မင်းဒီမှာ နားလည်ပြီး လေ့ကျင့်နိုင်တယ်"

ကျွင်းရှောင်ယောက်က အတင်းမတိုက်တွန်းဘဲ အနည်းငယ် ခေါင်းညိတ်ပြလိုက်သည်။

ရန်ချင်းယင်ကို အတင်းတွန်းအားပေးနေပါက တိုးတက်ရေးအတွက် မကောင်းပေ။

ရန်ချင်းယင်လည်း ခေါင်းညိတ်ပြပြီး

အင်မော်တယ်မျိုးစေ့ကို ထုတ်ယူကာ သန့်စင်ပြီး နားလည်ဆင်ခြင်လိုက်တော့သည်။

လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်ပေါ်တွင် ချိုးဖြတ်နိုင်မည်ဟုလည်း သူမ ယုံကြည်မှုရှိသည်။

ထို့နောက် အပေါ်ထပ်ကိုးရာ့ငါးဆယ်နီးပါးရှိသောအခါ ကျန်းလော့လီနှင့် ရီယုတို့လည်း ရပ်သွားကြလေသည်။

သူတို့လည်း ရှေ့ကို မတိုးနိုင်တော့ပါ။

ကျွင်းရှောင်ယောက်ကလည်း အတင်းမတိုက်တွန်းဘဲ တစ်ယောက်တည်း တက်လာခဲ့လိုက်သည်။

အထပ် ကိုးရာငါးဆယ် သို့မဟုတ်

အထက်သို့ရောက်ရှိလာသောအခါ
မြေတစ်လှမ်းစီတိုင်းက
ဖိအားနှစ်ဆနီးပါးတိုးလာသည်။

ထိုမျှသာမကဘဲ ပတ်ဝန်းကျင်မှ ဝိညာဉ်များကလည်း
အမှန်တကယ် စတင်တိုက်ခိုက်တော့သည်။

မီးငှက်သဏ္ဍာန်ရှိသော ဝိညာဉ်က သူ့ပါးစပ်ကိုဖွင့်ကာ
အနီရောင်မီးတောက်များကို မှုတ်ထုတ်လိုက်သည်။

ကင်းခြေများနှင့်တူသော သတ္တဝါလည်း ရှိသေးသည်။

ကျွင်းရှောင်ယောက်လည်း
အမှောင်နတ်ဘုရားလှံကိုဆွဲကိုင်ပြီး
အရှေ့ဆက်သွားခဲ့သည်။

ဤဝိညာဉ်များသည် ယခင်က ယဇ်ပလ္လင်ပေါ်တွင်
ကျဆုံးခဲ့သော သတ္တဝါများ ဖြစ်သည်။

၎င်းတို့က နှောင်းလူများကို မတက်စေလိုသောကြောင့်
တားဆီးနေကြခြင်း ဖြစ်ချေသည်။

ဤအတွက်ါ ကျွင်းရှောင်ယောက်က
ရွှေရောင်လက်ဝါးပုံရိုပ်ကြီးဖြင့် တိုက်ရိုက်
တွန်းထုတ်လိုက်သည်။

ရှေးဦးဝိညာဉ်အားလုံး သူ့ရှေ့တွင်
ကွဲကြေသွားရသည်။

ကျိချင်းရီနှင့် ရှောင်မိုရှန်းတို့လည်း နောက်ဆုံးတွင်

ကိုးဆယ့်ငါးထပ်တွင်သာ ရပ်သွားခဲ့ကြသည်။

ဆန့်ကျင်ဘက်အနေဖြင့် ဝမ့်ချွမ်က
ဆက်လက်တက်နေဆဲပင်။

လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာချပ်ပြားက
သူ့အနောက်တွင် လည်ပတ်နေကာ ဓမ္မခန္ဓာ၏
စွမ်းအားကလည်း အပြင်းအထန်
လှည့်ပတ်နေခဲ့သည်။

ရှေးဟောင်းလူထူးဆန်းတစ်ယောက်အနေဖြင့် သူ့ကို
မျက်မှောက်ခေတ်မှ ပါရမီရှင်နှင့် နှိုင်းယှဉ်မခံလိုပေ။

သို့ရာတွင် ကိုးရာငါးဆယ်အထက်
ကိုရောက်လာပြီးနောက် အထပ်တိုင်းမှ ဖိအားနှင့်
အတားဆီးများက ပို၍ကြောက်စရာကောင်းလာသည်။

ဤအဆင့်သို့ရောက်သောအခါ
ရှေးဟောင်းလူထူးဆန်း ဝမ့်ချွမ်ပင်လျှင်
တစ်ဆင့်ပြီးတစ်ဆင့်သာ တက်သွားနိုင်သည်။

အဆုံးတွင် ဝမ့်ချွမ်က
အထပ်ကိုးရာခုနစ်ဆယ်ကျော်တွင် ရပ်လိုက်ရပြီး
နောက်ထပ် မလှမ်းနိုင်တော့ပေ။

တကယ်တမ်းတွင် ဤစွမ်းဆောင်ရည်က
အလွန်ကောင်းနေပြီ ဖြစ်သည်။

ခေတ်များတစ်လျှောက်လုံးတွင် အက်ကြောင်းဆယ်ခု
ကမ္ဘာလောကသို့ ဝင်ရောက်ခဲ့သူ မနည်းသော်လည်း
အထပ်ရှစ်ရာအပေါ်သို့ တက်ရောက်နိုင်သူက
သိပ်မများပေ။

ကိုးရာအထက်သို့ တက်နိုင်သူဆိုလျှင်တော့
အလွန့်အလွန် နည်းပါးသည်။

ဆက်သွားနေဆဲဖြစ်သော
ကျွင်းရှောင်ယောက်ကိုကြည့်ကာ ဝမ့်ချွမ်
ခေါင်းငုံ့လိုက်လေသည်။

ကျွင်းရှောင်ယောက်ကို ထပ်မံ ရှုံးနိမ့်ခဲ့ရပြီ။

သူက ခွန်အား ၊ စိတ်ဆန္ဒ ၊ အရည်အချင်း မည်မျှပင်
ရှိပါစေ... ကျွင်းရှောင်ယောက်ကို မမီပါ။

သူ၏ အထွတ်အထိပ်အခြေအနေသို့
ပြန်ရောက်သွားလျှင်ပင် ဤအချက်ကို

မပြောင်းလဲနိုင်ဟု ခန့်မှန်းရသည်။

'သူက လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်ရဲ့ထိပ်ကို တက်ချင်နေတာပဲလား'

ဝမ့်ချွမ်၏ မျက်လုံးများက တုန်လှုပ်သွားခဲ့သည်။

လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်၏ထိပ်ဆုံးက မည်သူမျှ မတက်လှမ်းနိုင်သော ကန့်သတ်နယ်မြေတစ်ခု ဖြစ်လုနီးပါးပင်။

ထို့ပြင် သူသိထားတာတစ်ခုလည်း ရှိသည်။

ကိုယ့်လမ်းကို ဖောက်ချင်သူများအနေဖြင့် ယဇ်ပလ္လင်ထိပ်ကို တက်ရပေလိမ့်မည်။

အကြောင်းမှာ လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်၏ ထိပ်တွင်သာ အောက်ကမ္ဘာဆယ်ခု၏ ကောင်းချီးများအားလုံးကို ရရှိနိုင်သောကြောင့် ဖြစ်သည်။

ကမ္ဘာ့မူလဆယ်ခု၏ အကူအညီဖြင့်ဆိုလျှင်တော့... ကျွင်းရှောင်ယောက်ကအရင်ချိန်မှစ၍ မည်သူမျှ မလျှောက်ဖူးသော လမ်းသစ်တစ်ခုကို ဖွင့်နိုင်ချေရှိသည်။

'ကျွင်းရှောင်ယောက်မှာ ဒီလို ရည်မှန်းချက်တွေ ရှိတာပဲ'

ဝမ့်ချွမ် အသက်ပြင်းပြင်းရှူလိုက်သည်။

ကျွင်းရှောင်ယောက်က ယခုအချိန်မှာပင် ပါရမီရှင်တစ်ဦးထက် အလွန်အစွမ်းထက်ပြီး

စိတ်ကူးကြည့်ရန် ခက်ခဲသည်။

အကယ်၍ သူ့ကိုယ်ပိုင်လမ်းကို ဖောက်နိုင်ခဲ့လျှင်
သူ၏အနာဂတ်က ဘယ်လောက်တောင်
တောက်ပနေမလဲ။

တာအိုကို သက်သေပြပြီး ဧကရာဇ်ဖြစ်လာတာတောင်
ကျွင်းရှောင်ယောက်၏ နိဂုံးချုပ်ဖြစ်မည် မဟုတ်ပေ။

----------

အခန်း ( ၂၆၃ ) သရဲမျက်နှာဖြင့် မိန်းကလေး
ပြန်လည်ထွက်ပေါ်လာခြင်း၊
ကျွင်းရှောင်ယောက်အတွက် လမ်းရှင်းပေးသည်။

လူစွမ်းကောင်းယင်ဇပလ္လင်တွင်
အဆင့်ကိုးရာငါးဆယ်ပြီးနောက် တစ်ဆင့်စီတိုင်းက
ယခင် အဆင့်ကိုးရာငါးဆယ်ထက်
များစွာပို၍ခက်ခဲလာသည်။

ရှေးဟောင်းလူထူးဆန်း ဝမ့်ချွမ်ကဲ့သို့
သန်မာသူတစ်ယောက်ပင်
အဆင့်ကိုးရာခုနစ်ဆယ်ခန့်တွင် ရပ်တန့်နေခဲ့ရပေပြီ။

သို့ရာတွင် ကျွင်းရှောင်ယောက်က
ဆက်လျှောက်သည်။

အရှေ့သို့ရောက်လေ ဖိအားများနှင့်
ကျွင်းရှောင်ယောက်ကိုတားဆီးရန် ဝိညာဉ်များက
ပိုများလာလေလေပင်။

ဤအဆင့်များမှာ ခက်ခဲလွန်းသောကြောင့်
ရှေးခေတ်ကတည်းက လူအနည်းငယ်သာ
ကျော်လွှားနိုင်ခဲ့သည်ဟု ဆိုနိုင်သည်။

ဤအခက်အခဲများနှင့် ရင်ဆိုင်ရသည့်အခါမှာလည်း
ရှေးဟောင်းလူထူးဆန်းများသာ အားနည်းရာမှ
ရုန်းထွက်နိုင်ခဲ့ကြပေသည်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများက
အေးစက်နေပြီး သူ့မျက်နှာကလည်း တည်ငြိမ်သည်။

လူစွမ်းကောင်းယဇ်ပလ္လင်၏ ဖိအားများက သူ့ကို
အလွန်ဒုက္ခရောက်စေမည်မဟုတ်ပေ။

အခြားတစ်ဖက်တွင်မူ ထိုဝိညာဉ်များက
သူ၏နတ်နန်းတော်အတွင်းရှိ အစစ်အမှန်ဝိညာဉ်ကို

သတ်ဖြတ်ကာ သူ့ခန္ဓာကိုယ်ကို
ဖယ်ထုတ်ပစ်လိုကြသည်။

သို့သော်လည်း အခြားရှုထောင့်မှ တွေးကြည့်ရလျှင်…
ကျွင်းရှောင်ယောက်ကဲ့သို့
ပြီးပြည့်စုံသောခန္ဓာကိုမြင်ရလျှင် ဤနေရာရှိ ဝိညာဉ်
ရှစ်ဆယ်ရာခိုင်နှုန်းက ခန္ဓာသိမ်းယူချင်လိမ့်မည်။

သို့ရာတွင် သူ့ခန္ဓာကိုယ်ကို သိမ်းပိုက်လိုသော
ဝိညာဉ်များနှင့် ဆုံရသည့်အခါ
ကျွင်းရှောင်ယောက်၏တုံ့ပြန်မှုများက ရိုးရှင်းသည်။

ရှေးဦးဖရိုဖရဲ နတ်ကြိုတ်ဆုံကြီးအတွင်းသို့
တိုက်ရိုက်ထည့်ကာ ချေမှုန်းခဲ့ပေသည်။

ကြောက်မက်ဖွယ်ရာ ဖရိုဖရဲနတ်ကြိုတ်ဆုံကြီးက

ကောင်းကင်ကိုပင် ဖြိုခွင်းနိုင်သည်။

ယင်းက ဝိညာဉ်များအတွက် ထိရောက်မှုအရှိဆုံး ဝိညာဉ်တိုက်ခိုက်မှု နည်းလမ်းကြီးသာ ဖြစ်တော့သည်။

ထိုရှေးဟောင်းဝိညာဉ်များ မည်မျှပင် အစွမ်းထက်စေကာမူ ကျွင်းရှောင်ယောက်၏ နတ်ကြိတ်ဆုံကြီးအောက်တွင် ဖုန်မှုန့်အဖြစ်သာ ချေမှုန်းခံရသည်။

နောက်ဆုံးတွင် ကျွင်းရှောင်ယောက် ကိုးရာကိုးဆယ့်ကိုးထပ်သို့ တစ်လှမ်းပြီးတစ်လှမ်း လှမ်းတက်နိုင်လာသည်။

သူသည် နောက်ဆုံးထပ်ကို လှမ်းကြည့်လိုက်၏။

ထိုအချိန်တွင် ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာသည်။

လူစွမ်းကောင်းယင်ဇ်ပလ္လင်တစ်ခုလုံးလည်း
တုန်လှုပ်စပြုလာခဲ့၏။

မရေမတွက်နိုင်သော ဝိဉာဉ်များက
ပတ်ဝန်းကျင်လေထုထဲတွင် ထူထဲပြွတ်သိပ်ကာ
ထွက်ပေါ်လာတော့သည်။

ထိုဝိညာဉ်များက ကျိုင်းကောင်များနှင့်တူသည်။

ထိုကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော ဝိဉာဉ်များ၏
တိုက်ခိုက်မှုကို ရင်ဆိုင်ရလျှင် ရှေးဟောင်းလူထူးဆန်း

ဝမ့်ချွမ်သည်ပင် အသတ်ခံရနိုင်လောက်သည်။

၎င်းတို့က ကျွင်းရှောင်ယောက်ကို
အသက်ရှင်ခွင့်မပေးဘဲ သူ၏ ရှေ့ဆက်လမ်းကို
လုံးဝဖြတ်ပစ်ချင်နေခြင်းသာ ဖြစ်တော့သည်။

"အစ်ကိုရှောင်ယောက်"
ထိုမြင်ကွင်းကြောင့် ကျန်းလော့လီနှင့်
အခြားသူအားလုံး စိုးရိမ်ပူပန်သွားကြသည်။

၎င်းတို့သည် ကျွင်းရှောင်ယောက်ကို ယုံကြည်မှုရှိ၏။

သို့သော်လည်း ယခုအချိန်တွင်
တပြိုင်နက်ကြီးထွက်ပေါ်လာသော ဝိညာဉ်များက
မျိုးဆက်သစ် ပါရမီရှင်များ
ကိုင်တွယ်ဖြေရှင်းနိုင်သည့် တည်ရှိမှုမျိုး

မပဟုတ်တော့ပါ။

ဤဝိညာဉ်တိုင်းမှာ တစ်ချိန်က
ဉာဏ်ရည်ထက်မြက်ပြီး ထူးခြားသော
သက်ရှိသတ္တဝါများ ဖြစ်ခဲ့သည်။

ယခုတော့ ထိုသက်ရှိများက မရေတွက်နိုင်အောင်
ပေါ်လာခဲ့ချေပြီ။

ဤမျှများပြားသော ပါရမီရှင်ဝိညာဉ်များ၏
တိုက်ခိုက်မှုကို ဘယ်မျိုးဆက်သစ်လူငယ်များက
ခုခံနိုင်လိမ့်ပါမည်နည်း။

"ကြောက်စရာကောင်းလွန်းတယ်၊ ဒီအဆင့်ကို
ဘယ်သူမှ မကျော်နိုင်ဘူး"
ဝမ့်ချွမ်လည်း ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်။

အမှန်အတိုင်းပြောရလျှင် ကျွင်းရှောင်ယောက်ကို သူအနည်းငယ်သဘောကျသည်။

အကယ်၍ သူသာ မကျဆုံးခဲ့ပါက ဤခေတ်တွင် အတောက်ပဆုံးသော ပါရမီရှင်ဖြစ်လိမ့်မည်မဟုတ်ပါလား။

"ဟင်း... အစ်ကိုရှောင်ယောက် ဒုက္ခရောက်နေပြီ၊ ဒါပေမယ့် ကံမကောင်းချင်တော့ သူ့ခွန်အားကို ငါလည်း မစမ်းသပ်နိုင်ဘူး"

ရှောင်မိုရှန်းလည်း စိတ်မကောင်းဟန်ဖြင့် ခေါင်းခါယမ်းလိုက်သည်။

သူမအမြင်တွင် ကျွင်းရှောင်ယောက်အတွက်

ဤကပ်ဘေးဆိုးကြီးမှ ရှင်သန်နိုင်ရန် မလွယ်ပေ။

ကျိုချင်းရီကတော့ ကျွင်းရှောင်ယောက်ကို
တစ်ချက်ကြည့်ကာ စိတ်ထဲမှ တွေးနေသည်။

ကျွင်းရှောင်ယောက်က အံ့ဩဖွယ်ရာများကို
အမြဲလိုလို ဖန်တီးနေပုံရ၏။

ယင်းက အဓိပဓိယွမ်ထျန်း လျှို့ဝှက်ရတနာနှင့်
ကောင်းကင်တာအိုမျှော်စင်မှာလည်း အတူတူပင်။

ထို့ကြောင့် ရလဒ်များ အပြီးသတ်ခြင်းမပြုမီ
ခန့်မှန်းချက်များကို ပြောင်းပြန်လှန်ပစ်နိုင်သည်။

ဤမျှများပြားသော ဝိညာဉ်များနှင့်

ရင်ဆိုင်ရသည့်အခါ သာမန်ပါရမီရှင်များအတွက်
ဆီးပါကျသည်အထိ
ကြောက်လန့်သွားကြပေလိမ့်မည်။

ကျွင်းရှောင်ယောက်၏ မျက်နှာကတော့
တည်ငြိမ်မှုရှိသည်။

သူက ခြေတစ်ချက်ဆောင့်လိုက်သောအခါ
သူ့ပတ်ဝန်းကျင် လေထုထဲတွင် သူတော်စင်ပုံရိပ်များ
ထွက်ပေါ်လာသည်။

ယင်းက ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ အာရုံများထဲမှ
သူတော်စင်တစ်သောင်း အရိုအသေပေးခြင်း
ဖြစ်ချေသည်။

သဘာဝအာရုံ ထွက်လာသည်နှင့် တပြိုင်နက်

မိုးနှင့်မြေကို ဖြိုချလိုက်သည်။

လေထဲတွင် ပေါက်ကွဲသံများ
ဆက်တိုက်ထွက်ပေါ်လာခဲ့၏။

ဤကြောက်မက်ဖွယ်ကောင်းသော အာရုံ
ဖိအားအောက်တွင် ဝိညာဉ်များစွာ
ပေါက်ကွဲသွားတော့သည်။

သို့သော်လည်း ကျန်ရှိနေသေးသော
ဝိညာဉ်အရေအတွက်က များပြားနေဆဲပင်။

ကျွင်းရှောင်ယောက်က သူ၏
အသန်မာဆုံးတိုက်ခိုက်မှုကို
ထပ်မံထုတ်ဖော်တော့မည့်အချိန်…

သူ့ခန္ဓာကိုယ်ပေါ်ရှိ အိတ်က ရုတ်တရက်ပေါ်လာသည်။

"ဟင်၊ ဒါ..."

ကျွင်းရှောင်ယောက် အံ့သြသွား၏။

ဤအိတ်က သူတို့ကို အက်ကြောင်းဆယ်ခု
ကမ္ဘာလောကသို့ ပို့ဆောင်ပေးခဲ့သော
သင်္ကေတဖြစ်သည်။

ယခင်ကတော့ ကျွင်းရှောင်ယောက်ဟာ ယင်းက
ရှေးခေတ်မှ ပါရမီရှင်မိန်းကလေးတစ်ဦး
ချန်ထားခဲ့သော သင်္ကေတတစ်ခု ဖြစ်မည်ဟု
ခန့်မှန်းခဲ့မိသည်။

သို့သော်လည်း ယခုအချိန်မှာတော့ ဤအိတ်က ပြောင်းလဲလာပေပြီ။

ယင်းမှ အထူးလေထုတစ်ခု ထွက်ပေါ်လာသည်။

ထို့နောက် ကျွင်းရှောင်ယောက်ကို ကာရံထားသည့် လှပသော အရိပ်တစ်ခု ပေါ်လာခဲ့၏။

ဤလှပသောရုပ်သွင်ကိုမြင်သောအခါ ကျွင်းရှောင်ယောက်၏ မျက်လုံးများက အနည်းငယ်တုန်ခါသွားသည်။

လှပသောအသွင်က သူ့ကို အံ့အားသင့်စေခြင်း မဟုတ်ပေ။

အရေးကြီးဆုံးမှာ...

ဤပုံရိပ်ကို သူမြင်ဖူးသည်။

ဤလှပသောပုံရိပ်က မျက်နှာပေါ်တွင်
ရှုံ့မဲ့သောမျက်နှာဖုံးနှင့် မိန်းကလေးတစ်ဦးဖြစ်သည်။

သူမ၏ ခန္ဓာကိုယ်က သေးသွယ်သွယ်လျပြီး
အပြာရောင်ပိုးသားဝတ်စုံကလည်း လေထဲတွင်
တဖျပ်ဖျပ်လွင့်နေသည်။

ကြွက်သားများနှင့် အရိုးများကလည်း နှင်းကဲ့သို့
တောက်ပြောင်ပြီး လှပလေသည်။

ဤလှပသောပုံရိပ်က ကောင်းကင်တာအိုမျှော်စင်၏

လေးဆယ့်ကိုးထပ်တွင်ရှိသော
သရဲမျက်နှာမိန်းကလေးနှင့် အလွန်ဆင်တူသည်။

ကောင်းကင်တာအိုမျှော်စင်မှ သရဲမျက်နှာ
မိန်းကလေးနှင့်ယှဉ်လျှင်
ဤသရဲမျက်နှာနှင့်မိန်းကလေးက
အနည်းငယ်ကြီးပြင်းလာပုံရသည်။ သူမထံမှ
ထူးကဲကာ ကျက်သရေရှိသော အနေအထားကို
စတင်လှစ်ဟလာလေသည်။

"ဒါက သူမပဲလား"
ကျွင်းရှောင်ယောက် အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။

ကောင်းကင်တာအိုမျှော်စင်နှင့်
လူစွမ်းကောင်းယင်ဇ်ပလ္လင်တွင် အဘယ်ကြောင့်

ဤသရဲမျက်နှာမိန်းကလေး၏ ခြေရာလက်ရာများ ရှိနေလေသနည်း။

"ခုနစ်ရောင် လီလီပန်းလေး ပြန်ရှင်သန်လို့ နှစ်တစ်ထောင်အကြာမှာ အင်မော်တယ်လေး ဖြစ်လာခဲ့ပြီလေ..."

"ရှင့်ကိုတွေ့ဖို့ သေမျိုးဖုန်မှုန့်ထဲမှ အနှစ်တစ်ထောင်လောက် ငါစောင့်နေခဲ့ပါတယ်၊ ဒါပေမယ့် အစ်ကို၊ ရှင် ဘယ်မှာလဲ"

သရဲမျက်နှာမိန်းကလေးက ခပ်တိုးတိုး ညည်းညူနေပုံရသည်။ မျက်နှာဖုံးအောက်မှ မျက်လုံးများကလည်း ကျွင်းရှောင်ယောက်ပေါ်သို့ ကျရောက်လာသည်။

ထူးဆန်းသည်မှာ သရဲမျက်နှာမိန်းကလေး

ပေါ်လာခဲ့သောအခါ ယင်ဇပလ္လင်တစ်ဝိုက်ရှိ
ဝိညာဉ်များက ကြောက်ရွံ့ထိတ်လန့်စွာဖြင့်
ဆုတ်ခွာသွားကြသည်။

မြင်ကွင်းသည် ခဏတာ တိတ်ဆိတ်ငြိမ်သက်သွား၏။

ဝမ့်ချွမ်နှင့် အခြားသူများပင်လျှင် အနည်းငယ်
အံ့အားသင့်သွားတော့သည်။

ဘာတွေဖြစ်နေတာလဲ။

ပုံမှန် အကြောင်းပြချက်များအရ
ဤအခြေအနေမျိုးတွင်
နောက်ကြောင်းပြန်လှည့်ရန်ပင် အခွင့်အလမ်း
မရှိနိုင်ပါချေ။

သို့ရာတွင် ကျွင်းရှောင်ယောက်က ရှင်သန်ရန်
အခွင့်အလမ်းကို ပြန်လည်ပြသလာနိုင်သည်။

လီတောက်ရွှယ်သာ ဤမြင်ကွင်းကို မြင်ရပါက
သွေးအန်ကာ အော်ဟစ်နေရပေလိမ့်မည်။

မိုးနှင့်မြေ၏ အဓိကဇာတ်ဆောင်၊
ကံကောင်းခြင်း၏သားတော်ဆိုသည်မှာ အဘယ်နည်း။

ဤလူကမှ မိုးနှင့်မြေ၏ အဓိကဇာတ်ဆောင်ဖြစ်ပြီး
ကံတရားသားတော် ဖြစ်သည်။

ဆန့်ကျင်ဘက်အားဖြင့် အောက်ကမ္ဘာမှ
ကောင်းကင်သားတော်အားလုံးမှာ

ကျွင်းရှောင်ယောက်နှင့် နှိုင်းယှဉ်စရာမရှိပေ။

ကျွင်းရှောင်ယောက် ကိုယ်တိုင်လည်း အနည်းငယ်
အံ့သြသွားသည်။

မထင်မှတ်ပဲ ငါ့ကံက တော်တော်ကောင်းတာပဲ။

ထင်ရှားသည်မှာ ထိုအိတ်က
သရဲမျက်နှာမိန်းကလေး၏ ပိုင်ဆိုင်ခြင်း ဖြစ်သည်။

သရဲမျက်နှာမိန်းကလေးက
ကျွင်းရှောင်ယောက်ကိုလှည့်ကြည့်ပြီး
သူ့လက်ကိုမြှောက်ကာ ကျွင်းရှောင်ယောက်၏ပါးကို
ထိကိုင်လိုဟန်ဖြင့် လှမ်းလိုက်သည်။

သို့သော်လည်း သူမက
သရဲတစ်ကောင်ဖြစ်သောကြောင့်
ကျွင်းရှောင်ယောက်၏မျက်နှာကို
တိုက်ရိုက်ဖြတ်သွားခဲ့ပေသည်။

ကျွင်းရှောင်ယောက်၏ မျက်နှာကတော့
တည်ငြိမ်နေဆဲပင်။ ဤသရဲမျက်နှာနှင့် မိန်းကလေး၏
လုပ်ရပ်ကြောင့်လည်း သူက တုန်လှုပ်ခြင်း မရှိပါ။

သို့သော်လည်း ဤသရဲမျက်နှာ မိန်းကလေးက သူ့ကို
သူ့အစ်ကိုဟု အမှတ်မှားနေတာမှန်း သူသိသည်။

သို့ရာတွင် ကျွင်းရှောင်ယောက်မှာလည်း
သံသယများရှိ၏။

ဤသရဲမျက်နှာမိန်းကလေး၏ အစ်ကိုကြီးက သူကဲ့သို့

ချောမောနိုင်ပါ့မလား။

သရဲမျက်နှာမိန်းကလေးက
သက်ပြင်းတစ်ချက်ချပြီးနောက် ဝိညာဉ်များကို
လှည့်ကြည့်လိုက်လေသည်။

သူက
ကြောက်မက်ဖွယ်အရှိန်အဝါများကိုထုတ်ဖော်ကာ
လက်ကိုဝှေ့ယမ်းလိုက်သည်။

ထိုအခါ လေထဲတွင် အဆုံးမဲ့ ပြန်လည်ရှင်သန်ခြင်း
ခုနစ်ရောင် လီလီပန်းများ ပွင့်လာခဲ့၏။

အနီရောင်ပန်းပွင့်များက ကောင်းကင်တစ်ခုလုံးတွင်
ပြည့်နှက်နေလေသည်။

ဤမြင်ကွင်းက အလွန်လှသည်၊ သို့ရာတွင် အခြေအနေကား ထူးဆန်း၏။

ဝိညာဉ်များဟာ ကြောက်လန့်တကြားအမူအရာဖြင့် အော်ဟစ်ကာ ပန်းပွင့်များအောက်တွင် ပြာအဖြစ်သို့ ပျောက်ကွယ်သွားတော့သည်။

သရဲမျက်နှာဖြင့် မိန်းကလေးက သူ့လက်ကို ဝှေ့ယမ်းပြီး ကျွင်းရှောင်ယောက်အတွက် လမ်းရှင်းပေးခဲ့သည်။

ဝိညာဉ်အားလုံး သေဆုံးရပြီး မည်သူမျှ အသက်ရှင် ကျန်ရစ်ခဲ့သည်။

ကျွင်းရှောင်ယောက်ပင် အနည်းငယ်ဆွံ့အသွားသည်။

သရဲမျက်နှာဖြင့် မိန်းကလေးက သူ၏
လက်နက်တစ်ခုအဖြစ် လိုလိုလားလား
အသုံးပြုနေတာလား။

ကျွင်းရှောင်ယောက်က သူ့လက်တစ်ချောင်းပင်
လှုပ်ရှားရန်ပင်မလိုဘဲ သရဲမျက်နှာဖြင့် မိန်းကလေးမှ
သူ့အတွက် အတားအဆီးအားလုံးကို
သုတ်သင်ဖယ်ရှားသွားခဲ့သည်။

----------

အခန်း ( ၂၆၄ ) ခန္ဓာကျမ်း၏ ဒုတိယတွဲ၊
အသွင်ပြောင်းလဲခြင်းများ။

အတားအဆီးအားလုံးကို ရှင်းထုတ်ပြီးနောက်
သရဲမျက်နှာနှင့် မိန်းကလေးက နောက်ပြန်လှည့်ကာ
ကျွင်းရှောင်ယောက်ကို နက်ရှိုင်းသောအကြည့်ဖြင့်
ကြည့်လိုက်သည်။

သူ့မျက်လုံးအကြည့်များသည် အလွန်ရှုပ်ထွေး၏။
ထိုအကြည့်တွင် ချစ်ခင်မှု၊ တောင့်တမှုနှင့် သံသယ
အနည်းငယ် ရှိနေသည်။

သရဲမျက်နှာနှင့် မိန်းကလေးကိုယ်တိုင်ပင် သူ့ကိုယ်သူ
သေချာပုံမရပေ။

ထို့နောက်တော့ သရဲမျက်နှာနှင့် မိန်းကလေးဟာ
နေရာမှ ပျောက်ကွယ်သွားတော့သည်။

ကျွင်းရှောင်ယောက်၏ မျက်နှာက အနည်းငယ် အရောင်ပြောင်းသွားသော်လည်း အောင်မြင်သွားခဲ့ပြီမို့ ဝမ်းသာရသည်။

ယခုအခါ အတားအဆီးအားလုံးကို ရှင်းလင်းခဲ့ပြီမို့ ကျွင်းရှောင်ယောက်ဟာ လူစွမ်းကောင်း ဝိညာဉ်ယင်ဇ်ပလ္လင်ထိပ်ပေါ်သို့ ခြေချနိုင်ခဲ့ပြီ ဖြစ်သည်။

သူရပ်လိုက်သည့်နေရာဟာ ရှေးခေတ်ကတည်းက ခြေချနိုင်သူ အနည်းငယ်သာ ရှိသည်။

ကျွင်းရှောင်ယောက်ဟာ သရဲမျက်နှာနှင့် မိန်းကလေးကို ၎င်းကို အောင်မြင်စွာ ဖြတ်ကျော်ခဲ့ဖူးသူဟုပင် သံသယဖြစ်နေမိသည်။ မဟုတ်ပါက အခြားဝိညာဉ်များအနေဖြင့် အလွန်ကြောက်လန့်ရန် မဖြစ်နိုင်ပေ။

သို့သော်လည်း ထိပ်ဆုံးကို ရောက်သွားခြင်းက သင်၏ ကိုယ်ပိုင်လမ်းကို ဖောက်လုပ်နိုင်မည်ဟု မဆိုလိုပါ။

ယင်းက မဖြစ်နိုင်သလောက်ရှိသော လမ်းတစ်ခု ဖြစ်သည်။

မိမိလမ်းကို ဤမျှလွယ်ကူစွာဖွင့်နိုင်ပါက ဤသူရဲကောင်းဝိညာဉ်ပလ္လင်တွင် အရိုးများနှင့် ပြည့်နေလိမ့်မည်မဟုတ်ပေ။

ကျွင်းရှောင်ယောက်က ပတ်ပတ်လည်ကို လှမ်းကြည့်သောအခါ ယဇ်ပလ္လင်တစ်ခုလုံး၏ထိပ်တွင် ရိုးရှင်းသော ကျောက်စင်မြင့်တစ်ခုသာရှိသည်။

ကျောက်စင်မြင့်ပေါ်မှာတော့ စာလိပ်တစ်ခု ရှိပေသည်။

"အဲ"

ကျွင်းရှောင်ယောက်၏ မျက်လုံးက
နားလည်ရခက်သော အလင်းရောင်များ
လင်းလက်လာကာ သူ့နှလုံးသားတွင်လည်း
ခန့်မှန်းချက်အချို့ ရှိလာသည်။

သူက လှမ်းတက်ကာ စာလိပ်ကို
ကောက်ယူလိုက်လေသည်။ ယင်းကို အနည်းငယ်
စူးစမ်းကြည့်ပြီးနောက် သူ့မျက်လုံးများတွင်
ပီတိများဖြင့် တောက်ပလာသည်။

ယင်းက သူမျှော်လင့်ထားသည့်အရာတော့ မဟုတ်ပေ။

ဤစာလိပ်က ခန္ဓာကျမ်း၏ ဒုတိယအတွဲဖြစ်သည်။

ကောင်းကင်ကျမ်းကိုးအုပ်သည် အလွန်ရှားပါးပြီး မသေမျိုးလျှို့ဝှက်ချက်ကို ဖုံးကွယ်ထားသည်ဟူသော ကောလဟာလများပင် ရှိသည်။

ကောင်းကင်ကျမ်း၏ အတွဲတိုင်းက အဆုံးစွန်သောတာအိုတစ်မျိုးစီကို ကိုယ်စားပြုသည်။

ဤခန္ဓာကျမ်းကတော့ ခန္ဓာလမ်းစဉ်၏ အဆုံးစွန်ကို ကိုယ်စားပြုလေသည်။

ယခုတော့ ကျွင်းရှောင်ယောက်ဟာ ခန္ဓာကျမ်း၏ အပြည့်အစုံအပြင် ရှေးဟောင်းမြင့်မြတ်ခန္ဓာကိုပင် အသုံးပြုနိုင်ခဲ့ပြီ။

နောင်တွင် ကျွင်းရှောင်ယောက်က နတ်ဘုရားစွမ်းအားကို အသုံးပြုရန်ပင်မလိုပေ၊ သူ၏ ရုပ်ခန္ဓာသက်သက်ဖြင့် ရှေးကောရာဇ် ဖြစ်လာနိုင်လောက်သည်။

ယင်းက စိတ်ကူးယဉ်ခြင်း မဟုတ်ပေ။

ကျွင်းရှောင်ယောက်က ခန္ဓာကျမ်း၏ ဒုတိယတွဲကို တစ်ချက်သာကြည့်ပြီး မလေ့လာသေးပါ ။

နောက်ဆုံးတော့ ယခုက အချိန်ကောင်းမဟုတ်ပါချေ။

နောက်ဆုံးတော့ သူဟာ ထာဝရအင်မော်တယ်အရိုး ပုံဖော်ခြင်းကိုပင် မပြီးပြတ်သေးပေ။ ယခုချိန်တွင် ဒုတိယကျမ်းကို နားလည်ဆင်ခြင်ခြင်းက အနည်းငယ်

အလျင်လိုရာရောက်သည်။

ယခုချိန်တွင် သူ့အတွက် အရေးကြီးဆုံးက သူ့ကိုယ်ပိုင် ခွန်အားကို အသွင်ပြောင်းပြီး လမ်းသစ်ဖွင့်ရန်ပင် ဖြစ်သည်။

ကျွင်းရှောင်ယောက်က ခန္ဓာကျမ်း၏ ဒုတိယတွဲကိုသိမ်းကာ ကျောက်စင်မြင့်ပေါ်တွင် တက်ထိုင်လိုက်သည်။ (TN - အရှေ့ခန်းတွေမှာ ဗလာကျမ်းလို့မှားရေးခဲ့မိပါတယ်။ အဲဒီအတွက် တောင်းပန်ပါတယ်၊ အမှန်က ခန္ဓာကျမ်းပါ)

ချက်ချင်းပင် အဆုံးမဲ့ ကမ္ဘည်းများက တောက်အသောအလင်းများ ဖြာထွက်လာရာ ယင်ဇပလ္လင်တစ်ခုလုံး သက်ဝင်လှုပ်ရှားသွားပုံရသည်။

"ဝုန်း"

မိုးနှင့်မြေကလည်း တုန်ခါလာသည်။

အဆုံးမဲ့ဝိညာဉ်စွမ်းအင်များကလည်း
ဝိညာဉ်ယဇ်ပလ္လင်ထိပ်ဆီသို့ စုဝေးရောက်ရှိသွား၏။

တစ်ချိန်တည်းမှာပင် ပကတိမျက်စိဖြင့် မြင်နိုင်သော
ရွှေရောင်ကံစွမ်းအားများက ကျွင်းရှောင်ယောက်ထံ
အဆက်မပြတ် စုရုံးလာတော့သည်။

လူ့စွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်ကို
အရန်လှျောက်လမ်းတစ်ခုအဖြစ်သာ
မှတ်ယူနိုင်သည်။

သို့သော်လည်း တကယ့်အားကိုးရာကတော့
ပါရမီရှင်၏ ကိုယ်ပိုင်အရည်အချင်း၊

ကျင့်ကြံခြင်းအခြေခံနှင့် စွမ်းရည်တို့အပေါ်တွင် မူတည်သည်။

ယခုအခါမှာတော့ ယဇ်ပလ္လင်ထိပ်တွင် တင်ပျဉ်ခွေထိုင်နေသော ကျွင်းရှောင်ယောက်က အကျိုးကျေးဇူးအများဆုံးရရှိခဲ့ကြောင်း ထင်ရှားသည်။

သူတစ်ယောက်တည်းက မိုးနှင့်မြေ၏ စွမ်းအား ရှစ်ဆယ်ရာခိုင်နှုန်းနှင့် ကံကောင်းခြင်းများကို မျှဝေခံစားရပေသည်။

ကျန်ပါရမီရှင်များကတော့ နှစ်ဆယ်ရာခိုင်နှုန်းကိုသာ အတူတကွ မျှဝေကြရသည်။

ဝမ့်ချွမ်၊ ကျန်းလော့လီ၊ ရီယုနှင့် အခြားသူများလည်း

စတင်လှေ့ကျင့်လိုက်ကြသည်။

ဤသည်မှာ ရှားပါးသော မဟာအခွင့်အရေးကြီးဖြစ်၍
ပါရမီရှင်အားလုံးက  ဂရုတစိုက် လေ့ကျင့်ကြသည်။

ကျောက်စင်မြင့်ပေါ်တွင် တင်ပျဉ်ခွေထိုင်နေသော
ကျွင်းရှောင်ယောက်၏ ရောမဆင်အမှုန်များသည်
အဆုံးမဲ့ ဝိညာဉ်စွမ်းအင်များဖြင့်
နဂါးဆင်မှုန်များအဖြစ်သို့
ချက်ချင်းပြောင်းလဲသွားသည်။

ကျွင်းရှောင်ယောက်လည်း ဤအခွင့်အရေးကို
ဆုပ်ကိုင်ထား၏။

ကျန်ရှိသော ရောမဆင်အမှုန် သုံးသောင်းမှာလည်း
နဂါးဆင်မှုန်များအဖြစ်သို့ လုံးဝပြောင်းလဲခဲ့ပေပြီ။

"ဝုန်း"

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်တွင် ရောမဆင်မှုန်
တစ်သိန်းက နဂါးဆင်မှုန်များအဖြစ်သို့
ပြောင်းလဲသွားသည့် အချိန်...
အနှိုင်းမဲ့နတ်ဆင်ခွန်အားက
 များစွာ တိုးတက်လာသည်။

ကျွင်းရှောင်ယောက်၏ တစ်ကိုယ်လုံးကလည်း
မြင့်မြတ်သော အရှိန်အဝါများ ပေါ်လွင်လာ၏။

သူ့လက်ကို မြှောက်လိုက်သည်နှင့် နတ်အလင်းများ
စုစည်းလာသည်။

ယခင်အတိုင်းဆိုလျှင် ယင်းက
အမှောင်နတ်ဘုရားလုံအဖြစ်သို့

ပြောင်းလဲသင့်ပေသည်။

ယခုမူကား၊ တောက်ပသော နတ်အလင်းများ ပြည့်နေသော ရွှေရောင်လုံတစ်စင်းအဖြစ် ပေါ်လာသည်။

"ကောင်းကင်နတ်ဘုရားလုံ"
ကျွင်းရှောင်ယောက် ရေရွတ်လိုက်သည်။

ယခင် အမှောင်နတ်ဘုရားလုံက သန်မာသော မြေအောက်မီးတောက်ဖြင့် ငရဲ၏အရှိန်အဝါကို ထုတ်လွှတ်သည်။

ယခုမူကာ အနှိုင်းမဲ့နတ်ဆင်ခွန်အား ချိုးဖြတ်သွားခြင်းဖြင့် သူ၏အမှောင်နတ်ဘုရားလုံသည်

ကောင်းကင်နတ်ဘုရားလှုံအဖြစ်သို့
ပြောင်းလဲသွားခဲ့ရပေပြီ။

အဖျက်စွမ်းအားက အဆများစွာ
အားကောင်းလာရုံသာမကဘဲ ငရဲနတ်ဆိုးများကို
ဖိနှိပ်နိုင်သော မြင့်မြတ်သည့် အရှိန်အဝါများပင်
ထွက်ပေါ်လာသည်။

အသွင်ကူးပြောင်းရေးက ထိုမျှသာမကပေ။

အနှိုင်းမဲ့နတ်ဆင်ခွန်အား၏
ခုခံကာကွယ်ရေးနည်းလမ်း၊ အမှောင်နတ်ဘုရား
အကာကွယ်ကလည်း အသွင်ပြောင်းသွားခဲ့ပေပြီ။

အမှောင်နတ်ဘုရားအကာကွယ်က
ရွှေရောင်အနားသတ်ထားသော

အဖြူရောင်ဝတ်စုံအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ဝတ်စုံပေါ်တွင် မရေတွက်နိုင်သော နတ်ဘုရားပုံစံ
အမှတ်အသားများလည်း ရှိနေသည်။

ယင်းကို ကောင်းကင်နတ်ဘုရားဝတ်စုံဟု
အမည်ပေးထားပြီး အမှောင်နတ်ဘုရားအကာကွယ်မှ
ပြောင်းလဲလာသော အရာဖြစ်သည်။

ကောင်းကင်နတ်ဘုရားဝတ်စုံ၏ ခုခံနိုင်စွမ်းက
အမှောင်နတ်ဘုရားအကာကွယ်ထက် များစွာ
မြင့်မားလှပေသည်။

အသွင်ကူးပြောင်းရေးက မပြီးသေးပေ။

နတ်ဆိုးတောင်ပံများ၏ မကောင်းသော
အငွေ့အသက်များကလည်း ပျက်ပြယ်သွားကာ
လွတ်လပ်သော အဖြူရောင် အတောင်ပံများအဖြစ်
ထပ်မံ ပြောင်းလဲသွားရသည်။

လွတ်လပ်မှု၏အတောင်ပံများက ကြီးကျယ်သော
လွတ်လပ်မှုကို ဆိုလိုသည်။

လွတ်လပ်ပြီး အနှောင်ဖွဲ့ကင်းသော
အတောင်ပံတစ်စုံဖြင့် ကျွင်းရှောင်ယောက်
ကောင်းကင်ကိုးပါးနှင့် ကမ္ဘာဆယ်ခုကို
စိတ်ကြိုက်လှည့်ပတ်နိုင်ပေမည်။

ငရဲမီးပြင်းဖိုကလည်း မိုးမြေမီးပြင်းဖိုအဖြစ်သို့
ပြောင်းလဲသွားပြီး ဖိနှိပ်ခြင်းနှင့်
သန့်စင်ခြင်းစွမ်းအားက အရည်အသွေးပိုင်းတွင်

တိုးတက်ကောင်းမွန်လာခဲ့သည်။

အခြားအရာများ ဘေးဖယ်ထားလျှင်ပင် အနှိုင်းမဲ့
နတ်ဆင်ခွန်အားတစ်ခုတည်းက
ကျွင်းရှောင်ယောက်ကို
များစွာတိုးတက်လာစေခဲ့ပေပြီ။

အသန်မာဆုံး လက်နက်၊ ကောင်းကင်နတ်ဘုရားလှံ။

အခိုင်မာဆုံးဒိုင်း၊ ကောင်းကင်နတ်ဘုရားဝတ်စုံ။

အမြင့်မားဆုံးအမြန်နှုန်း၊
လွတ်လပ်မှု၏အတောင်ပံများ။

အသန်မာဆုံး သန့်စင်မှု၊ မိုးမြေ မီးပြင်းဖို။

ထို့ပြင် နဂါးဆင်အမှုန်အမွှား တစ်သိန်းကလည်း ကျွင်းရှောင်ယောက်ကို ကြောက်မက်ဖွယ်ကောင်းအောင် နတ်ဘုရားစွမ်းအား တစ်ဆယ်ဘီလီယံအထိ ယူဆောင်လာခဲ့သည်။

ယင်းက သာမန်လူများ၏ စိတ်ကူးနိုင်စွမ်းကို ကျော်လွန်ပြီး လူတိုင်းကိုထိတ်လန့်စေနိုင်သည်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများက တောက်ပနေခဲ့သည်။

နဂါးဆင်အမှုန်များပြီးလျှင်တော့ မူလဆသ်အမှုန့်များ ရှိပေသည်။

သို့ရာတွင် မူလဆင်အမှုန်များက ရုပ်ခန္ဓာအင်အားကို

မတိုးစေပါ။

အကြောင်းမှာ တစ်ဆယ်ဘီလီယံ ဂျင်ခွန်အားက
လက်ရှိ သူ့အဆင့်၏  ကန့်သတ်ချက်သို့
ရောက်ရှိသွားသောကြောင့် ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ နယ်ပယ်က ပြောင်းလဲသွားပြီး
သူ့အဆင့်က တိုးမလာဘူးဆိုလျှင်
ခန္ဓာကိုယ်ကြံ့ခိုင်မှုကလည်း တိုးတက်လာရန်
မဖြစ်နိုင်တော့ပါ။

မူလဆင်အမှုန်များက စိတ်ဝိညာဉ် စွမ်းအားကို
မြှင့်တင်ပေးသည်။

နဂါးဆင်အမှုန်တစ်သောင်းကို
မူလဆင်အမှုန်တစ်သောင်းအဖြစ်သို့

ပြောင်းလဲလိုက်တိုင်း ကျွင်းရှောင်ယောက်၏
စိတ်ဝိညာဉ်စွမ်းအားကလည်း နှစ်ဆတိုးလာနိုင်သည်။

အကယ်၍ နဂါးဆင်အမှုန်တစ်သိန်းကို
မူလအမှုန်များအဖြစ်သို့ ပြောင်းလဲလိုက်ပါက
ကျွင်းရှောင်ယောက်၏ ဝိညာဉ်စွမ်းအားသည် မည်မျှ
အားကောင်းလာမည်နည်း။

ယင်းက ကျွင်းရှောင်ယောက်ကိုယ်တိုင်ပင်
စိတ်ကူးမယဉ်နိုင်တော့မှာကို ကြောက်ရသည်။

မူလဆင်အမှုန်များ၏
အသွင်ပြောင်းမှုအောင်မြင်ပြီးနောက်
အနှိုင်းမဲ့နတ်ဆင်ခွန်အားသည်
နောက်ထပ်စွမ်းရည်တို့ကို ဖွင့်ပေးလာလိမ့်မည်။

ဆင့်ခေါ်ခြင်းငရဲမုခ်ဝ။

အချိန်ကျသောအခါ ကျွင်းရှောင်ယောက်က အရာခပ်သိမ်းကို သုတ်သင်ရန်အတွက် ထောင်ပေါင်းများစွာသော အသူရာ နတ်ဆိုးများကို ဆင့်ခေါ်နိုင်လိမ့်မည်။

'အနှိုင်းမဲ့နတ်ဆင်ခွန်အားက အစပိုင်းကို ပြီးမြောက်ပြီမို့ ထာဝရအင်မော်တယ်အရိုးကို အသွင်ပြောင်းခြင်းသည် ပိုကောင်းမယ်'
ကျွင်းရှောင်ယောက်က စိတ်ထဲမှ တွေးလိုက်သည်။

သူသည် ယခင်က အင်မော်တယ်အရင်းအမြစ်များနှင့် ကြယ်အမြုတေများကိုသုံးကာ ထာဝရအင်မော်တယ်အရိုးကို သန့်စင်ခဲ့သည်။

ကျွင်းရှောင်ယောက်က ဉာဏ်အလင်းပွင့်ပြီး
ကိုယ်ပိုင်လမ်းကိုမဖောက်လုပ်မီသူ့အခြေအနေနှင့်
ခွန်အားကို အထွတ်အထိပ်သို့ မြှင့်တင်လိုပေသည်။

သို့မှသာ ယုံကြည်မှု ပို၍ရှိလာမည်ဖြစ်သည်။

ကျွင်းရှောင်ယောက်သည် မိုးမြေမီးပြင်းဖိုကို
ဆင့်ခေါ်လိုက်၏။

ကျွင်းရှောင်ယောက်က အင်မော်တယ်အရင်းအမြစ်နှင့်
ကြယ်အမြုတေ နှစ်ခုစလုံးကို ပေါင်းထည့်ကာ
အရှိန်ပြင်းပြင်းဖြင့် စွမ်းအင်အဖြစ်သို့ ပြောင်းလဲပြီး
သူ့ခန္ဓာကို အားဖြည့်လိုက်သည်။

သူ့ခန္ဓာရှိ နေရာတိုင်းမှ နတ်အလင်းများ
ထွက်ပေါ်လာသည်။

ထာဝရအင်မော်တယ်အရိုး အရေအတွက်ကလည်း တဖြည်းဖြည်း တိုးလာခဲ့၏။

ခုနှစ်ဆယ်၊ ခုနစ်ဆယ့်တစ်၊ ခုနစ်ဆယ့်နှစ်…

တစ်ရာ၊ တစ်ရာ့တစ်၊ တစ်ရာ့နှစ်…

နောက်ဆုံးတွင် အင်မော်တယ်အရင်းမြစ်များနှင့် ထောင်ချီသည့် ကြယ်အမြုတေများကို သန့်စင်ပြီးနောက်…

ကျွင်းရှောင်ယောက်၏ ထာဝရအင်မော်တယ်အရိုး အရေအတွက်ကလည်း တစ်ရာ့လေးဆယ်အထိ ရှိလာခဲ့တော့သည်။

ဆိုလိုသည်မှာ ကျွင်းရှောင်ယောက်၏ ခန္ဓာနှင့် ခြေလက်များ အပါအဝင် တစ်ကိုယ်လုံးကို ထာဝရအင်မော်တယ်အရိုးဖြင့် ဖုံးအုပ်သွားခဲ့ပြီ ဖြစ်သည်။

၎င်းက စစ်မှန်သော ထာဝရအင်မော်တယ်ခန္ဓာနှင့် ပို၍ နီးကပ်လာခဲ့ပြီ ဖြစ်သည်။

----------

အခန်း ( ၂၆၅ ) ရှေ့ဆက်ဖို့ လမ်းဖွင့်ရန် ဆုံးဖြတ်ချက်ချခြင်း၊ မင်းသမီးလုံကျိ၏ ဒေါသ၊ နှစ်သွယ်မျက်လုံး ကျွင်းလုံခန်း ထပ်မံစိန်ခေါ်မည်။

အဆုံးမဲ့ အင်မော်တယ်အလင်းများက

ကျွင်းရှောင်ယောက်၏ တကိုယ်လုံးတွင်
ပျံ့လွင့်နေသည်။

သူ၏ ခန္ဓာကိုယ်ရှိ ထာဝရအင်မော်တယ်အရိုး
အရေအတွက်ကလည်း နှစ်ဆတိုးလာခဲ့ပေပြီ။

ယင်းက သေးငယ်သောပမာဏ မဟုတ်ပါ။

ထာဝရအင်မော်တယ်အရိုး၏
နောက်ထပ်အပိုင်းတစ်ခုစီက ကျွင်းရှောင်ယောက်ကို
ကြီးမားစွာ တိုးတက်လာစေနိုင်သည်။

ထို့ပြင် ယခုအခါ ထာဝရအင်မော်တယ်အရိုးက
ခုနစ်ဆယ်အထိ တပြိုင်နက်တည်း တိုးတက်ခဲ့ပေပြီ။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်၏
ကြွက်သားများနှင့် အရိုးများက ဖြူစွတ်နေပြီး
ပန်းချီကားထဲမှ မသေမျိုးတစ်ဦးကဲ့သို့ တကိုယ်လုံး
တောက်ပနေခဲ့ပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်က နတ်တစ်ပါးဟု ဆိုလာလျှင်ပင်
မည်သူမျှ ငြင်းလိမ့်မည်မဟုတ်ပေ။

ယခုအခါ ကျွင်းရှောင်ယောက်က အထွတ်အထိပ်သို့
ရောက်ရှိသွားခဲ့ပြီဟု ဆိုနိုင်သည်။

"အခု ဖြတ်ဖို့အချိန်ရောက်ပြီ"
ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

သူ၏နယ်ပယ်က ပေါင်းစည်းခြင်းနယ်ပယ်၌သာ

ရှိနေပါသေးသည်။

ယင်းက မချိုးဖြတ်နိုင်ခြင်းမဟုတ်သော်လည်း
အတင်းအကြပ် ဖိနှိပ်ခြင်းမျိုး မဟုတ်ပါချေ။

ကျွင်းရှောင်ယောက်အတွက်
နယ်ပယ်ဖြတ်ကျော်ခြင်းက
လေပြေလေညှင်းကဲ့သို့ပင်။

နယ်ပယ်တစ်ခုတည်းကို ဖြတ်ကျော်သွားခြင်း
မဆိုထားနှင့်…

ကျွင်းရှောင်ယောက်အတွက် ပိတ်ဆို့ခြင်းဟူ၍
မရှိနိုင်ပါ။

အနည်းဆုံးတော့ သူ့နယ်ပယ်ဟာ သူတော်စင်ဖြစ်မလာသေးသရွေ့ အတားအဆီးရှိမည်မဟုတ်ပါချေ။

'နောက်ဆုံးတော့ စတင်ဖို့အတွက် အချိန်ကျပြီ၊ လမ်းကြောင်းဖွင့်တာက ဘယ်လောက်ခက်ခဲလဲဆိုတာ ကြည့်ရအောင်'

ကျွင်းရှောင်ယောက် စိတ်ထဲမှ ရေရွတ်လိုက်သည်။

အကယ်၍ အခြားပါရမီရှင်တစ်ဦးသာ ကျွင်းရှောင်ယောက်၏နေရာတွင် ရောက်နေပါက၊ အလွန်အလေးအနက်ထားပြီး ကြောက်ရွံ့နေရမည်ဖြစ်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ကတော့ မတူပါချေ။

သူက ပေါ့ပေါ့ပါးပါးနှင့်
သက်တောင့်သက်သာရှိသည်။

ယင်းက ကျွင်းရှောင်ယောက်၏
အကြွင်းမဲ့ယုံကြည်မှုကို ကိုယ်စားပြုသည့်
တည်ငြိမ်မှုမျိုးပင် ဖြစ်သည်။

ပြိုင်ဘက်ကင်း ပါရမီ၊ အထူးစနစ်တစ်ခုနှင့် သူ့အဖို့
မိုးနှင့်မြေ၏ ပါရမီရှင်များကိုပင် ပုရွက်ဆိတ်များကဲ့သို့
နင်းချေသွားနိုင်သည်။

ကျွင်းရှောင်ယောက်၏ ပြိုင်ဘက်ကောင်းက
အခြားပါရမီရှင်များ မဟုတ်ပါ… ယင်းက
သူကိုယ်တိုင်သာ ဖြစ်သည်။

ကျွင်းရှောင်ယောက်လုပ်ရမည့်
တစ်ခုတည်းသောအရာက သူ့ကိုယ်ကို
အမြဲကျော်လွန်ပြီး လုံးဝအထွတ်အထိပ်သို့
ရောက်ရှိနိုင်ရန်ပင်။

'စမယ်'

ကျွင်းရှောင်ယောက်က ကမ္ဘာ့မူလဆယ်ခုကို
ထုတ်ဖော်လိုက်သည်။

တိုက်ကြီးဆယ်ခုမှ ကမ္ဘာ့မူလများသည် သူ့ကို
ဝန်းရံထား၏။

ကမ္ဘာ့မူလတစ်ခုစီက သန့်စင်ခြင်း၊ ရှေးကျခြင်းနှင့်
သန်မာသော စွမ်းအားကို ထုတ်လွှတ်နေလေသည်။

ယင်းက စကြာဝဠာ၏ မူလစွမ်းအား ဖြစ်သည်။

ဤသည်မှာ အလွန်လျှို့ဝှက်ဆန်းကြယ်ပြီး
အစွမ်းထက်သည့် အဆုံးစွန်သော စွမ်းအင်တစ်ခု
ဖြစ်သည်။

ထို့ကြောင့်ပင် ကျွင်းကျန်းထျန်းက
ကျွင်းရှောင်ယောက်ကို နတ်မျိုးစေ့အဖြစ်
အသုံးပြုစေခြင်း ဖြစ်သည်။

ဤနည်းဖြင့် ကျွင်းရှောင်ယောက်ဟာ စကြဝဠာ၏
မူလစွမ်းအားကို ထိန်းချုပ်နိုင်ပြီး အရာခပ်သိမ်းကို
ပြောင်းလဲကာ ကမ္ဘာကိုပင် ဖန်တီးနိုင်စွမ်းရှိပေမည်။

သို့ရာတွင် ဤအခြေအနေက ကျွင်းကျန်းထျန်းပင်
မစဥ်းစားနိုင်မှာကို ကြောက်ရသည်။

ကျွင်းရှောင်ယောက်သည် ရည်မှန်းချက် ကြီးမား၏။

ထိုမျှလောက်နှင့် သူမကျေနပ်ပေ။

ယင်းအစား သူသည် ကမ္ဘာ့မူလဆယ်ခုစလုံးကို
စုစည်းပြီး မည်သူမျှ မသွားလာဖူးသော
လမ်းကြောင်းသစ်ကို ဖွင့်လှစ်လိုကြသည်။

ဤလမ်းသည် အလွန်ခက်ခဲ၏။

သို့သော်လည်း အောင်မြင်ရင်တော့
အံ့သြစရာကောင်းသည့် စွမ်းဆောင်မှုတစ်ခု
ဖြစ်လာပေလိမ့်မည်။

ယခုအခါ ကျွင်းရှောင်ယောက်၏ တစ်ခုတည်းသော ရည်မှန်းချက်က ခေတ်အဆက်ဆက်၌ အသန်မာဆုံးဖြစ်လာရန် ဖြစ်သည်။

သူသည် အရာအားလုံးကို ကျော်ဖြတ်ပြီး အမြင့်ဆုံးသို့ရောက်လိုသည်၊ ယခင်က မည်သူမျှ တစ်ခါမှမမြင်ဖူးသော အရာအားလုံး၏အလွန်သို့ ရောက်ရှိလိုပေသည်။

ဤအဆုံးစွန်သောပန်းတိုင်အတွက် ကျွင်းရှောင်ယောက်ဟာ အရာအားလုံးကို လုပ်ဆောင်နိုင်သည်။

ကျောက်စင်ပေါ်တွင် ကျွင်းရှောင်ယောက်က နတ်ဘုရားကဲ့သို့ တင်ပျဉ်ခွေထိုင်နေသည်။

ကမ္ဘာ့မူလဆယ်ခုကလည်း ကမ္ဘာငယ်ဆယ်ခုကဲ့သို့ ကျွင်းရှောင်ယောက်ကို ဝန်းရံထား၏။

ကျွင်းရှောင်ယောက်လည်း မျက်လုံးကိုမှိတ်ပြီး နားလည်ဆင်ခြင်လိုက်တော့သည်။

သူ၏ နားလည်မှုကိုတော့ အထူးပြောနေစရာမလိုပါ။

နားလည်နိုင်စွမ်းနှင့်ပင်သတ်သက်လျှင် ကျွင်းကျန်းထျန်းနှင့် ဘိုးဘေးဆယ့်ရှစ်ကိုပင် တုန်ယင်သွားစေခဲ့ဖူးသည်။

ကျွင်းရှောင်ယောက်၏ နားလည်နိုင်စွမ်းက တကယ်ကို ကြောက်စရာပင်။

ရှုပ်ထွေးပြီး ထူးဆန်းသော သိုင်းပညာများပင် သူ့ကို မတားဆီးနိုင်ပေ။

သို့သော်လည်း ဤတစ်ကြိမ်မှာတော့ နတ်ဘုရားသိုင်းများကို နားလည်ရန် မဟုတ်တော့ပါ၊ ယင်းက ကိုယ်ပိုင်လမ်းကိုဖွင့်ပြီး သင့်ကိုယ်ပိုင်လမ်းကို ကျွမ်းကျင်အောင်လုပ်ရန် ဖြစ်သည်။

ယင်းက အလွန့်အလွန် ခက်ခဲမည်ဆိုတာ သံသယရှိစရာ မလိုပေ။

ခေတ်အဆက်ဆက်မှ မရေတွက်နိုင်သော ပါရမီရှင်များ ဤနေရာတွင် ကျဆုံးခဲ့ရပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်က တင်ပျဉ်ခွေထိုင်ပြီး နားလည်ဆင်ခြင်လိုက်ချိန်တွင်

တာအိုစည်းချက်များက လေထဲတွင် စိမ့်ဝင်ပြီး
အင်မော်တယ်သံစဉ်ကဲ့သို့ ရှိလာသည်။

ကမ္ဘာဆယ်ခုမှ ကံကောင်းခြင်းနှင့်
ဝိညာဉ်စွမ်းအင်များကလည်း ကျွင်းရှောင်ယောက်ထံ
ရောက်ရှိလာ၏။

ကျွင်းရှောင်ယောက်ကို ကောင်းချီးပေးနေသော
ကောင်းကင်ဘုရင်၏ ကံကောင်းခြင်းလည်း ရှိသည်။

ကမ္ဘာ့မူလဆယ်ခုစလုံးကို တစ်ဦးတည်း
စုဆောင်းနိုင်ပါက အရာအားလုံးကို ကျော်လွှားပြီး
ကောင်းကင်ဘုံကို စိန်ခေါ်နိုင်သော လုပ်ရပ်များကို
အောင်မြင်သွားရန် အရည်အချင်းပြည့်မီသည်။

ကျွင်းရှောင်ယောက်က ပြောင်းလဲခြင်းများကို

စတင်နားလည်ချိန်တွင်...

ယင်ဇ်ပလ္လင်ပေါ်ရှိ အခြား ပါရမီရှင်များကလည်း ကိုယ်ပိုင် ရိတ်သိမ်းမှုများ ရှိလာသည်။

ရန်ချင်းယင်က အမှောင်အင်မော်တယ်မျိုးစေ့ကို သန့်စင်ပြီး တာအိုပေါင်းစည်းခြင်းနယ်ပယ်၊ တစ်နည်း သဟဇာတနယ်ပယ်သို့ ချိုးဖြတ်သွားခဲ့သည်။

သူ၏ အရှိန်အဝါကလည်း ပို၍နက်ရှိုင်းလာသည်။

တစ်ဖက်တွင် ရီယုက ရွှမ်ယွမ်နတ်မီးတောက်ကိုသန့်စင်ကာ အစစ်အမှန်ဝိညာဉ်အား ရှေးဦးဝိညာဉ်အဖြစ်သို့ အောင်မြင်စွာပြောင်းလဲပြီး နီဗားနားနယ်ပယ်ကို ချိုးဖြတ်သွားတော့သည်။

ကျန်းလော့လီ၊ ရှောင်မိုရှန်း၊ ကျိချင်းရီနှင့်
အခြားသူများလည်း ကိုယ်စီအကျိုးအမြတ်များရပြီး
ပို၍သန်မာလာကြပြီ ဖြစ်သည်။

ဝမ့်ချွမ်၏ ရိတ်သိမ်းမှုကလည်း
အလွန်ကောင်းပေသည်။

ဝမ့်ချွမ်ကလည်း ကိုယ်ပိုင်လမ်းကို
ဖောက်လုပ်ချင်နေသည်။

ဆမ်ဆာရာမြင့်မြတ်ခန္ဓာပိုင်ရှင်အနေဖြင့် သူ့တွင်
ဤအခွင့်အရေးမျိုး ရှိပေသည်။

ထို့ကြောင့် ဝမ့်ချွမ်သည် ဤအခွင့်အရေးကို

စွန့်လွှတ်ရန် ဆန္ဒမရှိခဲ့ဘဲ စမ်းကြည့်ချင်နေသည်။

ကျိချင်းရီနှင့် အခြားသူများကတော့ မကြိုးစားကြပါ။

အကြောင်းမှာ ယခုက အချိန်မဟုတ်သေးမှန်း သူတို့ကောင်းစွာသိသည်။

ယင်းက ကိုယ်ပိုင်လမ်းမှရုန်းထွက်ရန် တစ်ခုတည်းသောအခွင့်အရေးမဟုတ်ပေ။

ထို့ပြင် ၎င်းတို့က ကျွင်းရှောင်ယောက်ကဲ့သို့ ဘီလူးတစ်ကောင်မဟုတ်ပါ။ ၎င်းတို့က ဉာဏ်အလင်းပွင့်သွားလျှင်ပင် အောင်မြင်မှုနှုန်းမှာ အလွန်နည်းပါးသည်။

ထို့ကြောင့် ရှောင်မိုရှန်းနှင့် အခြားသူများလည်း ဝမ့်ချွမ်၏ဆန္ဒကို မြင်ရသောအခါ အံ့အားသင့်သွားကြသည်။

“သူတို့ နှစ်ယောက်လုံးမှာ ရည်မှန်းချက်တွေ ရှိတာပဲ” ရှောင်မိုရှန်းက ရေရွတ်လိုက်လေသည်။

"ဘယ်သူမှမလျှောက်ဖူးတဲ့လမ်းကိုဖွင့်ဖို့က အရမ်းခက်တတယ်"

ကျိချင်းရီလည်း သက်ပြင်းချလိုက်သည်။

ယဇ်ပလ္လင်ပေါ်တွင် အရိုးတွေ အများကြီးရှိ၏။ ထိုအရိုးအားလုံးက ပါရမီရှင်များဖြစ်ပြီး ကိုယ်ပိုင်လမ်းကို ဖောက်လုပ်ချင်ခဲ့ကြသော်လည်း နောက်ဆုံးမှာတော့ ကျဆုံးခဲ့ရပါသေးသည်။

'အစ်ကိုရှောင်ယောက် အောင်မြင်မယ်လို့ မျှော်လင့်ပါတယ်၊ မဟုတ်ဘူး၊ သူအောင်မြင်ရမယ်'

ကျန်းလော့လီက ပန်းရောင်လက်သီးကို ဆုပ်ကာ နှလုံးသားထဲမှ ရေရွတ်လိုက်သည်။

ဤနေရာတွင် အခြားသူဆိုပါက ကျန်းလော့လီအနေဖြင့် အောင်မြင်နိုင်ခြေရှိမည်ဟု မထင်ပေ။

သို့ရာတွင် ကျွင်းရှောင်ယောက်အတွက်ကတော့ ဖြစ်နိုင်သည်။

အချိန်များ တဖြည်းဖြည်း ကုန်သွားခဲ့ပေပြီ။

ကျန်းလော့လီနှင့် အခြားသူများက ဘာမှမလုပ်ဘဲ ယင်ဇ်ပလွှင်ပေါ်တွင် လေ့ကျင့်နေကြဆဲဖြစ်သည်။

ကျွင်းရှောင်ယောက်ကဲ့သို့ပင် ဝမ့်ချွမ်ကလည်း ရည်မှန်းချက်အပြည့်ဖြည့် လေ့ကျင့်နေဆဲပါပဲ။

ကျဆုံးသွားသူများမှလွဲ၍ ကျန်ပါရမီရှင်အားလုံး အနည်းနှင့်အများဆိုသလို အကျိုးအမြတ် ရနိုင်ခဲ့ကြသည်။

ဟုတ်ပေသည်၊ သူတို့အားလုံး၏ အာရုံစိုက်မှုက ကျွင်းရှောင်ယောက်အပေါ်၌သာ ရှိသည်။

အက်ကြောင်းဆယ်ခု ကမ္ဘာလောကတွင် ကျွင်းရှောင်ယောက်နှင့် အခြားသူများက လေ့ကျင့်နေချိန်...

ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီး၌
လှိုင်းလုံးကြီးများ စတင်နေသည်။

ဘိုးဘွားနဂါးသိုက်၏ ရှေးဟောင်းလူထူးဆန်း
မင်းသမီးလုံကျိက ကမ္ဘာလောကသို့
ပြန်လည်ဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။

လဝက်အတွင်း၌ သူသည် ဂိုဏ်းကြီးများ၏
မြင့်မြတ်သားတော်များ၊ အင်မော်တယ်မျိုးရိုးများမှ
ဆက်ခံသူ တစ်ဒါဇင်ကျော်ကို အနိုင်ယူခဲ့သည်။

သူသည် မနိုင်အရှုံးကို အမြဲတမ်းလိုလို တိုက်ကွက်
ဆယ်ကွက်အတွင်းမှာပင် အဆုံးဖြတ်ပေးခဲ့၏။

ယင်းက ပြိုင်ဆိုင်မှု မဟုတ်တော့ဘဲ အပြတ်အသတ်

ဖိနှိပ်ခြင်း ဖြစ်သည်။

ထို့ကြောင့် မင်းသမီးလုံကျိုက
ပို၍ပင်ကျော်ကြားလာကာ
ပျက်ဆီးခြင်းအင်မော်တယ်နယ်မြေကြီး တစ်ခုလုံးကို
တုန်လှုပ်စေခဲ့တော့သည်။

လူအချို့က မင်းသမီးလုံကျိုသည်
ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီး၏ အသန်မာဆုံး
ပါရမီရှင်ဖြစ်ပြီး ခေတ်ပြိုင်အားလုံးကို
လွှမ်းမိုးနိုင်သူဟု ကြွေးကြော်လာကြသည်။

ဟုတ်ပေသည်၊ ထိုစကားကို လက်မခံလိုသူများလည်း
ရှိသည်။

နောက်ဆုံးတွင်၊ မြောက်ဘက်ပိုင်းရှိ တော်ဝင်မိသားစုမှ ဧကရာဇ်ငယ်ဝမ့်ထန်နှင့် ရှေးဟောင်းမင်းမျိုးနွယ်ရဲ့မိသားစုမှ ဓားနတ်ဆိုး လူဝင်စား... စသည်ဖြင့် ရှိနေကြဆဲပင်။

ထို့ပြင် မင်းသမီးလုံကျိုက တစ်ဦးတည်းသော ရှေးဟောင်းလူထူးဆန်းမဟုတ်ပါ။

ကျွင်းမိသားစုမှ ကျွင်းရှောင်ယောက်လည်း ရှိသည်။

ကျွင်းရှောင်ယောက်က အောက်ကမ္ဘာကို ရောက်နေသော်လည်း သူ၏ဂုဏ်သိက္ခာသည် လွှမ်းမိုးနေဆဲပင် ဖြစ်သည်။

ကျွင်းရှောင်ယောက်တွင် မင်းသမီးလုံကျိုကို တိုက်ခိုက်နိုင်စွမ်းရှိသည်ဟု လူအများစုက

ယုံကြည်နေကြဆဲ ဖြစ်သည်။

သို့သော်လည်း ယင်းက
ရှေးဟောင်းတော်ဝင်မိသားစုများ၏
လှောင်ပြောင်သံအချို့ကို ဖြစ်ပေါ်စေခဲ့သည်။

"မေ့လိုက်ပါ၊ အရင်က မင်းသမီးလုံကျိရဲ့ ခွန်အားက
အထွတ်အထိပ်ကို မရောက်သေးတာတောင်
ကျွင်းမိသားစုရဲ့ နှစ်သွယ်မျက်လုံးကို
ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့တယ်။ အခုဆိုရင် သူ့ရဲ့
အစွမ်းက အထွတ်အထိပ်ကို ရောက်ရှိနေခဲ့ပြီ၊ အခု
ဘယ်သူကများ သူ့ပြိုင်ဘက် ဖြစ်မှာလဲ"

"အခုဆိုရင် မင်းသမီးလုံကျိက
ကမ္ဘာလောကကိုပြန်ဝင်လာပြီး
အင်မော်တယ်အင်အားစုက ပါရမီရှင်အားလုံးကို

စိန်ခေါ်အနိုင်ယူသွားခဲ့ပြီ။ ဒါက မင်းသမီးလုံကျိရဲ့ ပြိုင်ဘက်ကင်းပုံကို သက်သေပြတာပဲ"

ဘိုးဘွားနဂါးသိုက်သည် မင်းသမီးလုံကျိအတွက် အရှိန်အဟုန် မြှင့်ပေးနေခဲ့သည်။

သို့သော်လည်း သူမ၏ ခွန်အားက အမှန်တကယ်ပင် ချီးမွမ်းထိုက်သည်။

နီဗားနားနယ်ပယ်သည် ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီး၏ လူငယ်မျိုးဆက်၌ အထွတ်အထိပ်သို့ ရောက်ရှိလုနီး အနေအထား ဖြစ်သည်။

နောက်တစ်ဆင့်ကတော့ နတ်မီးတောက်ကို လောင်ကျွမ်းစေပြီးနောက် သန့်စင်ခြင်း

အဆင့်ကိုးဆင့်သို့ တက်လှမ်းရန်ဖြစ်သည်။

နောက်ဆုံးတွင် မင်းသမီးလုံကျိက
ကျွင်းရှောင်ယောက်နှင့်တိုက်ခိုက်ရန်
သတင်းစကားလွှင့်လာသည်။

'နင်မတိုက်ခိုက်ရင်လည်း ရတယ်၊ ဒါက
ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က
အခွံထဲမှာပုန်းနေတဲ့ လိပ်တစ်ကောင်ဖြစ်ပြီး
ငါနဲ့မတိုက်ဝံ့ဘူးလို့ ဝန်ခံလိုက်တာပဲ'

ထိုစကားကြောင့် ကျွင်းရှောင်ယောက်ကို
လေးစားသော ကျွင်းမိသားစုမှ လူငယ်တစ်စုဟာ
မခံမရပ်နိုင်ဖြစ်ကုန်သည်။

မင်းသမီးလုံကျိသည် ကကျွင်းရှောင်ယောက်က

အောက်ကမ္ဘာမှ ပြန်မရောက်သေးမှန်း သိပါလျက်နှင့်
ကျွင်းမိသားစုကို မျက်နှာပျက်စေရန်
တမင်လုပ်နေကြောင်း သိသာထင်ရှားလှပေသည်။

ထိုအတွက် ကျွင်းမိသားစုက
ဘယ်လိုတုံ့ပြန်မလဲဆိုတာကို လူတိုင်း သိချင်နေချိန်...

ကျွင်းမိသားစု၏ ပထမစီကွမ်၊ နှစ်သွယ်မျက်လုံး
ကျွင်းလုံခန်းက ကျွင်းမိသားစု၏ဂုဏ်သိက္ခာအတွက်
မင်းသမီးလုံကျိကို ထပ်မံတိုက်ခိုက်မည်ဟု
ပြောလာသည်။

ယင်းကြောင့် အင်မော်တယ်နယ်မြေကြီးတစ်ခုလုံး
ထိတ်လန့်တုန်လှုပ်ရပြန်တော့သည်။

ကျွင်းမိသားစု၏ နှစ်သွယ်မျက်လုံးက

အထွတ်အထိပ်သို့ ပြန်ရောက်သွားသော
မင်းသမီးလုံကျိကို ကိုင်တွယ်ဖြေရှင်းနိုင်မှာလား။

---------

အခန်း ( ၂၆၆ ) ဝမ့်ခွျမ်၏ ကျရှုံးမှု၊
သေခြင်းအဆုံး၏အဆုံး၊ ကြောက်စရာကောင်းသော
အဝိဇ္ဇာမီး။

မင်းသမီးလုံကျိ၏ ပြန်လည်ထွက်ပေါ်လာခြင်းက
အင်မော်တယ်နယ်မြေကြီးကို
ထပ်မံလှုပ်ခတ်လာစေသည်။

သို့ရာတွင် အောက်ကမ္ဘာတွင်ရှိသော
ကျွင်းရှောင်ယောက်က ထိုအကြောင်းများကို
အနည်းငယ်မျှမသိပေ။

ကျွင်းမိသားစုကလည်း သူ့ကို ပြန်လာခဲ့ရန်
မပြောပါချေ။

ကျွင်းကျန်းထျန်းသည် ကျွင်းရှောင်ယောက်က
အောက်ကမ္ဘာတွင် ကြီးမားသော
အသွင်ကူးပြောင်းမှုကို ပြုလုပ်မည်မှန်းသိသောကြောင့်
အနှောင့်အယှက်မပေးစေခြင်း ဖြစ်သည်။

လူစွမ်းကောင်းဝိညာဉ်ပလ္လင်အထက်တွင်
ကျွင်းရှောင်ယောက်က တင်ပျဉ်ခွေထိုင်ပြီး တာအိုကို
နားလည်ဆင်ခြင်နေသည်။

သူသည် ခေတ်အဆက်ဆက်မှ
တင်ပျဉ်ခွေထိုင်နေသကဲ့သို့ပင်၊
ကမ္ဘာ့မူလဆယ်ခုကလည်း ကြယ်ကြီးကိုးလုံးကဲ့သို့

သူ့ကို လှည့်ပတ်နေပေသည်။

ယင်းက ကမ္ဘာကို လှည့်ပတ်နေသော လများကဲ့သို့ပင်။

ကျွင်းရှောင်ယောက်က ကမ္ဘာ့မူလများကို
အင်မော်တယ်မျိုးစေ့အဖြစ် အသုံးမပြုလိုပေ။

ထူးခြားသည့်လမ်းကို လျှောက်လှမ်းသွားလိုသည်။

သူ၏ အင်မော်တယ်မျိုးစေ့က သူ့နည်းသူ့ဟန်သာ
ဖြစ်သည်။

ယင်းက လုံးဝ မတူညီသော ခန္ဓာကိုယ်တစ်မျိုးပင်
ဖြစ်သည်။

ဟုတ်ပေသည်၊ ဒါကလည်း အလွန်ခက်ခဲသည်။ ဤအရာများကိုသာ အလွယ်တကူလုပ်လို့ရပါက လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်တွင် အရိုးအများကြီး ကျန်ရှိနေမည် မဟုတ်ပေ။

သို့သော်လည်း ကျွင်းရှောင်ယောက်က ယခင်ပါရမီရှင်များနှင့် မတူပေ။

သူ၏နောက်ခံ၊ အလေ့ကျင့်နှင့် တာအိုတို့က အခြားရှေးဟောင်းပါရမီရှင်များ မနှိုင်းယှဉ်သာပါချေ။

ကျွင်းရှောင်ယောက်သည် ရှေးခေတ်ကတည်းက ကမ္ဘာပေါ်တွင် အကြီးမားဆုံး မတူညီမှုရှိသူ ဖြစ်သည်။

နောက်ဆုံးတွင် သူ၏ဝိညာဉ်သည်ပင် ဤလောကမှ မဟုတ်ပါ။

ထို့ကြောင့် ကျွင်းရှောင်ယောက်ဟာ ဤလမ်းကို ဖောက်လုပ်နိုင်လောက်သည်။

သူက ကျောက်စင်မြင့်ပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ မိုးနှင့်မြေ၏ တာအိုစည်းချက်အပြင် ကိုယ်ပိုင်အမြင်ပေါ်တွင်လည်း အာရုံစိုက်နေသည်။

မြူခိုးများပြည့်နှက်နေသော အရှေ့လမ်းစဉ်မှာ ဝေဝါးဝါး စတင်ထွက်ပေါ်လာပုံရပေသည်။

ဤသို့ဖြင့် လက်ဝက်ကြာသွားခဲ့ပေပြီ။

ထိုအချိန်တွင် ကျန်းလော့လီနှင့် အခြားသူများက တစ်ယောက်ပြီး တစ်ယောက် နိုးထလာပြီး

ကျင့်ကြံခြင်းများ ပြီးမြောက်ခဲ့ကြပြီ ဖြစ်သည်။

သူတို့တစ်ဦးစီသည် ယဇ်ပလ္လင်ပေါ်၌
တာအိုစည်းချက်အတိုင်း နှစ်မြှုပ်ခဲ့ကြပြီး
များစွာသင်ယူခဲ့ကြရသည်။

ကျန်းလော့လီက သူမ၏ မူလဝိညာဉ်တာအိုခန္ဓာကို
နက်ရှိုင်းစွာ နားလည်လာသည်။

ရီယုခန္ဓာကိုယ်ရှိ သွေးမျိုးဆက်သည်လည်း
တဖြည်းဖြည်း အသက်ဝင်လာပုံရ၏။

ရန်ချင်းယင်ပင် ဝါးမျိုခြင်းဖင်းဂေါ့ကျမ်းကို
နက်နက်ရှိုင်းရှိုင်း နားလည်လာခဲ့ပြီ ဖြစ်သည်။

ကျိချင်းရီနှင့် ရှောင်မိုရှန်းတို့လည်း
အကျိုးအမြတ်ကိုယ်စီ ရခဲ့ပေရာ
အလွန်ကျေနပ်နေကြတော့သည်။

သူတို့၏မျက်လုံးများကတော့ ကျွင်းရှောင်ယောက်နှင့်
ဝမ့်ချွမ်ထံ၌သာ ရှိသည်။

သူတို့၏ ရည်မှန်းချက်က အကြီးကျယ်ဆုံးပင်
ဖြစ်ပေသည်။

ရှောင်မိုရှန်းဟာ ဝမ့်ချွမ်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက် မျက်နှာအမူအရာ
အနည်းငယ်ပြောင်းသွားကာ ပြောလိုကသည်။

"တစ်ခုခုတော့ လွဲနေပြီ"

ကျိချင်းရီ၊ ကျန်းလော့လီနှင့် အခြားသူများလည်း

ဝမ့်ချွမ်ကို အာရုံစိုက်လာကြ၏။

ဝမ့်ချွမ်ကိုကြည့်လျှင်
ပြန်လည်ဝင်စားခြင်းစွမ်းအားများ စိမ့်ဝင်နေပြီး
လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာချပ်ပြား
အသေးက ထောက်ပံ့နေကြောင်း မြင်ရမည် ဖြစ်သည်။

သို့သော်လည်း ကြီးမားသော အခက်အခဲ၊
အတားအဆီးများနှင့် ရင်ဆိုင်နေရသကဲ့သို့
သူ့မျက်နှာက ဖြူဖျော့နေပေပြီ။

နှစ်ရက်အကြာတွင် ဝမ့်ချွမ်က ရုတ်တရက်
မျက်လုံးပွင့်လာသည်။ သူ့ပါးစပ်မှလည်း
သွေးများအန်ထွက်လာပြီး ကုန်းပေါ်ပစ်တင်ခြင်း
ခံလိုက်ရသော ငါးတစ်ကောင်ကဲ့သို့
ဖျတ်ဖျတ်လူးနေတော့သည်။

သူ့မျက်နှာမှာ ဖြူဖျော့နေပြီး မျက်လုံးများမှာလည်း တုန်လှုပ်မှုများ ပြည့်နှက်နေသည်။

'ဘာဖြစ်လို့ ဒီလောက်ထိ ကြောက်စရာကောင်းရတာလဲ'

ဝမ့်ချွမ်လည်း တုန်လှုပ်စွာဖြင့် ပြန်တွေးလိုက်မိသည်။

သူဟာ အလွန်ကြောက်စရာကောင်းသော အရာတချို့ကို မြင်ခဲ့ရပြီး ထိုလမ်းကိုဆက်သွားပါက ကြောက်မက်ဖွယ် ကပ်ဆိုးကြီးနှင့် ရင်ဆိုင်ခဲ့ရပေလိမ့်မည်။

ယင်းကို သူမခံနိုင်ဘူး။

ဝမ့်ချွမ်ဟာ ခဏသာ ခံစားလိုက်ရခြင်းဖြစ်သော်လည်း သူ့အသည်းနှင့် သည်းခြေအိတ်ကွဲသွားသကဲ့သို့ ခံစားလိုက်ရသည်။

ဤသည်မှာ ဝမ့်ချွမ်၏ စိတ်ဆန္ဒက မခိုင်မာသောကြောင့် မဟုတ်ပေ။

ရှေးဟောင်းလူထူးဆန်းတစ်ယောက်အနေဖြင့် သူ၏ စိတ်ဆန္ဒခိုင်မာမှုမှာ မည်သို့အားနည်းနိုင်မည်နည်း။

သို့သော်လည်း အဆုံးမဲ့ အမှောင်နှင့် အကြောက်တရားများမှာ လူတစ်ယောက်ကို ရူးသွပ်သွားစေနိုင်လောက်သည်။

'ငါသာ အချိန်မီ မရပ်လိုက်ရင် တခါတည်း သေသွားလောက်တယ်'

ဝမ့်ချွမ် အသက်ပြင်းပြင်းရှူပြီး တည်ငြိမ်စေရန် ကြိုးစားလိုက်သည်။

နောက်ဆုံးတော့ ယဇ်ပလ္လင်ပေါ်တွင် အရိုးများစွာ အဘယ်ကြောင့် ရှိနေသည်မှန်း သူနားလည်ခဲ့ပြီ ဖြစ်သည်။

သေခြင်းက အဆုံးသတ်ပင်။

ဝမ့်ချွမ်၏ မျက်နှာပေါ်ရှိ တုန်ယင်နေသော အမူအရာကိုကြည့်ကာ ရှောင်မိုရှန်း၊ ကျန်းလော့လီနှင့် အခြားသူများလည်း တိတ်ဆိတ်ကုန်သည်။

သို့သော်လည်း ဝမ့်ချွမ် မအောင်မြင်သည့်အတွက် အံ့သြစရာတော့ မရှိပေ။

သို့သော်လည်း ဝမ့်ချွမ်က သေသည်အထိ ရှေ့ဆက်မတိုးခဲ့ပါ။

ဝမ့်ချွမ်က ခေါင်းမော့ကာ လူစွမ်းကောင်းဝိညာဉ်ပလ္လင်ပေါ်တွင်ထိုင်နေသော ကျွင်းရှောင်ယောက်ကို ကြည့်လိုက်သည်။

"မဖြစ်နိုင်ဘူး၊ ဒီလမ်းက အဆုံးမဲ့ပဲ။ မင်းအပါအဝင် ဘယ်သူမှ ဖြတ်လို့မရနိုင်ဘူး"

ဝမ့်ချွမ်က ခပ်တိုးတိုး ရေရွတ်လိုက်သည်။

ဆမ်ဆာရာမြင့်မြတ်ခန္ဓာပိုင်ရှင်အနေဖြင့် သူဟာ ကိုယ်ပိုင်လမ်းဖောက်ရန်အတွက် စွန့်စားနေစရာမလိုပါချေ။

ထို့ကြောင့် ဝမ့်ချွမ်ဟာ ပြတ်ပြတ်သားသား
စွန့်လွှတ်လိုက်သည်။

ထို့ကြောင့်ပင် အခြားရှုထောင့်မှကြည့်လျှင် ယင်းကို
ခိုင်မာသောဆန္ဒတစ်ခုအဖြစ် မှတ်ယူနိုင်ပေသည်။

"အစ်ကိုရှောင်ယောက်..."

ဝမ့်ချွမ်သည်ပင် ကျရှုံးသွားကြောင်းမြင်ရသောအခါ
ကျန်းလော့လီ၏နှလုံးသားတွင် ပို၍
စိုးရိမ်ပူပန်လာသည်။

ပေါက်မြောက်ရန် အလွန်ခက်ခဲသော ဤလမ်းမျိုးတွင်
ကျန်းလော့လီ စိုးရိမ်နေတာ မလွန်ပါ။

သို့ရာတွင် ကျွင်းရှောင်ယောက်ကတော့
အမှုအရာမပြောင်းပေ။

သူသည် မိုးနှင့်မြေ၏အနှစ်သာရ၊ စကြဝဠာ၏
အနှစ်သာရကို ကမ္ဘာ့မူလဆယ်ခု၏ အကူအညီဖြင့်
နားလည်ဆင်ခြင်နေသည်။

ယင်းက အဆင့်မြင့်ဉာဏ်အလင်းဖြစ်ပြီး
ကျွင်းရှောင်ယောက်တို့အဆင့်များ
ထိတွေ့နိုင်သောအရာမဟုတ်ပါ။

သူတော်စင်တစ်ယောက်ပင်လျှင် ဤစကြာဝဠာ၏
မူလကို နားလည်နိုင်ရန် ခက်ခဲသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ကတော့ မတူပေ။
သူ၏ရည်မှန်းချက်က မြင့်မားလွန်းလှသည်။

"လူရဲ့ခန္ဓာကိုယ်ကို မျိုးစေ့အဖြစ်ယူပါ... ကိုယ်ပိုင်နည်းကိုယ်ပိုင်ဟန်နဲ့... မိုးနဲ့မြေကို ကင်းကွာစေ..."

ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

ရုတ်တရက် သူ၏ဒန်တျန်ဝိညာဉ်ပင်လယ်က တောက်ပလာသည်။ ထိုနေရာမှာ မူလက အင်မော်တယ်မျိုးစေ့ကို သန့်စင်ရသည့် နေရာဖြစ်သည်။

တာအိုပေါင်းစည်းလိုပါက သင်နှင့် အသင့်လျော်ဆုံးတာအိုကို နားလည်နိုင်ရန် လိုပေသည်။

တာအိုမျိုးစေ့က အဆင့်မြင့်လေလေ၊

ကျင့်ကြံသူအတွက် ပို၍ကောင်းမွန်လေ ဖြစ်သည်။

ကျွင်းရှောင်ယောက်ကတော့ သူ့ခန္ဓာကို
သူမျိုးစေ့အဖြစ်သုံးပြီး အခြေခံအုတ်မြစ်အဖြစ်
ကိုယ်ပိုင်နည်းလမ်းကို အသုံးပြုလိုသည်။

ယင်းက ကောင်းကင်ကို ဆန့်ကျင်နေသော
လုပ်ရပ်ဖြစ်၍ မိုးနှင့်မြေက လက်မခံလိုပေ။

"အရင်းမြစ်ကိုပြန်သွား၊ မူလပဟေဠိကိုရှာ၊
မင်းရဲ့ကိုယ်ပိုင်လမ်းကိုဖွင့်"

ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။
ရုတ်တရက် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကို
တစ်ချက်တည်း မြင်ရနိုင်ဟန်ဖြင့် သူ့မျက်လုံးများ
ပွင့်လာသည်။

နောက်ဆုံးတွင် မြူခိုးများ ပြည့်နှက်နေသော လမ်းမကြီးက သူ့မျက်လုံးများရှေ့တွင် ကြည်လင်လာခဲ့ပြီ။

ကျွင်းရှောင်ယောက်က ရှင်းရှင်းလင်းလင်းမြင်လိုက်ရချိန်တွင်...

"ဝုန်း ဝုန်း..."

ကောင်းကင်ထက်တွင် တုန်ခါသံများ ထွက်ပေါ်လာသည်။

မီးလျှံမိုးများ ရွာသွန်းဖြိုးတော့မည်ကဲ့သို့ မီးလျှံများကလည်း ကျွင်းရှောင်ယောက်အပေါ်တွင် စုစည်းလာခဲ့၏။

"ဒါ... ဒါက

ဘယ်လိုဖြစ်ရတာလဲ...အဲဒါ...အဝိဇ္ဇာကမ္မပဲ"

ကျန်းလော့လီလည်း သူမပါးစပ်ကို လက်ဖြင့်အုပ်ပြီး အော်ဟစ်လိုက်မိသည်။

အဝိဇ္ဇာကမ္မမီးက ကပ်ဘေးတစ်မျိုး ဖြစ်ချေသည်။ ယေဘူယျအားဖြင့်ပြောရလျှင် ဤကပ်ဘေးမျိုးက နတ်မီးတောက်နယ်ပယ်မှ ဟင်းလင်းပြင်နတ်ဘုရားနယ်ပယ်သို့ ချိုးဖြတ်သောအခါမှသာ ဖြစ်ပေါ်လာတတ်သည်။

အဝိဇ္ဇာမီးက စစ်မှန်သောမီးတောက်မဟုတ်ဘဲ အပြစ်ဒဏ်တစ်မျိုး ဖြစ်သည်။

ဤအပြစ်ဒဏ်မီးကို ချိုးဖြတ်နိုင်ပါက အခြေတည်နတ်ဘုရားနှင့် အဆင့်ကိုးခုကို ရောက်ရှိနိုင်ခဲ့မည် ဖြစ်သည်။

နတ်မီးတောက် နယ်ပယ်များကတော့ အဝိဇ္ဇာမီးကို တွန်းလှန်ရန် သူ၏နတ်မီးတောက်ကို အသုံးပြုနိုင်ပေသည်။

ကျဆုံးလျှင်တော့ အဝိဇ္ဇာမီးဖြင့် လောင်ကျွမ်းခံရပြီး သေဆုံးသွားရမည် ဖြစ်သည်။

သို့သော်လည်း ယခုအခါ ပြဿနာက ကျွင်းရှောင်ယောက်ဟာ ပေါင်းစည်းခြင်းနယ်ပယ်၌သာရှိပြီး တာအိုကိုပင် မပေါင်းစည်းရသေးပေ။

ယင်းက လုံး၀ အဓိပ္ပာယ်မရှိပါချေ။

ရိုးရှင်းစွာပင် မိုးကောင်းကင်က ကျွင်းရှောင်ယောက်ကို

ဖျက်ဆီးလိုနေပုံရသည်။

"ကြောက်စရာကောင်းလိုက်တာ၊ ဒီအဆင့်နဲ့ အဝိဇ္ဇာမီးရဲ့ လောင်ကျွမ်းမှုကို ဘယ်သူ ခံနိုင်ရည်ရှိမှာလဲ"

ရှောင်မိုရှန်း၏ မျက်နှာကလည်း ဖြူဖျော့သွားခဲ့သည်။

အဝိဇ္ဇာမီးက သူနှင့် အဝေးတွင်ရှိနေသော်လည်း တကိုယ်လုံး တုန်ခါနေရပါသေးသည်။

ဤမျှ ကြောက်စရာကောင်းသောမီးလျှံက အပြစ်တရားဖြင့်ဖွဲ့စည်းထားသော မီးလျှံများ ဖြစ်သည်။

ယင်းက ခန္ဓာကိုယ်ကို လောင်ကျွမ်းစေရုံသာမကဘဲ

စိတ်ဝိညာဉ်ကိုပင် ကျွမ်းလောင်နိုင်စွမ်း ရှိပေသည်။

ယင်းက လူများကို မီးလျှံငရဲကြီး တစ်ဆယ့်ရှစ်ထပ်သို့ ကျသွားသကဲ့သို့ ခံစားရစေသည်။

ထိုအချိန်တွင် လူတိုင်း၏ မျက်လုံးများက ကျွင်းရှောင်ယောက်ကို စိုက်ကြည့်နေခဲ့ကြပေသည်။

ဤအရာကို သူကိုင်တွယ်နိုင်ပါ့မလား။

----------

အခန်း ( ၂၆၇ ) လောကဆယ်ခုအင်မော်တယ်မျိုးစေ့၊ ရောင်စုံမိုးကြိုးကပ်ဘေးဒုက္ခ။

ကျဆင်းလာသော အဝိဇ္ဇာမီးကိုကြည့်ပြီး လုမင်၏
မျက်နှာအမူရာက အပြောင်းအလဲမရှိပေ။

ယင်းက သူမျှော်လင့်ထားသည့်အတိုင်းသာ ဖြစ်သည်။

အန္တရာယ်မရှိဘဲ ရှေ့ဆက်လမ်းဖွင့်လိုခြင်းမှာ
စိတ်ကူးယဉ်မှုတစ်ခုဖြစ်ကြောင်း
သိသာထင်ရှားလှပေသည်။

ထိုအတွက်လည်း စိတ်ပိုင်းဆိုင်ရာ
ပြင်ဆင်ထားလေသည်။

'မိုးကောင်းကင်နဲ့ တိုက်ခိုက်ရတော့ ပျော်ရွှင်မှုတွေက
အဆုံးမရှိဘူးပေါ့'

ကျွင်းရှောင်ယောက်က တည်တည်ငြိမ်ငြိမ်ဖြင့်

ကောင်းကင်ကို မော့ကြည့်လိုက်သည်။

သူ့တစ်ကိုယ်လုံးတွင် အင်မော်တယ်အလင်းများ ပြည့်နှက်နေသည်။ ထာဝရအင်မော်တယ်အရိုး တစ်ရာ့လေးဆယ် စွမ်းအားကိုလည်း လုံးဝကို နှိုးဆွပေးလိုက်၏။

ကြွယ်ဝသော အင်မော်တယ်အလင်းများက သေမျိုးဖုန်မှုန့်နှင့် ကင်းကွာဝေးသော မသေမျိုးကဲ့သို့ ကျွင်းရှောင်ယောက်ထံမှ ထွက်ပေါ်လာသည်။

နတ်အလင်းများက ကျွင်းရှောင်ယောက်ကို ဖုံးလွှမ်းထားသော ဒိုင်းတစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ထို့ပြင် ကျွင်းရှောင်ယောက်က

ကာကွယ်ရေးနည်းလမ်းအားလုံးကို ထုတ်ဖော်ခဲ့၏။

ချင်ထျန်းဘိုးဘွားနဂါးချပ်ဝတ်၊
ကောင်းကင်နတ်ဘုရား ဝတ်စုံနှင့်
အကာကွယ်အားလုံးကို ကျွင်းရှောင်ယောက်က
ထုတ်ဖော်လိုက်ခြင်း ဖြစ်သည်။

"ဝုန်း"
အဝိဇ္ဇာကမ္မမီးက ကျွင်းရှောင်ယောက်ပေါ်သို့
ဆင်းသက်လာသည်။

ဤအပူချိန်က အလွန်ကြောက်စရာကောင်းကာ
အရာအားလုံးကို လောင်ကျွမ်းသွားနိုင်ပုံရ၏။

ထို့ထက် ကြောက်စရာအကောင်းဆုံးအရာမှာ
ဤအဝိဇ္ဇာမီးက လူတို့၏စိတ်ကို နှောင့်ယှက်ပြီး

စိတ်ဝိညာဉ်ကိုပင် လောင်ကျွမ်းစေနိုင်ခြင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ရှေ့တွင် ရှုံ့မဲ့နေသော
မျက်နှာများစွာ ပေါ်လာသည်။

လုံပောက်ထျန်း၊ ရန်ပန်၊ ဖာဟိုင်၊ လင်းဖုန်း၊
စသည်ဖြင့်...

တစ်ချိန်က ကျွင်းရှောင်ယောက်၏လက်တွင်
သေဆုံးသွားခဲ့သော ဤရန်သူများက မကောင်းဆိုးဝါး
သရဲတစ္ဆေများဖြစ်လာကာ သူ့ကို
ပြန်လည်သတ်ဖြတ်လိုပုံရပေသည်။

အဝိဇ္ဇာမီးသည် ကမ္မမီးဖြစ်ပြီး ကျွင်းရှောင်ယောက်
ပြုလုပ်ခဲ့သောကံအားလုံးမှ ကမ္မမီးအဖြစ်သို့
ပြောင်းလဲသွားခြင်းပင် ဖြစ်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်၏ မျက်နှာက ဘာမှမထူးခြားပေ။

"မင်းအသက်ရှင်နေချိန်က ငါ့ခြေထောက်အောက်မှာ ပုရွက်ဆိတ်တစ်ကောင်အဖြစ် နင်းချေခံရဖို့ပဲ ထိုက်တန်ခဲ့တယ်။ အခု မင်းတို့ သေပြီးတဲ့အခါမှ ကောင်းကင်ကို တွန်းလှန်နိုင်မှာလား"

ကျွင်းရှောင်ယောက်၏စိတ်က တည်ငြိမ်မှုရှိပြီး လုံးဝ မတုန်လှုပ်ပါချေ။

လူများစွာကို သတ်ဖြတ်ခြင်းက အမှားတစ်ခုခု လုပ်မိသလိုလည်း မခံစားရပါပေ။

ဤအရာအားလုံးက အတိတ်ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်အနေဖြင့် အထွတ်အထိပ်သို့ တက်လှမ်းလိုက မရေတွက်နိုင်သော အလောင်းများကို နင်းတက်ရပေမည်။

ယခုအချိန်တွင် ဤအရာများက သေးသေးလေးသာ ဖြစ်သည်။ အနာဂတ်တွင် သူက နောက်ထပ်လူများကို သတ်ရပေဦးမည်။

အဝိဇ္ဇာကမ္မမီးကို တွန်းလှန်နေသော ကျွင်းရှောင်ယောက်ကိုကြည့်ကာ ကျိချင်းရှီ၊ ဝမ့်ချွမ်နှင့် အခြားသူများပင် အနည်းငယ် ငြိမ်ကျသွားကြသည်။

ကိုယ့်မျက်စိနှင့် ကိုယ်တိုင်မမြင်ခဲ့ရလျှင် ပေါင်းစည်းခြင်းနယ်ပယ်ဖြင့်

နတ်မီးတောက်ကပ်ဘေးကို တွန်းလှန်နိုင်သူရှိသည်ဟု ယုံကြည်ကြမည် မဟုတ်ပါချေ။

'ဘုရားရေ၊ အစ်ကိုလေးရှောင်ယောက်က အစွမ်းထက်လွန်းတယ်'

ရှောင်မိုရှန်း၏ လှပသော မျက်လုံးများက အလင်းရောင်များ တောက်ပလာသည်။

ကိုယ့်မျက်စိနှင့် မမြင်ရင် ဘယ်သူယုံကြည်နိုင်မှာလဲ။

မူလက ရှောင်မိုရှန်းနှင့် အခြားသူများသည် ကျွင်းရှောင်ယောက်ကို ထိုကဲ့သို့ လျှောက်လှမ်းနိုင်မည်ဟု မထင်ခဲ့ကြပေ။

ယခုမူကား၊ သူတို့အားလုံး၏စိတ်များ

ယိမ်းယိုင်စပြုလာသည်။

သူတို့ကိုယ်ပိုင်မျက်စိနှင့် အံ့ဖွယ်အမှုကို သက်သေခံနိုင်ခဲ့ပေပြီ။

ကျွင်းရှောင်ယောက်က အဝိဇ္ဇာမီးများ ဝန်းရံထားသည့် ကျောက်စင်ပေါ်တွင် အခိုင်အမာ တင်ပျဉ်ခွေထိုင်ရင်း တာအိုစည်းချက်များကို နားလည်နေသည်။

ကျွင်းရှောင်ယောက်က တွက်ချက်ခြင်း၊ စီစဉ်ခြင်း၊ အမျိုးမျိုးသော ဥပဒေသများ၊ အရာခပ်သိမ်း၏ ဆင့်ကဲပြောင်းလဲခြင်းဆိုင်ရာ နိယာမများကို သူ့စိတ်ထဲတွင် ထင်ဟပ်စေသည်။

သူ့ပတ်ဝန်းမှ ကမ္ဘာ့မူလဆယ်ခုကိုတော့ ကျွင်းရှောင်ယောက်ဟာ သူ့ဒန်တျန်အတွင်းသို့

ထည့်သွင်းခဲ့၏။

ကျွင်းရှောင်ယောက်က ကမ္ဘာ့မူလဆယ်ခုကို
အင်မော်တယ်မျိုးစေ့အဖြစ် ပြောင်းလဲရန်
ရည်ရွယ်ချက်မရှိပေ။

ယင်းအစား ကမ္ဘာ့မူလဆယ်ခုကို
အရင်းအနှီးအဖြစ်သုံးပြီး မိမိကိုယ်တိုင်
ပိုင်ဆိုင်နိုင်သောနည်းလမ်းကို နားလည်ဆင်ခြင်သည်။

တဖြည်းဖြည်းနှင့် ကမ္ဘာ့မူလများသည်
သူ၏ဒန်တျန်တွင် ပေါင်းစည်းပြီး
ဖရိုဖရဲမျိုးစေ့များအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ဤမျိုးစေ့ဆယ်မျိုးကိုလည်း
အင်မော်တယ်မျိုးစေ့ဟုပင် ခေါ်ဆိုနိုင်ပေသည်။

ခေတ်ကာလတစ်လျှောက်မှ မရေမတွက်နိုင်သော
အင်မော်တယ်မျိုးစေ့များကို
အဆင့်သတ်မှတ်လိုပါက...

ဤဆယ်မျိုးအင်မော်တယ်မျိုးစေ့မှာ ထိပ်တန်း
သုံးခုတွင် သေချာပေါက်ရှိနေမည်ဖြစ်သည်။

ဤသည်ကား အောက်ကမ္ဘာဆယ်ခု၏
ကမ္ဘာ့မူလအစွမ်းပင်တည်း။

ယခုအခါ ကျွင်းရှောင်ယောက်က ဤလောကဆယ်ခု
အင်မော်တယ်မျိုးစေ့ကို တိုက်ရိုက်သန့်စင်နိုင်ခဲ့ပြီ
ဖြစ်သည်။

၎င်းကိုသန့်စင်လိုက်သည်နှင့် ကျွင်းရှောင်ယောက်ဟာ

မျိုးဆက်သစ်များကြား၌ အတောက်ပဆုံး နေမင်းကြီး ဖြစ်လာပေလိမ့်မည်။

"ဘယ်လောက်တောင် အစွမ်းထက်လိုက်တဲ့ အင်မော်တယ်မျိုးစေ့လဲ"

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်ရှိ လောကဆယ်ခု အင်မော်တယ်မျိုးစေ့များမှ ကြောက်မက်ဖွယ် အပြောင်းအလဲများကို ခံစားရသောအခါ…

ရှောင်မိုရှန်း၊ ကျိချင်းရီ၊ ဝမ့်ချွမ်နှင့် အခြားသူများ အားလုံး အံ့သြသွားကြသည်။

၎င်းတို့တွင်ရှိသော အင်မော်တယ်မျိုးစေ့များသည်လည်း အလွန်အဆင့်မြင့်ပေသည်။

သို့သော်လည်း ဤမျိုးစေ့နှင့် နှိုင်းယှဉ်ပါက များစွာ နိမ့်ကျလွန်းလှသည်။

'တကယ်လို့ ငါသာ နယ်ပယ်ဆယ်ခုရဲ့ ကမ္ဘာ့မူလုံးကိုယူပြီး ပေါင်းစပ်နိုင်မယ်ဆိုရင် ဘယ်လောက်တောင် အစွမ်းထက်လိုက်မလဲ'

ဝမ့်ချွမ်လည်း သက်ပြင်းချကာ လက်မခံလိုဟန်ဖြင့်တွေးလိုက်သည်။

ကံမကောင်းစွာဖြင့် သူမရခဲ့ပေ။

သို့သော် ဝမ့်ချွမ်နှင့် အခြားသူများ အံ့သြသွားရသည်မှာ ကျွင်းရှောင်ယောက်က လောကဆယ်ခုအင်မော်တယ်မျိုးစေ့နှင့် ပေါင်းစည်းရန် မရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

သူက လောကဆယ်ခုအင်မော်တယ်မျိုးစေ့ကို
အာဟာရအဖြစ် အသုံးပြုကာ သူ့နည်းသူ့ဟန်ဖြင့်
နားလည်နေပေသည်။

'အစ်ကိုလေးရှောင်ယောက်က ရဲရင့်လွန်းပါတယ်။
ငါသာဆိုရင် လောကဆယ်ခု အင်မော်တယ်မျိုးစေ့နဲ့ပဲ
ပေါင်းမိမှာကို ကြောက်ရတယ်'

ရှောင်မိုရှန်းက သက်ပြင်းချလိုက်တယ်။

ဤနည်းလမ်းက အလွန်ပြတ်သားသော
စိတ်ဓာတ်ရှိသည့် ပါရမီရှင်များသာလုပ်နိုင်သည်။

ထို့အတွက်ကြောင့် ကောင်းကင်ပြစ်ဒဏ်များနှင့်
အကြောက်တရားများကိုပင်
ဆွဲဆောင်နိုင်ဖွယ်ရှိပေသည်။

ထို့ကြောင့်ပင် အစောပိုင်းက ဝမ့်ချွမ်
လက်လျှော့သွားခဲ့ခြင်း ဖြစ်သည်။

ဤအဝိဇ္ဇာကမ္မမီးကလည်း ရွေ့ပြေးမှု ရှိသေးသည်။

"ဝုန်း"
ကျွင်းရှောင်ယောက်က သူ၏ ဉာဏ်အလင်းနှင့်
သူ့ကိုယ်သူ ထပ်ဖြည့်လိုက်သည်။

သူ၏ဒန်တျန်တွင် ကမ္ဘာကြီးကိုဖွင့်ထားသကဲ့သို့
စကြဝဠာအတွင်းမှ ဖရိုဖရဲမူလ စွမ်းအားတစ်ခု
စိမ့်ဝင်လာသည်။

ထိုစွမ်းအားသည် ဤကမ္ဘာလောကြီးနှင့်
မသက်ဆိုင်ဘဲ ကျွင်းရှောင်ယောက်၏

ခန္ဓာကိုယ်အတွင်းမှ ပေါက်ဖွားလာခဲ့ခြင်းဖြစ်သည်။

အင်မော်တယ်မျိုးစေ့ဆိုလျှင်
မည်သည့်အဆင့်ပင်ရှိစေကာမူ ဤလောကကြီးမှ
မွေးဖွားလာခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ထိုအင်မော်တယ်မျိုးစေ့သည်
ကောင်းကင်နှင့်ဆန့်ကျင်ဘက်ဖြစ်နေလျှင်ပင်
သန့်စင်ပြီးပါက ပြဿနာရှိမည်မဟုတ်ပေ။

ဥပမာ၊ လောကဆယ်ခု အင်မော်တယ်မျိုးစေ့
ကောင်းကင်ကိုဆန့်ကျင်နိုင်အောင်
အစွမ်းထက်သော်လည်း နတ်ဘုရားပြစ်ဒဏ်ကို
မဆွဲဆောင်နိုင်ပေ။

သို့သော်လည်း ဤသည်ကတော့ မတူတော့ပါ။

ကျွင်းရှောင်ယောက်၏ ဒန်တျန်တွင် သေးငယ်သော စွမ်းအင်တစ်ခု မွေးဖွားလာသည်။

ဤစွမ်းအင်က ဤလောကနှင့် မသက်ဆိုင်ပေ။

၎င်းမှာ ကျွင်းရှောင်ယောက်၏ ဉာဏ်အလင်းရရှိခြင်းမှ ဖြစ်ပေါ်လာသော စွမ်းအင်တစ်မျိုးဖြစ်သည်။

ကောင်းကင်နှင့်မြေပြင်အတွက် ဤအရာသည် အပြင်လူကဲ့သို့ဖြစ်နေသောကြောင့် နတ်ဘုရားအပြစ်ဒဏ် ပေးလိမ့်မည်။

မျှော်လင့်ထားသည့်အတိုင်း၊ ဤစွမ်းအင်တွေ မွေးဖွားလာသည့်အချိန်တွင်… ကောင်းကင်နှင့်

မြေပြင်က အရောင်ပြောင်းသွားသည်။ လေပြင်းတိုက်ပြီး တိမ်များစုစည်းလာကာ မိုးကြိုးလျှပ်စီးများကလည်း တဖျတ်ဖျတ် လက်လာသည်။

"ဘာတွေဖြစ်လာတာလဲ"

ယင်ဇ်ပလ္လင်ထက်မှ ပါရမီရှင်များလည်း ကမ္ဘာပျက်သုဉ်းလုနီးဖြစ်သကဲ့သို့ ခံစားရကာ ရင်တထိတ်ထိတ် ဖြစ်လာသည်။

"ဂျိန်း"

ကောင်းကင်ပေါ်တွင် တိမ်ညိုများစုစည်းကာ ရောင်စုံမိုးကြိုးလျှပ်စီးများ ထွက်ပေါ်လာခဲ့၏။

"ဒါ... ဒါက သူတော်စင်လား"

ရောင်စုံမိုးကြိုးလျှပ်စီးများကိုမြင်ပြီးနောက်

ပါရမီရှင်အားလုံး ထိတ်လန့်တကြားဖြစ်ကုန်သည်။

ရောင်စုံမိုးကြိုးဒုက္ခက သူတော်စင်ကပ်ဘေးဖြစ်ပြီး ယေဘူယျအားဖြင့် သူတော်စင်အဖြစ် အဆင့်တက်ရာတွင် ဖြစ်ပေါ်လာလေ့ရှိသည်။

ဤကပ်ဘေးသည် ပေါင်းစည်းခြင်းကို မဆိုထားနှင့် သူတော်စင်များအတွက်ပင် ကြီးမားသော ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်။

မိုးကောင်းကင်က ကျွင်းရှောင်ယောက်ကို ရှင်သန်ရန် အခွင့်အလမ်းပေးလိုပုံမရပေ။

ကျန်းလော့လီ၊ ရီယုနှင့် ရန်ချင်းယင်တို့၏ မျက်နှာအမူအရာများ သိသိသာသာ ပြောင်းလဲသွားကြသည်။

ယခုအချိန်တွင် စိတ်တည်ငြိမ်နေရန်က သူတို့အတွက် ခက်ခဲလွန်းလှ၏။ အကြောင်းမူကား ကျွင်းရှောင်ယောက်ကို ကောင်းကင်က အသက်ရှင်ရန် အခွင့်အလမ်း မပေးလိုသောကြောင့်သာ ဖြစ်တော့သည်။

"သေချာတယ်၊ ဒါက အဆုံးသတ်ပဲ၊ ဘယ်သူမှ ချိုးဖျက်လို့ မရဘူး"

ဝမ့်ချွမ်က ခပ်တိုးတိုးရေရွတ်လိုက်သည်။

ယခုတော့ ကျွင်းရှောင်ယောက်နှင့် ခေတ်ပြိုင်ပါရမီရှင်အားလုံး အသက်ရှူချောင်ရပေတော့မည်။

အကယ်၍ ကျွင်းရှောင်ယောက်ကျဆုံးခဲ့ပါက

ပါရမီရှင်အားလုံး၏ထိပ်တွင်ရှိသော တောင်ကြီးတစ်ခု ကွဲကြေသွားလိမ့်မည် ဖြစ်သည်။

ကျဆင်းတော့မည့်
ရောင်စုံမိုးကြိုးကပ်ဘေးဒုက္ခကိုကြည့်ကာ
ကျွင်းရှောင်ယောက်လည်း
အသက်ပြင်းပြင်းရှူလိုက်မိသည်။

'ကောင်းကင်က ငါ့ကို အရမ်းချစ်မယ်လို့
မမျှော်လင့်ထားဘူး"
ကျွင်းရှောင်ယောက် ပြုံးလိုက်လေသည်။

သို့သော်လည်း ယင်းမှာ သူလျှောက်ခဲ့သောလမ်းက
မမှားယွင်းကြောင်း သက်သေပြနိုင်သည်။

ကျွင်းရှောင်ယောက်က မရပ်တန့်ဘဲ

သူ့ခန္ဓာကိုယ်အတွင်း၌ တုန်လှုပ်ချောက်ချားဖွယ်ရာ မြင်ကွင်းတစ်ခုကို ဆက်လက်ဖန်တီးခဲ့သည်။

"ဝုန်း"

နောက်ဆုံးတွင်၊ ရောင်စုံမိုးကြိုးကပ်ဘေးက ရောင်စုံနဂါးတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားကာ ကျွင်းရှောင်ယောက်ထံသို့ ဆင်းသက်လာခဲ့၏။

ဤဝရဇိန်စွမ်းအားက သူတော်စင်တစ်ဦးကိုပင် အလွယ်တကူသတ်နိုင်လောက်အောင် ကြောက်စရာကောင်းနေတော့သည်။

----------

အခန်း ( ၂၆၈ ) ကျဆုံးမြင့်မြတ်ခန္ဓာ၏ အကာအကွယ်၊ ကျွင်းရှောင်ယောက်၏ ဝှက်ဖဲ၊

ကောင်းကင်နတ်ဘုရားနှင့် ယှဉ်ပြိုင်လိုသည်။

"ဝုန်း"

ကျယ်လောင်သောအသံနှင့်

ရောင်စုံမိုးကြိုးကပ်ဘေးဒုက္ခသည်

ကျွင်းရှောင်ယောက်ရှိရာအရပ်သို့ ရောက်လာသည်။

တခဏချင်းတွင် ရောင်စုံမိုးကြိုးက ပြန့်ကျဲသွားပြီး

အရပ်လေးမျက်နှာကို ပြည့်နှက်ကာ အက်ကွဲသံများ

ထွက်ပေါ်လာခဲ့၏။

ကျန်းလော့လီလည်း အသိစိတ်ကင်းမဲ့သလို ခဏတာ

တုန်လှုပ်သွားပြီး လုံးဝ မလှုပ်ရှားနိုင်တော့ပေ။

“သေပြီလား”

ပတ်ဝန်းကျင်မှ ပါရမီရှင်အားလုံး
ရေရွတ်လိုက်ကြသည်။

ကျိုချင်းရီနှင့် အခြားသူများလည်း
ယင်ဇ်ပလ္လင်ထိပ်ကိုသာ မျက်တောင်မခတ်
ကြည့်နေခဲ့လေသည်။

ပုံမှန်ဆိုပါက ရောင်စုံမိုးကြိုးကပ်ဘေးဒုက္ခကို
တွန်းလှန်ရန် ကျွင်းရှောင်ယောက်အတွက်
လုံးဝမဖြစ်နိုင်ပေ။

မိုးကြိုးများ ပျောက်ကွယ်သွားသောအခါ
လူတိုင်း၏မျက်လုံးအကြည့်များက
တစ်ချိန်တည်းတွင် အေးခဲသွားခဲ့သည်။

၎င်းတို့ မျက်နှာများပေါ်တွင် ထိတ်လန့်နေသော

အကြည့်များ ဖြစ်လာကြ၏။

ယင်းက ကျွင်းရှောင်ယောက်မှာ ဘေးကင်းစွာဖြင့် ရှိနေသောကြောင့်ပင်။

ထို့ပြင် သူလုံခြုံရသည့်အကြောင်းရင်းက သူ့ရှေ့တွင်ရပ်နေသော ပုံရိပ်ကြောင့် ဖြစ်သည်။

၎င်းက ကျဆုံးမြင့်မြတ်ခန္ဓာ ဖြစ်ချေသည်။

ကျဆုံးမြင့်မြတ်ခန္ဓာ၏ အနက်ရောင်ဆံပင်များက တဖျပ်ဖျပ် လှုပ်ရှားနေပြီး ကောင်းကင်ကိုမော့၍ ဟိန်းဟောက်လိုက်သည်။

"ဒါ..."

တခြားလူများမဆိုထားနှင့်၊ ကျွင်းရှောင်ယောက်
ကိုယ်တိုင်ပင် ခဏတာ တုန်လှုပ်သွားသည်။

ယခုအချိန်တွင် ကျဆုံးမြင့်မြတ်ခန္ဓာကို
သူမထိန်းချုပ်ခဲ့ပါ။

ဆိုလိုသည်မှာ လက်ရှိကျဆုံးမြင့်မြတ်ခန္ဓာက
ကျွင်းရှောင်ယောက်၏ ထိန်းချုပ်မှုမပါဘဲ ၎င်း၏
အလိုဆန္ဒအတိုင်း လုပ်ဆောင်နေခြင်း ဖြစ်သည်။

သို့ရာတွင် ယင်းက... ယင်းက ဘယ်လိုလုပ်ပြီး
ဖြစ်နိုင်ပါမည်နည်း။

ကျွင်းရှောင်ယောက်၏ နှလုံးသားထဲတွင် သံသယများ
ရှိလာသည်။

သို့သော်လည်း သူသည် ယခင်က
ကျဆုံးမြင့်မြတ်ခန္ဓာကို ထိန်းချုပ်သောအခါ...
အချို့သော အခိုက်အတန့်များတွင်
ကျဆုံးမြင့်မြတ်ခန္ဓာ၏ မျက်လုံးများက အနည်းငယ်
ကြည်လင်နေပုံရကြောင်း သူပြန်သတိရလာသည်။

ထိုအချိန်ကတော့ ကျွင်းရှောင်ယောက်ဟာ
ထင်ယောင်ထင်မှားဖြစ်မည်ဟုထင်ပြီး များစွာ
မတွေးမိခဲ့ပေ။

ယခုမူ ကျဆုံးမြင့်မြတ်ခန္ဓာက နက်ရှိုင်းသော
အသိစိတ်ကို ဆက်လက်ထိန်းထားပုံရသည်။

'ဒါပေမယ့် ငါ့ကို ကာကွယ်ဖို့ ဘာဖြစ်လို့ သူက
အစပြုခဲ့တာလဲ'

ကျွင်းရှောင်ယောက် အံ့သြသွားရပြန်သည်။

ထိုအချိန်တွင် ကောင်းကင်ထက်မှ နောက်ထပ်
အသံတစ်ခု ထွက်ပေါ်လာသည်။

ကျွင်းရှောင်ယောက်ကို တစ်ချက်တည်းနှင့်
မသတ်နိုင်ခဲ့သည့်အတွက် ကောင်းကင်ကြီးက
အလွန်ဒေါသထွက်သွားပုံရသည်။ ၎င်းက
ရောင်စုံမိုးကြိုးများကို
ဆက်လက်ပစ်ခွင်းလိုက်လေသည်။

မိုးကြိုးတစ်စင်းစီက သူတော်စင်ကို အလွယ်တကူ
သတ်နိုင်လောက်သည်။

ကျဆုံးမြင့်မြတ်ခန္ဓာက ဟိန်းဟောက်ပြီး
ခြေဆောင့်ကာ ကောင်းကင်သို့ ခုန်တက်သွားခဲ့သည်။

သူက မိုးကြိုးများကို ထိပ်တိုက်ရင်ဆိုင်လိုက်၏။

အက်ကြောင်းဆယ်ခု ကမ္ဘာလောကအတွင်း၌
သူတော်စင်စွမ်းအားကို ခွင့်မပြုပါချေ။

သို့ရာတွင် ယခုအခါ ကျဆုံးမြင့်မြတ်ခန္ဓာက
မိုးကြိုးကပ်ဘေးကို ရုပ်ခန္ဓာသက်သက်ဖြင့်
ရင်ဆိုင်ခြင်း ဖြစ်သည်။

"ဂျိန်း ဂျလိန်း..."
မိုးကြိုးများက တစ်ခုပြီးတစ်ခု ထိမှန်လာသော်လည်း
ကျဆုံးမြင့်မြတ်ခန္ဓာကား နောက်ပြန်မဆုတ်ပေ။

သူ့ခန္ဓာကိုယ်က ကွဲအက်သွားလျှင်ပင်
နောက်ဆုတ်မည့်ပုံမရပါချေ။

ကျွင်းရှောင်ယောက်လည်း အသက်ပြင်းပြင်းရှူ၍ တံ့ဆိုင်းမနေတော့ဘဲ ဤအခွင့်အရေးကို ဆုပ်ကိုင်ကာ နားလည်ဆင်ခြင်လိုက်သည်။

သူ့ခန္ဓာကိုယ်ထဲတွင် လောကဆယ်ခုအင်မော်တယ်မျိုးစေ့က လုံးဝပျောက်ကွယ်သွားပြီး ထိုမူလစွမ်းအင်ကို အာဟာရဖြည့်တင်းရန် အရင်းအမြစ်များအဖြစ်သို့ ပြောင်းလဲသွားကြသည်။

ထိုမူလစွမ်းအင်အစုက ကျွင်းရှောင်ယောက်၏ ကိုယ်ပိုင်လမ်းစဉ် ဖြစ်ချေသည်။

ၡင်းတို့အထဲတွင် ကမ္ဘာတစ်ခု ပွင့်သွားသည်ဟု ထင်ရပြီး စကြဝဠာ၏ ဆင့်ကဲပြောင်းလဲခြင်း

ဖရိုဖရဲမြင်ကွင်းများလည်း ထွက်ပေါ်လာသည်။

ဤအရှိန်အဝါများ တဖြည်းဖြည်း
ပြန့်ကျဲလာသည်နှင့်အမျှ သူ့ပတ်ဝန်းကျင်ရှိ
လေဟာပြင်ကလည်း တဖြည်းဖြည်း ပြိုကျလာကာ
ဘာမှမရှိသလို ဖြစ်သွားခဲ့၏။

ကျွင်းရှောင်ယောက်၏ တာအိုက
ကောင်းကင်အားလုံးနှင့် လမ်းစဉ်အားလုံးမှ
ကိုယ်ပိုင်စည်းမျဉ်းများကို ဖန်တီးထားသည့်ပုံရသည်။

"ငါ့တာအို ထွက်လာတာနဲ့ တာအိုအားလုံး
ပြိုကျသွားတယ်"
ကျွင်းရှောင်ယောက်လည်း ရှင်းရှင်းလင်းလင်း
သဘောပေါက်သွားရာ သူ့ခန္ဓာကိုယ်ကို
အာရုံစူးစိုက်ထားတော့သည်။

သူ့ခန္ဓာကိုယ်ထဲတွင် ကမ္ဘာကြီးက
စတင်ပြောင်းလဲနေပုံရသည်။

ဤသည်ကား သူ့ကမ္ဘာ၊ သူ၏လမ်း၊ သူ၏
တာအိုတည်း။

ကျွင်းရှောင်ယောက်၏ နားလည်နိုင်စွမ်းက
ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ ရောင်စုံမိုးကြိုးကပ်ဘေး
စွမ်းအားကလည်း အားကောင်းသည်ထက်
အားကောင်းလာသည်။

ကျဆုံးမြင့်မြတ်ခန္ဓာ၏ ဖင်းဂေါ့ခန္ဓာသည်ပင်
အက်ကွဲသွားပြီး တဖြည်းဖြည်း ပြိုကျလာချေပြီ။

သို့သော်လည်း ကျဆုံးမြင့်မြတ်ခန္ဓာသည်

ကျွင်းရှောင်ယောက်အတွက် အရာအားလုံးကို တွန်းလှန်ရန် ခိုင်မာသော တံတိုင်းတစ်ခုကဲ့သို့ ဖြစ်နေဆဲပင်။

ယင်းက ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ အထောက်အကူတစ်မျိုး ဖြစ်နိုင်သည်။

ကျဆုံးမြင့်မြတ်ခန္ဓာက ကျွင်းရှောင်ယောက်၏ ရှေးဟောင်းမြင့်မြတ်ခန္ဓာကိုထောက်ပံ့ကာ မကြုံစဖူး လမ်းစဉ်သစ်ဖြင့် တောက်ပနိုင်လိမ့်မည်ဟု မျှော်လင့်နေပုံရပေသည်။

"ဂျိန်း"

အဆုံးတွင်၊

အဆုံးမဲ့ရောင်စုံမိုးကြိုးကပ်ဘေးဒုက္ခများက ကျဆုံးမြင့်မြတ်ခန္ဓာကို တိုက်ရိုက်နစ်မြုပ်စေခဲ့သည်။

သူ၏ ဖင်းဂေါ့ခန္ဓာလည်း ပြိုကွဲစပြုလာသည်။

နောက်ဆုံးတွင် ကျဆုံးမြင့်မြတ်ခန္ဓာက
အထွတ်အထိပ်ကာလမှ
ရှေးဟောင်းမြင့်မြတ်ခန္ဓာမဟုတ်တော့ပေ။

သူ၏ခန္ဓာက စမ်းသပ်မှုများနှင့် အသွင်ကူးပြောင်းမှု
အများအပြားကိုလည်း ကြုံတွေ့ခဲ့ရ၍ နောက်ဆုံးတွင်
ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏
ဝိသေသလက္ခဏာအချို့ကို ဆုံးရှုံးခဲ့ရပြီ ဖြစ်သည်။

ထို့ကြောင့် နောက်ဆုံးမှာတော့
ဤကြောက်မက်ဖွယ်ကောင်းသော
ကမ္ဘာဖျက်မိုးကြိုးအောက်တွင် ကျဆုံးမြင့်မြတ်ခန္ဓာ
မထောက်ပံ့နိုင်တော့ပါ။

သူ့ခန္ဓာကိုယ်က နောက်ဆုံးတွင် ပေါက်ကွဲသံနှင့်အတူ ကွဲအက်လာခဲ့ရသည်။

၎င်းက လုံးဝပြိုကျသွားတော့မည့်အချိန်တွင်... စကားတစ်ခွန်းက ကျွင်းရှောင်ယောက်၏စိတ်ထဲသို့ ဝင်ရောက်လာသည်။

"မြင့်မြတ်ခန္ဓာကိုယ်မျိုးရိုး... မင်းအပေါ်မှာ မူတည်တယ်"

"မှတ်ထား... ရှေးဟောင်းကို..."

ထို့နောက်တော့ ကျဆုံးမြင့်မြတ်ခန္ဓာဟာ လုံးဝပြိုကွဲသွားပြီး ပြာများအဖြစ်သို့ ပြောင်းလဲကာ

ကမ္ဘာကြီးမှ ပျောက်ကွယ်သွားတော့သည်။

ထိုစကားကိုကြားရသော်လည်း
ကျွင်းရှောင်ယောက်တွင် လှုပ်ရှားရန် အချိန်မရှိပေ။

သူက လက်ရှိအခြေအနေကို အာရုံစိုက်နေသည်။

သို့သော်လည်း ထိုစကားကို နှလုံးသားထဲတွင်
သိမ်းဆည်းထားလိုက်၏။

ကျဆုံးမြင့်မြတ်ခန္ဓာ၏
အတားအဆီးမရှိတော့သောအခါ...

ရောင်စုံမိုးကြိုးကပ်ဘေးဒုက္ခက
ကျွင်းရှောင်ယောက်ကို အတားအဆီးမရှိ

ပစ်ခတ်လာတော့သည်။

ဤအခိုက်တွင် လူစွမ်းကောင်း ဝိညာဉ်
ယင်ဇ်ပလ္လင်တစ်ဝိုက်မှ အဆုံးမဲ့ဝိညာဉ်များ
ထပ်မံပေါ်လာသည်။

ကျွင်းရှောင်ယောက် ယင်ဇ်ပလ္လင်ထိပ်ပေါ်သို့
တက်ခါနီးတွင်လည်း ထောင်သောင်းမကသော
ဝိညာဉ်များ ပေါ်လာခဲ့ဖူး၏။

ယခုဆိုလျှင် ယခုဆိုလျှင် သိန်းချီပြီး
ပေါ်ထွက်လာပေပြီ။

ဤအရေအတွက်ကို များပြီဟုတော့ မထင်လေနှင့်။

သိထားရမည်မှာ ဤသည်က မရေမတွက်နိုင်သော ခေတ်များနှင့် အချိန်များတစ်လျှောက် စုဆောင်းထားသော ပမာဏဖြစ်သည်။

"ဒါက...တကယ်ကို အဆုံးသတ်ပဲ"

မရေတွက်နိုင်သော ဝိညာဉ်များကိုမြင်သောအခါ ကျန်းလော့လီမျက်နှာက ဖြူဖျော့သွားသည်။

ကျိချင်းရီနှင့် ရှောင်မိုရှန်းတို့လည်း အနည်းငယ် အေးစက်သွား၏။

ဤလမ်းက ခက်ခဲနိုင်မှန်းသိသော်လည်း ဤမျှခက်ခဲမည်ဟု မမျှော်လင့်ထားခဲ့ပေ။

သို့သော်လည်း နောက်အခိုက်တွင်

အံ့ဩဖွယ်အရာတစ်ခု ဖြစ်လာသည်။

ဤဝိညာဉ်များသည် ကျွင်းရှောင်ယောက်ကို
မရည်ရွယ်ဘဲ ကောင်းကင်ကို ဟိန်းဟောက်လိုက်၏။

ဟုတ်ပေသည်။ ကောင်းကင်ကို
ဟိန်းဟောက်နေသည်။

၎င်းတို့အားလုံးက ယဇ်ပလ္လင်ပေါ်သို့တက်ခဲ့ကြသော
ရှေးခေတ်သူရဲကောင်းများဖြစ်ခဲ့ကြပြီး
ကျွင်းရှောင်ယောက်ကဲ့သို့ပင် ကိုယ်ပိုင်လမ်းကို
ဖွင့်လိုခဲ့ကြသည်။

သို့သော်လည်း သူတို့အားလုံး မအောင်မြင်ခဲ့ပေ။

အကြောင်းမူကား၊ မိုးကောင်းကင်က သူတို့ကို တားမြစ်ထားခဲ့သောကြောင့်ပင်။

ယခုလည်း ခေတ်ကာလများစွာပြီးနောက် တစ်စုံတစ်ဦးသည် ကိုယ်ပိုင်လမ်းကြောင်းမှ ထွက်သွားရန် ဖြစ်နိုင်ခြေရှိလာပြန်သည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်ကိုရင်မဆိုင်ဘဲ ကျွင်းရှောင်ယောက်ကိုကူညီကာ မတရားသည့် မိုးကောင်းကင်ကို ကိုင်တွယ်ရန် ထွက်လာခဲ့ကြခြင်း ဖြစ်သည်။

ဘာကြောင့် သူတို့တွေ ဤနေရာတွင် ပိတ်မိနေရပါသနည်း။

ဘာကြောင့် ဤနေရာတွင် ချုပ်နှောင်ခံထားရသနည်း။

ဤသည်မှာ ကံကြမ္မာကို ဆန့်ကျင်ခြင်း ဖြစ်သည်။

"ဝုန်း"

ဝိညာဉ်အားလုံးက မိုးကောင်းကင်ကို
ဆန့်ကျင်တိုက်ခိုက်နေခဲ့ကြချေပြီ။

ဤအင်အားမှာ ရောင်စုံမိုးကြိုးကပ်ဘေးဒုက္ခကိုပင်
ရင်ဆိုင်နိုင်အောင်
အလွန်ကြောက်မက်ဖွယ်ကောင်းသွားသည်။

ထောင်ပေါင်းများစွာသော ဝိညာဉ်များဖြင့်
ဝန်းရံထားသော ကျွင်းရှောင်ယောက်သည်
ကမ္ဘာပေါ်တွင် တစ်ဦးတည်းသော
နတ်ဘုရားကဲ့သို့ပင်။

ကျဆုံးမြင့်မြတ်ခန္ဓာကဲ့သို့ပင် ဤဝိညာဉ်များကလည်း ကျွင်းရှောင်ယောက်ကို ကာကွယ်နေသည်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများပင် အေးစက်လာ၏။

သူ၏ ဒန်တျန်တွင် စွမ်းအင်များကို အဆမတန် ဖိသိပ်ထားရာ နောက်ဆုံးတွင် ဗလာနတ္တိအဖြစ်သို့ ပြောင်းလဲသွားပုံရသည်။

သို့သော်လည်း လေဟာပြင်ထဲတွင် အမှတ်တစ်ခု ရုတ်တရက် ပေါ်လာခဲ့၏။

ဤအမှတ်က အရာခပ်သိမ်းနှင့် စကြာဝဠာကို လွှမ်းခြုံထားပုံရပြီး လမ်းသစ်တစ်ခုလို တဖြည်းဖြည်း

ထွက်ပေါ်လာခြင်း ဖြစ်သည်။

ဤအမှတ်သည် ဤကမ္ဘာနှင့်မသက်ဆိုင်ဘဲ
ကျွင်းရှောင်ယောက်ကိုယ်တိုင် ဖန်တီးထား၏။

ဤအမှတ်က ပုံသဏ္ဌာန်ဖြစ်လာတော့မည့်အချိန်တွင်...

ကောင်းကင်ယံ၌ ရောင်စုံမိုးကြိုးများက
ရောယှက်လာပြီး နောက်ဆုံးတွင် မိုးကြိုးကြီးအဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။

ဤမိုးကြိုးက အနှိုင်းမဲ့ကြီးမားကာ ကောင်းကင်ကို
လွှမ်းခြုံထား၏။

ထို့နောက်တော့ ကျယ်လောင်သော

မြည်ဟီးသံနှင့်အတူ ကျွင်းရှောင်ယောက်ထံသို့
ကျဆင်းလာတော့သည်။

ပြင်းပြင်းထန်ထန် တွန်းလှန်တိုက်ခိုက်ခဲ့သော
ဝိညာဉ်များလည်း ခံနိုင်ရည်မရှိခဲ့ကြဘဲ အော်ဟစ်ကာ
ပြာဖြစ်သွားကြသည်။

နောက်ဆုံးတော့ ကောင်းကင်က သူတို့ကိုလည်း
သတ်ဖြတ်ခဲ့ပေပြီ။

ကျွင်းရှောင်ယောက်က တည်ငြိမ်စွာဖြင့်
ကြည့်လိုက်သည်။

သူ့လမ်းစဉ်က အောင်မြင်တော့မည်၊
ဤအချိန်ရောက်မှ ဘယ်လိုလုပ်ပြီး
အရှုံးပေးနိုင်မည်နည်း။

"လာစမ်း၊ ငါ ကျွင်းရှောင်ယောက်က ကောင်းကင်နတ်ဘုရားနဲ့ပါ ယှဉ်ပြိုင်မယ်"

ကျွင်းရှောင်ယောက်က အေးစက်စက်ဖြင့် အော်ဟစ်ပြီး သူ့လက်ကို မြှောက်လိုက်သည်။ ထိုအခါ ကြီးမားကျယ်ပြန့်သော ဓားတန်းသုံးချောင်းက ကောင်းကင်နှင့် မြေပြင်ကိုဖြတ်ကာ ထွက်ပေါ်လာသည်။

မထင်မှတ်ဘဲ ၎င်းတွင် အမှန်တကယ် လက်နက်အငွေ့အသက်များ ဝေဝါးဝါး ထွက်ပေါ်နေ၏။

"ဒါ…"

ကျိချင်းရီ၊ ရှောင်မိုရှန်း၊ ဝမ့်ချွမ်၊ ကျန်းလော့လီ၊ ရီယု၊ ရန်ချင်းရီနှင့် ကျန်ပါရမီရှင်အားလုံး…

မျက်လုံးများပြူးကျယ်ကာ အသက်ပြင်းပြင်းရှူရင်း
နှလုံးခုန်သံ မြန်လာခဲ့တော့သည်။

အကြောင်းမူကား ယင်းမှာ ...
ကေရာဇ်တို့ပိုင်ဆိုင်သော အငွေ့အသက်များ
ဖြစ်နေသောကြောင့်ပင်။

----------

အခန်း ( ၂၆၉ ) ကေရာဇ်လက်နက်ဖြင့်
ကောင်းကင်ပြစ်ဒဏ်ကို တွန်းလှန်ရန်၊
ကျွင်းရှောင်ယောက်၏ လမ်းက
ကောင်းကင်နှင့်မြေပြင်ရှိ တာအိုအားလုံးကို
ဖိနှိပ်နိုင်သည်။

ကေရာဇ်ပတ်သက်သော မည်သည့်အရာကိုမဆို
မြင့်မြတ်မှုကို ကိုယ်စားပြုသည်။

ကေရာဇ်၏တန်ခိုးကို အကောင်းဆုံး
ပြသနိုင်သောအရာကတော့
ကေရာဇ်လက်နက်များဖြစ်မှာ အသေချာပင်။

သို့သော်လည်း ကေရာဇ်လက်နက်မှာ အလွန်ရှားပြီး
အင်မော်တယ်မျိုးရိုးများအတွက်
အမွေအနှစ်တစ်ခုကဲ့သို့ ဖြစ်သည်။

အင်မော်တယ်မျိုးနွယ်များ၏ မျိုးဆက်များပင်လျှင်
ကေရာဇ်လက်နက်များကို ကိုင်ဆောင်မထားနိုင်ပါ။

အကြောင်းမှုကား... ပထမအချက်အနေဖြင့်
ကေရာဇ်လက်နက်များမှာ အဖိုးတန်လွန်းသောကြောင့်

ဖြစ်သည်။

ဒုတိယအနေဖြင့် ပါရမီရှင်
မျိုးဆက်သစ်လူငယ်များအတွက်
ကောရာဇ်လက်နက်များ၏စွမ်းအားကို အပြည့်အဝ
အသုံးချရန် မဖြစ်နိုင်ပေ။

ထို့ကြောင့် လူငယ်ပါရမီရှင်များအတွက်
ကောရာဇ်လက်နက်များရှိထားကြရန် မဖြစ်နိုင်ပါချေ။

ယခုမူ ကျွင်းရှောင်ယောက်ထုတ်ဖော်ခဲ့သော
ရှေးဟောင်းဓားသုံးချောင်းကို ကြည့်ပြီး ဝမ့်ချွမ်နှင့်
အခြားသူများ အနည်းငယ်
စိတ်ရှုပ်ထွေးသွားကြသည်။

ထိုဓားသုံးချောင်းက ပန်ဟွမ်ဓားသုံးချောင်းပင်

ဖြစ်ချေသည်။

ကျွင်းရှောင်ယောက်က ပန်ဟွမ်စားသုံးချောင်းကို စုဆောင်းထားနိုင်သော်လည်း ယခင်ကတော့ မထုတ်ဖော်ခဲ့ဖူးပေ။

ယခုတော့ မိုးကြိုးကပ်ဘေး၏ ကြီးမားစွမ်းအားကြောင့် ကျွင်းရှောင်ယောက်ဟာ ဤဝှက်ဖဲကိုသာ အသုံးပြုနိုင်သည်။

ပန်ဟွမ်အသက်စား၊ ပန်ဟွမ်နှစ်များစား၊ ပန်ဟွမ်ဟင်းလင်းပြင်စား။

စားသုံးချောင်းက လေထဲတွင် တဖြည်းဖြည်း ပေါင်းစပ်လာသည်။

ကေရာဇ်လှိုင်းများကလည်း ပြန့်ကျဲလာခဲ့၏။

မူလကတည်းက ပန်ပွင့်စားသုံးချောင်းမှာ
ပန်ပွင့်ကေရာဇ်စားဖြစ်သည်။

ထို့ကြောင့် ယခုအခါ ၎င်းတို့ကို ပေါင်းစည်းရာတွင်
သဘာဝအတိုင်း အတားအဆီးမရှိခဲ့ပေ။

အချိန်တိုအတွင်းမှာပင် စားသုံးလက်က
ကေရာဇ်စွမ်းအားများ ပျံ့နှံ့လာသည်။

၎င်းက ကမ္ဘာပေါ်ရှိ အရာအားလုံးကို
ဖြတ်တောက်နိုင်သော ရှေးဟောင်းစားတစ်လက်ပင်
ဖြစ်ချေသည်။

ရှေးဟောင်းဓားတစ်ဝိုက်တွင် အဆုံးမဲ့
သက်ရှိသတ္တဝါများ ဦးညွှတ်နေပုံရပြီး
အချိန်၏လေထုကလည်း လေထဲတွင်
ပြည့်လျှံသွားသည်။ ဟင်းလင်းပြင်သည်ပင်
ထိုအင်အားကြီးကို မခံနိုင်ဘဲ တွန့်လိပ်သွား၏။

ကေရာဇ်ဓား၊ နောက်ဆုံးတွင် ကေရာဇ်ဓားက
ကမ္ဘာပေါ်၌ ထပ်မံပေါ်ထွက်လာခဲ့ပြီ ဖြစ်သည်။

"ဖြစ်နိုင်တာက ဒါဟာ ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့
ပန်ကေရာဇ်ဓားပဲ၊ ဒါပေမဲ့ ကျွင်းရှောင်ယောက်ရဲ့
လက်ထဲမှာ ဘာကြောင့် ပေါ်လာတာလဲ"

ရှောင်မိုရှန်းနှင့် တခြားသူအားလုံး
စိတ်ရှုပ်ထွေးသွားသည်။

ကေရာဇ်လက်နက်က အလွန်ရှားပြီး ကေရာဇ်များ၏
ဘဝတစ်သက်တာတွင် ကိုင်တွယ်ခဲ့သော
လက်နက်များပင် ဖြစ်သည်။

ထို့ကြောင့် ၎င်းတို့မှာ ကေရာဇ်စွမ်းအားများကို
ထုတ်ဖော်နိုင်စွမ်းရှိပေသည်။

ထို့ကြောင့်ပင် ကေရာဇ်လက်နက်ဟု လူသိများခြင်း
ဖြစ်သည်။

ကေရာဇ်လက်နက်မှာ
အင်မော်တယ်မျိုးရိုးများအတွက်
အကာကွယ်များဟုပင် ဆိုနိုင်သည်။

ပန်ကေရာဇ်ဓားကတော့ မဟာကေရာဇ်ပန်ဝူ၏
ကေရာဇ်လက်နက်ဖြစ်ပြီး ပန်ဝူနတ်ဘုရားမင်းဆက်မှ

အမွေဆက်ခံခဲ့ပေသည်။

သို့သော်လည်း နောက်ပိုင်းတွင် သုံးပိုင်းဖြစ်ပြီး နေရာအနှံ့သို့ ပျံ့ကျဲသွားခဲ့သည်။

နောက်ဆုံးတွင် ရန်ပန်နိုးထလာပြီး ပန်ကေရာဇ်ဓား၏ သုံးပုံတစ်ပုံကို ပြန်ရခဲ့လေသည်။

ထိုအတွက်ကြောင့်ပင် ဝမ့်ချမ်၊ ရှောင်မိုရှန်း၊ ကျိချင်းရီနှင့် အခြားသူများ စိတ်ရှုပ်ထွေးသွားကြခြင်း ဖြစ်သည်။

ကျန်းလော့လီကတော့ ဤအကြောင်းကို သိထားတာကြောင့် များစွာ အံ့သြမနေတော့ပေ။

'သူက ကေရာဇ်လက်နက်ကို တကယ်ကြီး
ပိုင်ဆိုင်ထားတာပဲ။ သူသာ အရင်က
အသုံးပြုခဲ့မယ်ဆိုရင် အချိန်အကြာကြီး
တိုက်ခိုက်ဖို့တောင် မလိုအပ်ဘူး၊ ငါ့ကို တိုက်ရိုက်
ဒဏ်ရာရစေနိုင်သလို ဓားတစ်ချက်နဲ့တင်
ချက်ချင်းသတ်ပစ်နိုင်တယ်'

ဝမ့်ချွမ်လည်း ကြောက်လန့်တကြားဖြစ်ကာ
တွေးလိုက်မိသည်။

ကျွင်းရှောင်ယောက်၏ လက်ရှိအင်အားအရ
ယခုအချိန်တွင် ကေရာဇ်လက်နက်၏
စွမ်းအားအပြည့်အဝကို ထုတ်ဖော်ရန်မဆိုထားနှင့်
ချောမွေ့စွာပင် မထိန်းချုပ်နိုင်သေးပေ။

သို့သော်လည်း တစ်ဖက်လူက ကေရာဇ်လက်နက်၏
အင်အား တစ်သောင်းပုံ တစ်ပုံမျှသာ
အသုံးပြုနိုင်လျှင်ပင် ဝမ့်ချွမ်အတွက် ကြီးစွာသော

ခြိမ်းခြောက်မှုတစ်ခု ဖြစ်စေနိုင်သေးသည်။

၎င်း၏ လမ်းကြောင်းခြောက်သွယ်
ဆမ်ဆာရာချပ်ပြားအသေးကိုပင် ဓားတစ်ချက်နှင့်ပင်
ဖြတ်သွားနိုင်လောက်သည်။

သူ၏ ကေရာဇ်တစ်ပိုင်းလက်နက်က
ကေရာဇ်လက်နက်အစစ်ကို တားဆီးရန်
မဖြစ်နိုင်ပါချေ။

ယခုအခါ ကျွင်းရှောင်ယောက်က
ကေရာဇ်လက်နက်ကို ထုတ်ဖော်လိုက်သောကြောင့်
လူတိုင်း ထိတ်လန့်သွားကြသည်။

ကြောက်မက်ဖွယ်ရာ မိုးကြိုးက ပန်ကေရာဇ်ဓားကို
တိုက်ရိုက် ထိမှန်သွားခဲ့သည်။

ချက်ချင်းပင်၊ ပန်ကေရာဇ်ဓားက တုန်ခါသွားပြီး ကေရာဇ်စွမ်းအားကလည်း ပျံ့နှံ့သွား၏။

ကောင်းကင်ဘုံကို မည်သူမျှ အရှက်ခွဲ၍မရပေ။

ကေရာဇ်လက်နက်များပင် အရှက်ခွဲ၍ မရပါချေ။

"ဝုန်း"

ဤကဲ့သို့သော အကျိုးသက်ရောက်မှုက ပန်ကေရာဇ်ဓားကို တန်ပြန်တိုက်ခိုက်မှုများ ဖြစ်စေခဲ့သည်။

၎င်းက ပန်ကေရာဇ်ဓားကို ထိန်းချုပ်နေသည့် ကျွင်းရှောင်ယောက်မှ မဟုတ်ပေ။

ယင်းအစား ပန်ကေရာဇ်ဓားမှ တိုက်ခိုက်မှုတစ်ခုနှင့် ကြုံလာသောကြောင့် အလိုလို ပြန်လည်ခုခံခြင်းမျိုး ဖြစ်သည်။

ပန်ကေရာဇ်ဓားက တုန်ခါသွားကာ ဓားအလင်းတစ်ခု ထွက်ပေါ်လာသည်။

ဤဓားအလင်းက မိုးကြိုးတန်းကြီးကို အလယ်မှ ထက်ခြမ်းကွဲသွားစေပေသည်။

"အိုး၊ ငါမျှော်လင့်ထားသလိုပဲ"

ကျွင်းရှောင်ယောက်၏နှုတ်ခမ်းက

တွန့်ကွေးသွားခဲ့သည်။

ပန်ကေရာဇ်ဓားက ကေရာဇ်စွမ်းအားကို
အလိုအလျောက်ထုတ်ပေးမည်ဟု သူခန့်မှန်းထားပြီး
ဖြစ်သည်။

အကယ်၍ ကျွင်းရှောင်ယောက်က
ထိန်းချုပ်ထားတယ်ဆိုလျှင် ကောင်းကင်ပြစ်ဒဏ်ကို
ခံနိုင်ဖို့နေနေသာသာ ကေရာဇ်စွမ်းအားကို
အသုံးချရန်ပင် ခက်ခဲနေဦးမည် ဖြစ်သည်။

ပန်ကေရာဇ်ဓားက ကျွင်းရှောင်ယောက်အတွက်
တန်ဖိုးအရှိဆုံးအချိန်ကို ယူဆောင်ပေးခဲ့သည်ဟု
ဆိုနိုင်သည်။

ကျွင်းရှောင်ယောက်၏ ဒန်တျန်အတွင်းမှ
မူလစွမ်းအားကလည်း နောက်ဆုံးတွင်
ပုံသဏ္ဍာန်ဖြစ်တည်လာခဲ့ပြီ။

၎င်းစတင်ဖွဲ့စည်းချိန်တွင် ကမ္ဘာကြီးတစ်ခုလုံး
အေးခဲပြီး တိတ်ဆိတ်သွားခဲ့ပုံရသည်။

အသံအားလုံး ပျောက်ကွယ်သွားခဲ့သည်။

ကောင်းကင်နှင့်မြေပြင်ကြားရှိ တာအိုများလည်း
ခဏတာမျှ ရပ်တန့်သွားခဲ့ပုံရ၏။

ကျွင်းရှောင်ယောက်၏တာအို
ဆင့်ကဲပြောင်းလဲလာချိန်တွင် ကောင်းကင် ကိုးခုနှင့်
အဆုံးမဲ့ကမ္ဘာမြေကြီး ဆယ်ခုလုံးစလုံး ခဏတာမျှ
ငြိမ်သက်သွားခဲ့သည်။

ဟုတ်ပေသည်၊ ခဏမျှသာ ဖြစ်သည်။

ခဏကကဆိုပေမည့် တိုတောင်းသည်တော့ မဟုတ်ပေ။

ဤအချိန်တိုအတွင်း ကျွင်းရှောင်ယောက်ဟာ
အရာအားလုံးကို ဖိနှိပ်သွားခဲ့သည်။

သို့သော်လည်း ခဏအကြာမှာတော့ ကမ္ဘာကြီးဟာ
ဘာမျှမဖြစ်ခဲ့သလို တခဏအတွင်း
ပုံမှန်ပြန်ဖြစ်သွားလေသည်။

သို့သော်လည်း ရှေးကျသော ဖြစ်တည်မှုတချို့ကတော့
ဤအချိန်ခဏကိုပင် ခံစားနိုင်ကြသည်။

အင်မော်တယ်နယ်မြေကြီးရှိ
ရှေးဟောင်းမင်းမျိုးနွယ်များ၊
ရှေးဟောင်းတော်ဝင်မိသားစုများ၊

အင်မော်တယ်ဂိုဏ်းဂဏကြီးများနှင့် ထိပ်တန်းမင်းဆက်များတွင်... မရေတွက်နိုင်သော ခေတ်များတလျှောက် ရှင်သန်နေခဲ့သော တည်ရှိမှုအားလုံး လှုပ်ရှားသွားကြသည်။

"အခုဘာဖြစ်သွားတာလဲ"

"မင်းဘယ်လိုခံစားရလဲ၊ တစ်ခဏအတွင်းမှာပဲ အရာအားလုံး လုံးဝရပ်တန့်သွားသလိုပဲ"

"ဒီကောရာဇ်နည်းလမ်းက ဘယ်သူဖြစ်နိုင်မှာလဲ"

"ဟင့်အင်း...မဖြစ်နိုင်ဘူး၊ ဒဏ္ဍာရီလာ မသေမျိုးတွေတောင်မှ မဖြစ်နိုင်ဘူး။ တာအိုရဲ့ လည်ပတ်မှုကို ထိခိုက်စေတဲ့ စွမ်းအားရှိသူဆိုတာ ကောင်းကင်ကိုးခုနဲ့ ကမ္ဘာဆယ ဆယ်နေရာလုံးမှာ

လုံးဝမရှိနိုင်ဘူး"

"ဘာတွေဖြစ်နေတာလဲ၊ ဒီမူမမှန်မှုရဲ့ အရင်းအမြစ်ကို ငါ ခံစားလို့မရဘူး"

"ဟုတ်တယ်၊ ဒီမူမမှန်မှုရဲ့ အရင်းအမြစ်က ကောင်းကင်ကိုးခု၊ ကမ္ဘာဆယ်ခုနဲ့ မသက်ဆိုင်ဘူး..."

အင်မော်တယ်နယ်မြေကြီးမှ ရှေးတန်ခိုးရှင်ကြီးများပင် တုန်လှုပ်ကုန်သည်။

အသက်တားမြစ်ဇရိယာမှ တားမြစ်သခင်နှင့်ပတ်သက်၍လည်း ထင်ကြေးများ အမျိုးမျိုးရှိလာသည်။

ထာဝရသင်္ချိုင်းတွင် မရေမတွက်နိုင်သော
ကာလများတလျှောက် မြှုပ်နှံထားသော
ကြောက်စရာကောင်းသည့် သက်ရှိများ
နိုးထလာခြင်းဟုလည်း ထင်သူထင်နေကြလေသည်။

သို့သော်လည်း ကောင်းကင်ကိုးခုနှင့် ကမ္ဘာဆယ်ခုကို
ပျံ့နှံ့သွားသော ဤအပြောင်းအလဲမျိုးက
အမှန်တကယ်တွင် တာအိုပေါင်းစည်းခြင်းနယ်ပယ်သို့
ချိုးဖြတ်သွားသော
လူငယ်တစ်ယောက်ကြောင့်ဖြစ်နေမည်ဟု မည်သူမျှ
ထင်ထားကြမည်မဟုတ်ပေ။

ရှေးဟောင်းမင်းမျိုးနွယ် ကျွင်းမိသားစုတွင်
ကျွင်းရှောင်ယောက်နှင့် သွေးသားတော်စပ်သူအားလုံး
မရေရာသော ခံစားချက်တစ်ခုကို ရသွားခဲ့ကြသည်။

သွေးမျိုးဆက်က နီးစပ်လေလေ၊
ဤခံစားချက်ကလည်း အားကောင်းလေပင်။

"ဒီခံစားချက်က ရှောင်ယောက် ဖြစ်နိုင်လား"

ကျွင်းကျန်းထျန်း၏ မျက်နှာတွင် မရေရာမှုများ
ဖြစ်လာသည်။

သူက ကျွင်းရှောင်ယောက်ကို အောက်ကမ္ဘာသို့သွားပြီး
ကမ္ဘာ့မူလများအား ရယူစေလိုခဲ့ပေသည်။

ယခုဆိုလျှင် ဤအပြောင်းအလဲက
ကျွင်းရှောင်ယောက်ကြောင့် ဖြစ်လာပုံရသည်။

ကျွင်းကျန်းထျန်းလည်း ဂုဏ်ယူစွာဖြင့် ပြုံးကာ
ပြောလိုက်လေသည်။

"ငါ့မြေးလေးက မျှော်လင့်ထားသလိုပဲ၊ သူအမြဲတမ်း
အံ့အားသင့်စရာတွေ ယူဆောင်လာပေးနိုင်တယ်၊
အခုလည်း သူယူဆောင်လာမဲ့အရာတွေကို မြင်တွေ့ရဖို့
ငါ တကယ်ကို မျှော်လင့်နေမိတယ်"

ကျွင်းကျန်းထျန်းလည်း
အလွန်ဝမ်းသာသွားလေသည်။

ကျွင်းရှောင်ယောက်က ကမ္ဘာ့မူလထက်
ပိုမိုအားကောင်းသည့် ကောင်းကင်ကို အံတုနိုင်သော
အင်မော်တယ်မျိုးစေ့တစ်မျိုးကို ရရှိခဲ့သည်ဟု
သူယုံကြည်လိုက်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က
သူ့ကိုယ်ပိုင်လမ်းကို ဖွင့်ပေးလိမ့်မည်ဟုတော့
ဘယ်တုန်းကမှ မထင်ခဲ့မိပါချေ။

.........

တစ်ချိန်တည်းမှာပင် နားမလည်နိုင်အောင်၊
ဖော်ပြခြင်းငှာ မစွမ်းသာသော နေရာတစ်ခုတွင်...

အထီးကျန်ဆန်ပြီး သူ့ရဲ့ကောင်းပီသသော
အဖြူရောင်ဝတ်ပုံရိပ်တစ်ခုက
ထာဝရအမှောင်ထုထဲတွင် တင်ပျဉ်ခွေထိုင်နေသည်။

သူ့ခန္ဓာကိုယ်က အတန်ငယ် ထိခိုက်ထားပုံရပြီး
ဆံပင်ရှည်များကလည်း ဖရိုဖရဲဖြစ်ကာ
သူ့မျက်လုံးများကိုပင် ဖုံးအုပ်ထားသည်။

“ဒီခံစားချက်က... ငါ့သား...”

အဖြူရောင်ဝတ်လူရိုပ်က ခပ်တိုးတိုးရေရွတ်ကာ
နေရာမှထရပ်ပြီး အဝေးကို
လှမ်းကြည့်လိုက်လေသည်။

သူထလာသောအခါတွင် ဟင်းလင်းပြင်က
တုန်ခါလာသည်။ မိုးနှင့်မြေကလည်း
သူ၏ကြောက်မက်ဖွယ်စွမ်းအားကို
ခံနိုင်တော့ပုံမရပေ။

ဤဖိအားသည် ကြီးကျယ်ခမ်းနားပြီး
ကောင်းကင်ကိုးပါးနှင့် ကမ္ဘာဆယ်ခုကို လွှမ်းခြုံကာ
အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ကိုပင်
လွှမ်းမိုးထားပုံရသည်။

ဤအဖြူရောင်ဝတ် လူရိပ်ရှေ့တွင်

အစိပစိများသည်ပင်  ပုရွက်ဆိတ်ကဲ့သို့
နှိမ့်ချနေကြရပေမည်။

----------

အခန်း ( ၂၇၀ ) နတ်ဘုရား၏မူလ၊
ကျွင်းရှောင်ယောက်၏ လမ်း၊ နီဗားနားကို စတင်ခြင်း။

ကျွင်းရှောင်ယောက်သည် သူဖွင့်လိုက်သောလမ်းက
ထိုကဲ့သို့အကျိုးသက်ရောက်နိုင်မည်ဟု
ထင်မထားခဲ့ပေ။

၎င်းမှာ
ကျွင်းရှောင်ယောက်လျှောက်လှမ်းခဲ့သောလမ်းက
မမှားယွင်းကြောင်း သိသာထင်ရှားစေသည်။

ဤအခိုက်၊
လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်၏ထိပ်တွင်...

ကျွင်းရှောင်ယောက်က ပုံမှန်မဟုတ်သော
အခွင့်အလမ်းများတွင် နစ်မြုပ်နေသည်။

သူ၏ ဒန်တျန်ထဲတွင် နက်နဲသော မူလတစ်ခု
ပေါ်လာသည်။

ထိုမူလသည် စကြဝဠာ၏ ရှေ့ပြေးပုံစံဖြစ်ပြီး
ကမ္ဘာ့အချင်း ဖြစ်ပုံရ၏။

ဤမူလက အနာဂတ်တွင် စကြဝဠာ၊
မိုးနှင့်မြေအဖြစ်သို့ ပြောင်းလဲသွားနိုင်သည်ဟု

ထင်မှတ်ရပေသည်။

ကျွင်းရှောင်ယောက် ကိုယ်တိုင်ကတော့ ဤကမ္ဘာကြီးကို ဖန်တီးသူ ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဤမူလက လုံးလုံးလျားလျား ဖြစ်ပေါ်လာသောအခါ...

အဝိဇ္ဇာမီးနှင့် ရောင်စုံမိုးကြိုးများ တိတ်တဆိတ် ပျောက်ကွယ်သွားသည်။

ကျွင်းရှောင်ယောက်၏ တာအိုက ပြီးသွားသည့်အတွက် အဖူးအငုံကို လည်ပင်းညှစ်လို့မရတော့ပါချေ။

ဟုတ်သည်၊ ယင်းက ကျွင်းရှောင်ယောက်
အနားယူနေနိုင်ပြီဟုတော့ မဆိုလိုပေ။

နောင်တွင် အတားအဆီးများစွာကို
မုချကြုံတွေ့ရလိမ့်မည်။

အကြောင်းမှာ ဤမူလက ကျွင်းရှောင်ယောက်၏
ကိုယ်ပိုင်လမ်းစဉ် အစသာဖြစ်သည်။

ဤမူလက ဆက်လက်ပြောင်းလဲလာသည်နှင့်အမျှ
သဘာဝဘေးအန္တရာယ်များ သို့မဟုတ်
လူလုပ်ဘေးအန္တရာယ်များ အများအပြား
ရှိလာပေလိမ့်မည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က ဂရုမစိုက်ပါ။

အချိန်ကြာလာသည်နှင့်အမျှ သူ၏ခွန်အားက
ပိုမိုအားကောင်းလာမည် ဖြစ်သည်။

ယခုအချိန်မှာပင် ကောင်းကင်က
သူ့ကိုမသတ်နိုင်ပါက...

အနာဂတ်တွင် သူ့ကိုသတ်ရ ပိုခက်ပေလိမ့်မည်။

ကျွင်းရှောင်ယောက်ဟာ ကိုယ်ပိုင်လမ်းဖြင့်
ကြီးထွားလာရန် ယုံကြည်မှုရှိသည်။

"တကယ်ပဲ...အောင်မြင်ပြီ..."

မိုးကြိုးများ ကွယ်ပျောက်သွားပြီး
ကျွင်းရှောင်ယောက်က ဘေးကင်းနေကြောင်း

မြင်ရသောအခါ ယင်ဖပလ္လင်ပေါ်မှ ပါရမီရှင်အားလုံးဟာ
အနည်းငယ် မတုံ့ပြန်နိုင်တော့ပေ။

ကျွင်းရှောင်ယောက်က
မရေမတွက်နိုင်သောလူများဖွင့်ချင်သော်လည်း
မဖွင့်နိုင်သောလမ်းကို ပြီးမြောက်စေခဲ့ပြီ ဖြစ်သည်။

ဤသတင်းသာ အင်မော်တယ်နယ်မြေကြီးကို
ရောက်သွားခဲ့လျှင် လှိုင်းများ
မည်မျှဖြစ်လာမလဲတောင်
ခန့်မှန်းနိုင်မည်မဟုတ်တော့ပေ။

မည်သို့ဆိုစေ ကျွင်းရှောင်ယောက်လုပ်ခဲ့သည်များက
အားလုံးထက် ပိုအံ့သြစရာကောင်းသည်။

အကြောင်းမူကား ဤအရာသည် အံ့ဖွယ်အမှုများ

ဖန်တီးရှုံသာမက ကမ္ဘာသစ်ကိုပင်
ဖွင့်လှစ်ပေးလိုက်သောကြောင့်ပင်။

ကျွင်းရှောင်ယောက်က သမိုင်းလမ်းကြောင်းကို
ပြောင်းလဲပစ်ရန်ပင် ဖြစ်နိုင်သည်။

"ဒီလမ်းကို သူဖောက်လုပ်နိုင်ခဲ့ပြီ"
ဤအခိုက်တွင် ဝမ့်ချွမ်ကိုယ်တိုင် မည်သို့ခံစားနေရမှန်း
မသိတော့ပေ။

မနာလိုမှု၊ လေးစားမှုနှင့် ချီးမွမ်းလိုမှု အရိပ်အမြွက်ပင်
ဖြစ်ပေါ်နေမိသည်။

ကျွင်းရှောင်ယောက်၏ တည်ရှိမှုက
ရှေးဟောင်းလူထူးဆန်းဖြစ်သော သူ၏အသိဉာဏ်ကို
ပြန်လည်ဆန်းသစ်စေပြီး ကိုယ်ပိုင်မလုံလောက်မှုနှင့်

အရေးမပါမှုကို နားလည်လာစေသည်။

ပုံမှန်ဆိုလျှင် ရှေးဟောင်းလူထူးဆန်းများ
မွေးဖွားလာသမျှ ကာလပတ်လုံး မျိုးဆက်သစ်၏
ပါရမီရှင်များကို လွှမ်းမိုးနိုင်သည်။

ယခုမူကား ကျွင်းရှောင်ယောက်ဟာ
ရှေးဟောင်းလူထူးဆန်းများလည်း
ပြိုင်ဘက်မကင်းကြောင်း သက်သေပြသွားခဲ့ချေပြီ။

ခေတ်များပြောင်းလဲသွားခဲ့ပြီ။

ကျိချင်းရီ၏ မျက်လုံးများလည်း
အရောင်ပြောင်းလဲသွားခဲ့သည်။
ကျွင်းရှောင်ယောက်က ဤလမ်းကို အမှန်တကယ်
လျှောက်လှမ်းနိုင်လိမ့်မည်ဟု မမျှော်လင့်ထားပေ။

ရှောင်မိုရှန်း၏ လှပသောမျက်လုံးများကတော့ ပို၍ပင် တောက်ပလာသည်။

ကျွင်းရှောင်ယောက်က တကယ်ကို ထူးချွန်လွန်းပေသည်။

ဤအရာက သူမကို ဤကမ္ဘာပေါ်တွင် ပြီးပြည့်စုံသော အမျိုးသားတစ်ဦး ရှိသေးပါလားဟု သိလာစေသည်။

ပင်ကိုယ်စွမ်းရည်၊ ခွန်အားနှင့် အသွင်အပြင်တို့သည် ၎င်းတို့၏မျိုးဆက်၏ အကောင်းဆုံးဖြစ်သည်။

ယခုဆိုလျှင် သူက အများဆိုင်လမ်းမှ ထွက်ခွာသွားပေပြီ။ အကယ်၍ သူသည် အနာဂတ်တွင် ကျဆုံးခြင်းမရှိပါက တာအိုကို

သက်သေပြပြီး အကန့်အသတ်မဲ့
ကောရာဇ်ဖြစ်လာနိုင်ချေရှိသည်။

ကျန်းလော့လီကတော့ အလွန်ပျော်ရွှင်ပြီး
ကျွင်းရှောင်ယောက်အတွက် ဂုဏ်ယူနေမိသည်။

ရီယုနှင့် ရန်ချင်းယင်၏ မျက်လုံးမှာလည်း
လေးစားမှုတို့ ပြည့်နှက်လာလေသည်။

ဤသည်မှာ သူတို့၏ သခင်၊ ခေတ်သစ်တစ်ခုကို
ဖွင့်လှစ်ပေးခဲ့သော တည်ရှိမှုဖြစ်သည်။

ကျွင်းရှောင်ယောက်၏နောက်ကို လိုက်နေလျှင်
အနာဂတ်တွင် ဘယ်လိုလုပ်ပြီး ကမ္ဘာ့ဘုရင်
မဖြစ်နိုင်မှာလဲ။

ကျွင်းရှောင်ယောက်ကတော့ တုန်လှုပ်နေသည့်
ထိုအကြည့်များကို ဂရုမစိုက်ပါ။

ယခုအချိန်တွင် သူက သူ့ကိုယ်တွင်းရှိ တာအိုကို
အာရုံစိုက်နေသည်။

ထိုမူလက စကြဝဠာ၏ မူလဖြစ်ပြီး သန့်စင်သော
ဖရိုဖရဲ စွမ်းအားများဖြင့် ပြည့်နှက်နေသည်။

ယင်းက ပြင်ပအရာများကို အားမကိုးဘဲ
ကျွင်းရှောင်ယောက်ကိုယ်တိုင်က ဆင်းသက်လာသော
စွမ်းအားတစ်ခု ဖြစ်သည်။

ကမ္ဘာ့မူလဆယ်ခုကလည်း ဤဆင့်ကဲဖြစ်စဉ်ကို

အထောက်အကူဖြစ်စေပေလိမ့်မည်။

"ဒီမူလက ငါ့ရဲ့လမ်းစကို ကိုယ်စားပြုတယ်။ အနာဂတ်မှာ၊ အဲဒါက နယ်ပယ်တစ်ခု၊ ကမ္ဘာငယ်နဲ့ ကြီးမားတဲ့ကမ္ဘာကြီးတစ်ခုအဖြစ် ပြောင်းလဲသွားလိမ့်မယ်"

ကျွင်းရှောင်ယောက်က တောက်ပသောမျက်လုံးဖြင့် ရေရွတ်လိုက်သည်။

ဤအချက်ကို ကျွင်းရှောင်ယောက်က နတ်ဘုရားများ၏ မူလ သို့မဟုတ် နတ်ဘုရားများ၏ လက္ခဏာဟု ခေါ်သည်။

ကူးပြောင်းရောက်လာသူအနေဖြင့် ကျွင်းရှောင်ယောက်သည် ဤအနည်းကိန်းသည် စကြာဝဠာ၏အစဖြစ်ပြီး အရာခပ်သိမ်း၏

ဆင့်ကဲဖြစ်စဉ် အရင်းအမြစ်ဖြစ်ကြောင်း
ကောင်းစွာသိပေသည်။

သူ၏ဒန်တျန်ရှိ နတ်ဘုရား၏မူလက စကြာဝဠာ၏
တစ်ခုတည်းသော ပုံသဏ္ဍာန်ဖြစ်ပြီး၊
သူ့ကိုယ်ပိုင်ကမ္ဘာ၏ အစမှတ် ဖြစ်သည်။

နတ်ဘုရား၏မူလ ဖွဲ့စည်းခြင်းသည်
ကျွင်းရှောင်ယောက်၏ ကျင့်ကြံခြင်းအခြေခံ၊
တာအိုနှင့် ပေါင်းစပ်နေသည်။ ၎င်းက သူ၏တာအိုနှင့်
လိုက်လျောညီထွေရှိကာ အောင်မြင်မှုမှာလည်း
သဘာဝအတိုင်း အလွန်ချောမွေ့သည်။

တာအိုပေါင်းစည်းခြင်းနယ်ပယ် အစောပိုင်းအဆင့်။

တာအိုပေါင်းစည်းခြင်းနယ်ပယ် အလယ်တန်းအဆင့်။

တာအိုပေါင်းစည်းခြင်းနယ်ပယ် နှောင်းပိုင်းအဆင့်။

တာအိုပေါင်းစည်းခြင်းနယ်ပယ် သေးငယ်သော
ပြီးပြည့်စုံခြင်း။

တာအိုပေါင်းစည်းခြင်းနယ်ပယ် ကြီးမားသော
ပြီးပြည့်စုံခြင်း။

ခဏချင်းမှာ ကျွင်းရှောင်ယောက်၏နယ်ပယ်က
တာအိုပေါင်းစည်းခြင်းနယ်ပယ် ကြီးမားသော
ပြီးပြည့်စုံခြင်းသို့ ချိုးဖြတ်ရောက်ရှိသွားချေပြီ။

ယင်းက သူ၏တာအိုနှင့်လည်း
လိုက်လျောညီထွေရှိသည့်အတွက်
ကျွင်းရှောင်ယောက်ဟာ  အလွန်ပြည့်စုံပြီဟု

ခံစားလိုက်ရသည်။

သူ၏စွမ်းအင်ကိုလည်း အကန့်အသတ်မရှိ
အသုံးပြုနိုင်ပေပြီ။

ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏
ရွှေရောင်ဝိညာဉ်ပင်လယ်သည် အလွန်ကျယ်ပြောပြီး
အစွမ်းထက်သော်လည်း တစ်ချိန်လုံး စားသုံးပါက
ကုန်ဆုံးသွားပြီး ပြင်ပကမ္ဘာ၏ ဝိညာဉ်စွမ်းအင်ကို
ပြန်လည်သန့်စင်ရန် လိုသည်။

ယခုမူကား မလိုအပ်တော့ပါချေ။

နတ်ဘုရား၏မူလကို နတ်ဘုရား၏
မူလစွမ်းအားဟုလည်း ခေါ်ဆိုနိုင်သည်။

ယင်းက အဆုံးမဲ့ စွမ်းအားပင်တည်း။

တစ်နည်းဆိုရသော် ကျွင်းရှောင်ယောက်၏စွမ်းအားက
ဘယ်တော့မှ ကုန်ဆုံးလိမ့်မည်မဟုတ်ပေ။

ထိုမျှသာမကဘဲ နတ်ဘုရား၏မူလတွင်
အထူးကြောက်စရာကောင်းသည့်
တန်ခိုးလည်းရှိသည်။

ယင်းက စကြဝဠာ၏ မူလ စွမ်းအားပင်။

ဤစွမ်းအားသည် အလွန်ကြောက်မက်ဖွယ်ကောင်းပြီး
ဆမ်ဆာရာစွမ်းအား၊ ရှေးဦး ဖရိုဖရဲစွမ်းအား...
စသည်တို့ထက် ပိုသန်မာသည်။

ဟုတ်ပေသည်၊ ဤစွမ်းအားက အစပျိုးအဆင့်မှာ ရှိနေပါသေးသည်။ သို့တိုင် ယင်းကပင် ကျွင်းရှောင်ယောက်အတွက် ကြီးမားသောကောင်းချီးကို ယူဆောင်ပေးရန် လုံလောက်သည်။

ကျွင်းရှောင်ယောက်ဟာ စကြဝဠာ၏မူလ စွမ်းအားကို တစ်စလောက်ကို စုဆောင်းထားလျှင်ပင် ကမ္ဘာကြီးကို သုတ်သင်ရှင်းလင်းပစ်ရန် လုံလောက်မည်ဟု ခံစားမိသည်။

စကြဝဠာ၏မူလစွမ်းအားသည် လက်ရှိအချိန်တွင် ကျွင်းရှောင်ယောက်၏ အကြီးမားဆုံးဗုက်ဖဲများထဲမှ တစ်ခုဖြစ်သည်။

"ချိုးဖြတ်ဖို့ အချိန်တန်ပြီ"
ကျွင်းရှောင်ယောက်က ခပ်တိုးတိုး ရေရွတ်လိုက်သည်။

တာအိုပေါင်းစည်းခြင်းနယ်ပယ် ကြီးမားသော ပြီးပြည့်စုံခြင်းသို့ ဖြတ်ကျော်ရုံမျှဖြင့် သူမကျေနပ်ပေ။

ကျွင်းရှောင်ယောက် အဆင့်မတက်ဘဲနေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် ဤတစ်ကြိမ်တွင် သဘာဝအတိုင်း နယ်ပယ်ကြီးတစ်ခု ချိုးဖြတ်ရုံမျှဖြင့် မကျေနပ်နိုင်ပေ။

ကျွင်းရှောင်ယောက်က ထိုရှီကေရာဇ်မီးကို တိုက်ရိုက် အသုံးပြုလိုက်သည်။

ဤရောင်စုံမီးမျိုးစေ့တွင်

ကောင်းကင်ကိုလောင်ကျွမ်းစေနိုင်မည့်
ကြောက်မက်ဖွယ်စွမ်းအားကို သယ်ဆောင်ထားသည်။

ဤသည်မှာ ဧကရာဇ်မီး၊ အမြင့်ဆုံးသော
ဧကရာဇ်မီးပင်တည်း။

ကျွင်းရှောင်ယောက်က ထိုရှီဧကရာဇ်မီးကို
တိုက်ရိုက်ဝါးမျိုပြီး သူ့ကိုယ်သူ
လောင်ကျွမ်းစေလိုက်သည်။

နီဗားနားနယ်ပယ်တွင် မီးမျိုးစေ့က
အလွန်အန္တရာယ်ကြီးသည်။

အကယ်၍ အခြားပါရမီရှင်များဆိုလျှင်
အဆင့်မတက်မီ ဆေးလုံး၊ ဆေးပင်နှင့်
အင်မော်တယ်ဆေးများကိုပင်

ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်ကတော့ လုံးဝဂရုမစိုက်ဘဲ ကြိုတင်ပြင်ဆင်မှုမရှိဘဲနှင့် နီဗားနားနယ်ပယ်ကို တိုက်ရိုက်စတင်လိုက်သည်။

တစ်နည်းဆိုရသော် သူ့အဖို့ ပြင်ဆင်ရန် လုံးဝမလိုအပ်ပါချေ။

"သူက နီဗားနားနယ်ပယ်ကို တိုက်ရိုက်သွားမလို့လား" ဝမ့်ချွမ်နှင့် အခြားသူများ အံ့သြသွားကြသည်။

ကျွင်းရှောင်ယောက်က အဆင့်ငါးဆင့်ကို ဆက်တိုက်ဖြတ်ကျော်ပြီး တာအိုပေါင်းစည်းခြင်းနယ်ပယ် ကြီးမားသော ပြီးပြည့်စုံခြင်းသို့ ရောက်ရှိခဲ့သော်လည်း ယခုအခါ

ထပ်မံ ဖြတ်ကျော်လိုနေသည်။

ထိုရောင်စုံမီးတောက်ကလည်း ဝမ်းချမ်းကို
ရင်တုန်ပန်းတုန် ဖြစ်စေသည်။

ယင်းက သာမန်မီးမဟုတ်ဘဲ
ကြောက်စရာကောင်းသည့် မီးဖြစ်ကြောင်း
သိသာထင်ရှားလှပေသည်။

ဤမီးလျှံသည် အလွန်အန္တရာယ်ကြီး၍
နီဗားနားနယ်ပယ်သို့ ချိုးဖြတ်ရာတွင် ကျဆုံးနိုင်ချေ
ဆယ်ကြိမ်တွင် ကိုးကြိမ် ရှိသည်။

ဟုတ်ပေသည်၊ နီဗားနားနယ်ပယ်သို့
ချိုးဖြတ်နိုင်လျှင်လည်း သာမန်လူများထက်
အဆများစွာ အစွမ်းထက်နိုင်သည်။

ဝမ့်ချွမ်နှင့် တခြားသူများက
ကျွင်းရှောင်ယောက်အတွက် ခက်ခဲလိမ့်မည်ဟု
တွေးနေချိန်တွင်...

နောက်ပေါ်လာသော မြင်ကွင်းကြောင့် သူတို့အားလုံး
အသက်ရှူရပ်လုနီးပါး အထိတ်တလန့်
ဖြစ်သွားပြန်တော့သည်။

စာစဉ် ( ၁၈ ) ပြီးပါပြီ။